
www.burmeseclassic.com

T H O E S A U N G

# သိုးဆောင်း

THE SANTS OF SUSPENSE



BURMESE CLASSIC .com

# ဝင်ခွင့်မရမြို့

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်၌ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး


သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၈၃၁၀၈၁၀

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၈၄၁၀၁၀

ထုတ်ဝေသူ
ဦးကျော်ဟင်း
ယုံကြည်ချက်စာပေ(မြဲ-၀၉၁၀)
အမှတ်၁၁၁၊၃၃လမ်း၊ကျောက်တံတား၊ရန်ကုန်။

ပုံနှိပ်သူ
ဦးကျော်စိန်၊ကျောက်စိမ်းပုံနှိပ်တိုက်
၁၇၁၊၃၃လမ်း၊ကျောက်တံတား၊
ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၀ ခုနှစ်၊ နိဝင်ဘာလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၈၀၀ ကျပ်

သိုးဆောင်း
(ဝင်ခွင့်မရှိ) / သိုးဆောင်း။ ရန်ကုန်၊
ယုံကြည်ချက်စာပေ၊ ၂၀၁၀
၁၇၅ - စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။
(၁) ဝင်ခွင့်မရှိ။


www.burmeseclassic.com

www.burmeseclassic.com

# I

မှိုင်းပြပြလရောင်မှတစ်ပါး အရာအားလုံး အလင်းပျောက်နေသည်။ တိုးဖော့ကျိုစယ်သယောင်နှင့် ဟားတိုက်လှောင်ပြောင်နေသော စိမ်းဖန့်ဖန့်လေပြည်အောက်မှာ ကောင်လေးတစ်ယောက် တိုးဖွဲ့ဖွဲ့ငိုရှိုက်နေပါ၏။

ခန္ဓာကိုယ်အနှံ့မှာလည်း ဖူးညိုပြာယောင်သော ဒဏ်ရာဒဏ်ချက်တွေနှင့် ခုနတုန်းက ရှာသားတွေ ဝိုင်းဝန်းကန်ကျောက်သွားကြခြင်းဖြစ်ပေသည်။ ရင်ထဲမှာလည်း ဝမ်းနည်းလိုက်သည်မှာတအား၊ အားငယ်လိုက်သည်မှာလည်း ဆိုဖွယ်ရာမရှိ။

ငါဟာဘာလဲ။ 'ချဉ်ဖတ်'ဆိုတဲ့ငါဟာ ဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com

သူ့ဘာသာသူ ရွံ့မုန်းနာကြည်းမိသည်။ ခပ်ဝေးဝေးဆီမှ မှိုင်းပြပြရွာလေးဆီသို့ နှမြောတသ လှမ်းငေးကြည့်နေမိရင်း ရင်ထဲမှာ ဝမ်းနည်းသည်ထက် ဝမ်းနည်းလာသည်။ ဝိုးတဝါးလရောင်ကတော့ ထိုရွာနှင့်ဆန့်ကျင်ဘက် အရပ်မျက်နှာဆီသို့ ထိုးကျပေးနေပါ၏။

ထိုစဉ်မှာပင် အေးစက်ပျော့ပျောင်းသော လက်တစ်ဖက်က သူ့ကျောပေါ်ကျလာသည်။ ပထမ ထိတ်လန့်သွားမိသော်လည်း လက်ဝါးပြင်ဆီမှ နူးညံ့သောခံစားမှုတစ်မျိုးကြောင့် နွေးထွေးသွားလိုပင် ခံစားလိုက်ရသည်။

"မင်းက ဝမ်းနည်းနေတာလား"

ဂရုဏာသံတစ်ခုနှင့်အတူ တစ်စုံတစ်ယောက် သူ့ရှေ့ရောက်လာပါ၏။

သူမော့ကြည့်လိုက်မိတော့ . . .

"ဩော် . . . "

ချေးအထပ်ထပ်ရစ်နေသော ဝတ်စုံရှည်ဖားဖား၏ လက်မောင်းအိုးကို ဟန်ကျပန်ကျ လှန်တင်လိုက်ပုံက ကြည့်လို့ပင်ကောင်းနေသေးပါ၏။ ပြည်ပြည်လေးထိုးကျနေသော လရောင်က အဖြူတစ်ဝက်စွန်းနေသော မျက်ခုံးထူထူနှင့် ပါးမြိုင်းမုတ်ဆိတ်ဖြူထွေးထွေးတို့ကို ခန့်ညားနေစေသည်။ စုသိမ်းချည်နှောင်ထားသော ဆံပင်ဖွေးဖွေးနှင့် ကျယ်ပြန့်သောနဖူးပြင်က နက်ရှိုင်းသည့်အသွင်ကို ဆောင်နေသည်။

သူမှတ်မိသည်။ အန်စာတုံးကစားစဉ်က သူ့ကို တရှိုက်မက်မက်ကြည့်နေသော အဘိုးကြီး။ ဘယ်သူဘယ်ဝါမှန်းမသိပေမဲ့ ဟန်ပန်နှင့်ဉပဓိရုပ်က လေးစားဖို့ကောင်းသည်။

"ဝမ်းနည်းတာကို တချို့လူတွေက ငိုကြွေးခြင်းရဲ့နိဒါန်းလို့ ပြောကြတယ်ကွ။ ဒီစကားဟာ အရမ်းမှားတယ်။ ပျော်ပြီးငိုတဲ့အငိုလည်း ရှိတာပဲလေ။ အခုမင်းငိုတာ ငါ့အထင်ပြောရရင်တော့ ပျော်ပြီးငိုနေတာပဲ"

ဒီအဘိုးကြီး ဘာတွေပြောနေမှန်း သူနားမလည်ပါ။ ဒါပေမဲ့ ..



"မဟုတ်တာဗျာ။ ကျွန်တော် ဝမ်းနည်းလို့ငိုနေတာဗျ"

ခပ်ဆတ်ဆတ်အော်လိုက်တော့ ထိုအဘိုးကြီးက ပြုံးသည်။

"ဟုတ်လို့လားကွ . . . သေချာစဉ်းစားကြည့်ပါဦး။ မင်း အဲဒီရွာကလူတွေကိုချစ်လား"

"မချစ်ဘူး"

"အဲဒီရွာကိုရောချစ်လား"

သူအနည်းငယ် စဉ်းစားလိုက်သည်။ နောက် . . .

"မချစ်ဘူး"

"ဒီရွာမှာရော ဆက်နေချင်လား"

ဒီတစ်ခါတော့ ချက်ချင်းပြန်ဖြေလိုက်သည်။

"မနေချင်ဘူး"

"အဖြေက ရှင်းနေပြီပဲ။ ကိုယ်မချစ်တဲ့ရွာ၊ ကိုယ်မနေချင်တဲ့ရွာမှာ မနေရလို့ မင်းငိုနေတာက ပျော်ပြီးငိုတဲ့အငိုပေါ့ကွ။ ဘယ်လိုလုပ်ဝမ်းနည်းပြီးငိုတဲ့အငိုဖြစ်မှာလဲ . . . မဟုတ်ဘူးလား"

သူဘာပြန်ပြောလို့ ပြောရမှန်းမသိအောင်ပင် ဖြစ်သွားသည်။ ဉာဏ်မီသလောက် စဉ်းစားကြည့်ပြန်တော့လည်း ဒီအဘိုးကြီးပြောတာဟုတ်နေပါ၏။

ဒါပေမဲ့ . . .

"မဟုတ်ဘူးဗျ။ ကျွန်တော့်ရင်ထဲမှာ မပျော်ဘူး။ ဝမ်းနည်းပြီးငိုတာပဲဖြစ်ပါလိမ့်မယ်ဗျာ"

"မင်း ပျော်တယ်ဆိုတဲ့အရသာကိုရော ခံစားဖူးလို့လား"

ဒါလည်း ဟုတ်နေပြန်သည်။ သုံးသိတတ်စအရွယ်မှ ယခုအချိန်အထိ ပျော်တယ်ဆိုတာကို သေချာမခံစားဖူး။ သူ့ဘဝက လူတကာအနှိမ်ခံ၊ အစွန့်ပစ်ခံဘဝပင် မဟုတ်ပါလား။ ဘယ်မှာ ပျော်စရာရှိမည်နည်း။

"မင်းရင်ထဲမှာ ဝမ်းနည်းစိတ်၊ အားငယ်စိတ်ဖြစ်နေတယ်ဆိုရင်တောင် အဲဒီစိတ်ကို တခြားရှုထောင့်ကနေ နေရာပြောင်းပြီးကြည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်။ ပုံစံပြောင်းသွားလိမ့်မယ်။ လောကကြီးမှာ အကောင်းနဲ့အဆိုးက အမြဲဒွန်တွဲနေတာကွ။ နောက်ပြီး အဲဒီနှစ်ခုက နီးနီးလေး။ ကြည့်တတ်ဖို့ပဲလိုတာ"

ဘာတွေပြောနေမှန်း သူမသိပါ။ နားထောင်ကောင်းသလိုလို တော့ရှိသည်။

"မင်းကို ရွာသားတွေဝိုင်းပြီး ကန်ကျောက်နေကတည်းက ငါ မြင်နေတာကွ။ ဒါပေမဲ့ ငါလည်းမြင်ရက်နဲ့ ဘာမှုမတတ်နိုင်ဘူး။ မင်းက လည်း မင်းပဲ။ ဘာကိစ္စရွာပျက်မယ်လို့ သွားပြောရတာလဲ"

"ကျွန်တော်ပြောချင်လို့ ပြောတာမဟုတ်ဘူးဗျ။ သူ့ဘာသာ အလိုလို ပါးစပ်ကထွက်သွားတာ။ ကျွန်တော်လည်း မတတ်နိုင်ဘူး။ စိတ် ထဲကမပါပဲ။ ဘာကိစ္စ အဲလို ပြောပြောထွက်သွားမှန်းလည်း မသိဘူး"

ထိုအဘိုးကြီးက သူ့ကို ထူးဆန်းသလိုကြည့်သည်။

"မင်း အဲလိုပြောလိုက်တိုင်းလည်း တကယ်ဖြစ်လာတာပဲလား"

"ကျွန်တော် မှတ်မိသလောက်ကတော့ ဖြစ်တာများပါတယ်"

သက်ပြင်းတစ်ချက်ချရင်း အဘိုးကြီးကိုကြည့်မိတော့ သူ့ကို ကြည့်နေသော အကြည့်တစ်ခုနှင့် သွားဆုံသည်။

"အေးပေါ့ကွာ . . . ဒါလည်း အဆိုးထဲက အကောင်းပဲပေါ့"

"ဘာကို ပြောတာလဲဗျ"

သူ့စကားကြောင့် အဘိုးကြီးက သူ့ကို ငုံ့ကြည့်ရင်း . . .

"ခုန မင်းအခြေအနေက အဆိုးထဲမှာလေ။ ရွာသားတွေ ဝိုင်း ပြီးကန်ကျောက်နေကြတာ။ ဒါပေမဲ့ အခုတော့ ကောင်းသွားပါပြီ"

"ဘယ်လိုကောင်းတာလဲဗျ။ ကျွန်တော့်မှာ သွားစရာလည်းမရှိ ဘူး။ နေစရာလည်း မရှိဘူး။ စားစရာလည်း မရှိဘူး"

"မင်းမှာ သွားစရာရှိပါတယ်။ ငါနဲ့လိုက်ခဲ့ရင် ငါသွားသမျှက မင်းသွားစရာတွေချည်းပဲပေါ့"

"ဘကြီးနဲ့လိုက်ရမယ်"



အဘိုးအရွယ်ဖြစ်သော်လည်း ဘကြီးလို့ပဲခေါ်လိုက်သည်။

"အေးလေ . . ."

"ဒါဆို နေစရာကရော ဘကြီးက ဘယ်မှာနေတာလဲ"

သူ့အမေးကြောင့် အဘိုးကြီးမှာ ဟက်ဟက်ပက်ပက် ရယ်ပါ တော့၏။

"ဟောဒီ ကမ္ဘာလောကကြီးတစ်ခုလုံးက ငါ့အိမ်ပဲပေါ့ကွ။ ဟား ဟား . . . ဟား . . . ဟား"

"စားဖို့ကျတော့ ဘယ်လိုလုပ်မလဲ"

"ဒါလည်း မခက်ပါဘူးကွာ။ တောင်းစားတာပေါ့"

"ဗျာ . . . တောင်းစားမှာ"

"ဟုတ်တယ်လေ . . . ငါ အဲဒီအလုပ်လုပ်ပြီးတော့ပဲ ဒီအရွယ် ရောက်လာတာ"

"ဒါဆို ဘကြီးက သူတောင်းစားပေါ့"

"မဟုတ်ပါဘူးကွ။ လိုတရပုဂ္ဂိုလ်ပါ။ လိုသမျှကို တောင်းခံနေ ရနေတဲ့လူလေ"

"ဟာဗျာ . . . သူတောင်းစားကြီးတော့ မလုပ်ချင်ပါဘူး"

ခေါင်းကို ခပ်သွက်သွက်ခါယမ်းရင်း ပြောလိုက်သည်။

"ဟေ့ကောင်ရ . . . သူတောင်းစားဆိုတာ လူတိုင်းလုပ်လို့ရတာ မဟုတ်ဘူး။ လူပေါ်လူဇော်တွေပဲ လုပ်လို့ရတာ"

"တောင်းစားတာက လူပေါ်လူဇော်လုပ်တာလားဗျ"

"ဒါပေါ့ကွ။ ဘာမှမဟုတ်ပဲ အလုပ်လုပ်တဲ့လူတွေဆီက လက် ဖြန့်တောင်းတာ ဒီထက် လူပေါ်လူဇော်လုပ်တာ ရှိဦးမလား"

သူ တွေဝေသွားသည်။ ဒီအဘိုးကြီးပြောတာ ဟုတ်များဟုတ်နေ ပြီလား။ သူ့ဟာနှင့်သူကတော့ အကြောင်းပြချက် ခိုင်လုံနေသည်။

တွေဝေနေသောသူ့ပုံစံကိုကြည့်၍ အဘိုးကြီးကထပ်ခွန့်သည်။

"ကဲ . . . ဘယ်လိုလဲ။ မင်းတစ်သက်လုံး ပင်ပင်ပန်းပန်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

အသက်မွေးမလား။ ငါနဲ့လူပေါ်လူဇော်လိုက်လုပ်မလား။ ငါနဲ့လိုက်မယ်ဆိုရင်တော့ မင်းငါ့ဆီက လူပေါ်လူဇော်လုပ်နည်းအပြင် တခြားပညာတွေအများကြီးရမယ်။ မင်းတတ်ချင်တာတွေကိုလည်း သင်ပေးမယ်"

"ဘာပညာတွေရမှာလဲ"

"ဒါကတော့ လိုက်ကြည့်မှသိမှာပေါ့"

စကားသံတို့မှာ ခေတ္တဆိတ်ငြိမ်သွားလေသည်။ ဆင်ဆွယ်ရောင်မှောင်တော့တော့ကောင်းကင်မှာ ပိတောက်ရောင်ကြယ်လေးတွေပင် မှိတ်ချည်ပွင့်ချည် ကစားနေကြသည်။ ဆောင်းနိုင်ငံတချို့ကတော့ သူတို့နှစ်ဦး၏စကားသံကို တိတ်တဆိတ်နားထောင်နေကြသည်ဟု ထင်မိသည်။

သူဘာလုပ်ရမလဲ။ အခု လောလောဆယ်မှာက သူ့တွင် နေစရာမရှိ၊ စားစရာမရှိ။ ဒီအဘိုးကြီးနှင့်လိုက်သွားလျှင်ကော . . .

အခုမှဆုံတွေ့ရသော်လည်း ဒီအဘိုးကြီးကို သူလေးစားသလို၊ ကြည်ညိုသလို စိတ်က အလိုလိုဖြစ်နေမိသည်။ သူ့ဦးနှောက်နှင့် ဉာဏ်စမီသော်လည်း ဒီအဘိုးကြီးပြောသည့်စကားတွေက ပေါ့ပျက်ပျက်မဟုတ်ကြောင်း ခံစားမိသည်။ ပညာရှိဆိုတာ ဘယ်လိုဘယ်ပုံဆိုတာတော့ သူမမြင်ဘူး။ ဒါပေမဲ့ ဒီအဘိုးကြီးက သူ့စိတ်ထင် ပညာရှိတစ်ယောက်ဖြစ်နိုင်သည်ဟု ယုံကြည်နေမိသည်။

ထိုစဉ်၌ပင် ခပ်လှမ်းလှမ်းမှကြားရသော ကြက်တွန်သံတစ်ခုနှင့်အတူ . . .

"ပြီးရောဗျာ . . . ကျွန်တော် ဘကြီးနဲ့လိုက်ခဲ့မယ်"

သူ့အဖြေစကားကြားရတော့ အဘိုးကြီးက နှစ်နှစ်ခြိုက်ခြိုက်ပြုံးပါသည်။ ပြီး ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း . . .

"ဒီလိုပဲ ဖြစ်ရမှာပေါ့ကွာ။ ဒါနဲ့ မင်းနာမည် ဘယ်လိုခေါ်လဲ"

"ချဉ်ဖတ်"

အဘိုးကြီးမျက်နှာ မီးဟပ်ခံလိုက်ရသလို တွန့်ခနဲ မဲ့ရွဲ့သွားပါ၏။



နောက် စူးစူးဝါးဝါး သူ့ကိုကြည့်ရင်း . . .

"အောက်တန်းစားနာမည်ပဲကွ။ အရမ်းနိမ့်ကျတယ်။ ငါနဲ့လိုက်မယ်ဆိုရင်တော့ မင်းနာမည်ကို အရင်ပြောင်းမှဖြစ်မယ်"

သူ ငြိမ်၍ နားထောင်နေလိုက်သည်။ အမှန်တကယ် သူလည်း ဒီနာမည်ကိုမကြိုက်ပါ။ ဒါပေမဲ့ မွေးကတည်းက သူ့မှာ နာမည်သတ်သတ်မှတ်မှတ်မရှိ။ 'ချဉ်ဖတ်'ဆိုသောနာမည်မှာ ရွာသားတွေ ဝိုင်းဝန်းခေါ်ဆိုရာမှ အမည်တွင်လာခြင်းဖြစ်ပါသည်။

"မင်းအသက် ဘယ်နနှစ်လဲ"

"ဆယ့်သုံးနှစ်"

နောက် အဘိုးကြီးက ကောင်းကင်ကိုမော့ကြည့်ရင်း တည်ငြိမ်စွာ တိတ်ဆိတ်သွား၏။ အတန်ကြာမှ ပါးစပ်က တစ်လုံးချင်းရွတ်ကာ–

"ဒီနေ့ ဗုဒ္ဓဟူးနေ့ . . . အသက်က ဆယ့်သုံးနှစ် . . . ဆိုတော့ . . . ဝိုဒင် . . . ဟုတ်တယ် . . . ဝိုဒင်။ မင်းနာမည်ကို ငါ 'ဝိုဒင်' လို့ပြောင်းပေးမယ်"

"ဘာလဲဗျ . . . ဝိုဒင်"

အဘိုးကြီးပြောတဲ့နာမည်က သူ့နားထဲသို့ ကန့်လန့်ကြီးတိုးဝင်သွားသည်။

"ဒါတွေ မင်းနောက်တော့ နားလည်လာမှာပါ။ အခုလောလောဆယ်တော့ ဝိုဒင်လို့ပဲ မှတ်ထားလိုက်။ နောက်ပြီး မင်း ဘာဝါသနာပါလဲ"

သူ တစ်ချက်စဉ်းစားလိုက်သည်။ အမှန်က စဉ်းစားစရာဝင်မလိုပါ။ သူ့သွေးသားထဲမှ ဖြစ်တည်နေသော အရှိန်အဟုန်ပြင်းသည့် ဝါသနာ၊ ဗီဇပိုးကို သူသိသည်။

နောက် အဘိုးကြီးအား သေချာစူးစိုက်ကြည့်လိုက်ကာ သူ့နှုတ်မှ တစ်လုံးချင်း . . .

"ကဗျာ . . ."



www.burmeseclassic.com

www.burmeseclassic.com

တွန်းလှည်းကြိတ်သံ တဂျိဂျိ
ခြေသံရှပ်ရှပ်
ဆေးဝါးရနံ့ ၊ ငိုကြွေးနံ့တွေနှင့်
အဖြူရောင်ဝတ်စုံတွေကြား
အသက်ရှုပိုက်ကို ရှိုက်ရင်းနဲ့ငါ
မသေဆုံးပါရစေနဲ့။

ငါကိုယ်တိုင်မြင်နေရတဲ့ ငါ့ခန္ဓာကို
ဘယ်သူတစ်ဦးတစ်ယောက်မှ
မျက်ရည်ပိတ်ဖြူ မအုပ်စေနှင့်
သူ့ဘာသာ လွတ်လပ်ပါစေ။



လွန်စွာ သန့်ရှင်းကြယ်စင်သော
ငါ့ဖခင်ဘုရားသခင်က ငါ့ပေါ်မိုး၍
ကောင်းချီးပေးလိမ့်မည်။
သင်တို့လည်း နာယူပါ
သတိ . . . မငိုပါနဲ့။

ငါ့အသားအရိုး ၊ အဖြူရောင်သွေးတွေနဲ့
သန့်ရည်တွေထည့်ဖို့
အနက်ရောင် သေတ္တာရှည်တစ်လုံး
မဝယ်ပါနဲ့
အနက်ရောင်ကို ငါမုန်းတယ်။

ခေါင်းတလားထဲ ပန်းတွေထည့်ပြီး
ငါနဲ့အတူ လောင်ကျွမ်းမပစ်လိုက်ပါနဲ့
ပြာအိုးယူဖို့ မမျှော်ပါနဲ့
သံစားမီးက ငါ့အသားကို မဝါးနိုင်ဘူး။

ဝါးစိမ်းနက်နက်ကို ခြောက်ကွက်ယက်ပြီး
မြစ်ဆုံမြစ်ခွ မျှောမချလိုက်ပါနဲ့
အပြစ်မဲ့တဲ့ရေကို သနားပါ။
ငါ့ကိုခေါ်သွားမယ့်လေကို အားနာပါ။
ငါ့ခန္ဓာက စစ်ချမယ့် အရည်နဲ့
အနံ့ကို ငါတာဝန်မယူနိုင်ဘူး။

အရယ်အပြုံးတွေကင်း
ဝမ်းနည်းမှုနဲ့ ငိုကြွေးမှုတို့မရှင်သန်တဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com

ထာဝရမဖြစ်တည်တဲ့ နေရာမှာပဲ
ငါ့ခန္ဓာတစ်ကိုယ်စာကို တူးဆွယက်ဖော်ပေးပါ။

ငါ့ခေါင်းတည့်တည့်ကို နေမင်းဖုံးတဲ့အချိန်
လေအေးတစ်ချက် ဝှေ့ဝိုက်တဲ့အချိန်
အဲဒီအချိန်မှာ အားလုံးပြုံးရယ်ရင်း
ငါ့ကို မြေဖို့ပေးကြပါတော့

ပြီးတော့ . . .
ခနော်ခနဲ့ မှတ်တိုင်အစား
ငါ့နှလုံးသားတည့်တည့်ပေါ်
သစ်ရာတစ်ပင်လောက် စိုက်ပေးလျှင်ဖြင့်
သင်တို့တာဝန် ကျေပါပြီ
. . . တာဝန်ကျေပါပြီ။

မတည်မြဲတဲ့ ငါ့ခန္ဓာကို တည်မြဲသယောင်ထင်တဲ့
မြေထုထဲသို့ပဲ
တိုးဝှေ့ပစ်လိုက်တော့မယ်ကွယ် . . .
ငါ့ကို    ခွင့်လွှတ်ကြပါ . . .
          ခွင့်လွှတ်ကြပါ . . .
          ခွင့်လွှတ်ကြပါ . . .

နှုတ်ဆက်ခဲ့ပါတယ် . . .



နောက်ပြီး မင်းတို့အားလုံးကိုလည်း
ငါစောင့်နေမယ်
မင်းတို့ အခု မမြင်နိုင်သေးတဲ့
တစ်နေရာမှာပေါ့ . . .

သွားပြီ၊
ထာဝရ ထွက်ခွာသွားပြီ၊
ငါ့ကို လက်ခုပ်လက်ဝါးတီးပြီး အားပေးကြပါ။

ကမ္ဘာသစ်တစ်ခုခုမှာပဲ
ပြန်တွေ့ကြတာပေါ့နော် . . .
ဟုတ်တယ်မလား
အဲဒီရောက်မှ တွေ့ကြမယ်။

ကမ္ဘာဦးလူသားတွေအနေနဲ့ပေါ့ . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## II

"ဟာ . . . မိုး . . . မိုး . . . မိုးတွေရွာတော့မယ်"

ဝုန်းခနဲ ထထိုင်လိုက်သောအရှိန်ကြောင့် ဇရပ်အိုချည့်နဲ့နဲ့မှာ ယိမ်းထိုးလှုပ်ယမ်းသွားသည်။ တလုပ်လုပ်ခုန်နေသော ရင်ဘတ်ကိုဖိရင်း ဆောမှ 'လုခ်'အဘိုးအိုကို ကြည့်မိတော့ . . .

တိုင်ကိုမှီထိုင်ရင်း မျက်လုံးမှေးဆင်းကာ သူ့ကိုကြည့်နေသည်။

"အိပ်မက်မက်နေတာလား"

လုခ်အဘိုးအိုက တည်ငြိမ်စွာမေးသည်။

"ဟုတ်တယ် ဘကြီး။ ကျွန်တော့်အိပ်မက်ထဲမှာ မိုးတွေရွာနေတယ်"



နာမည်သည် 'ကော့လုခ်' ဖြစ်ကြောင်းသိသော်လည်း ခေါ်တတ်၍ ဘကြီးဟုသာ သူ လွယ်လွယ်ခေါ်သည်။

"အဲဒါကြောင့် မင်း မိုးတွေရွာတော့မယ်လို့အော်ရင်း ထထိုင်တာကိုး။ ငါလည်း ကြယ်တွေနေရာပြောင်းကုန်လို့ ထူးဆန်းတယ်ဆိုပြီး ကြည့်နေတာကွ။ အခုမှ သဘောပေါက်တော့တယ်။ အင်း . . . မင်းပြောသလို များ မိုးရွာလာရင်တော့ ငါ့လက်တစ်ဖက်က အအေးမိဦးမှာပေါ့။ ဒါနဲ့ ဝိုဒင် . . . မင်းညနေတုန်းက အမှိုက်ပုံးနားကကောက်လာတဲ့ ခေါက်မီး လေး ခဏပေးစမ်းပါ"

ချဉ်ဖတ်ဟူသောနာမည်ကို ဖျောက်၍ လုခ်အဘိုးအိုက သူ့ကို ဝိုဒင်ဟုနာမည်ပေးထားသည်။ ဗုဒ္ဓဟူးနေ့တွင် သူတို့နှစ်ဦးဆုံတွေ့ကြသည့်အတွက် ဝိုဒင်ဟုပေးထားခြင်းဖြစ်ပါ၏။ ဗုဒ္ဓဟူးနေ့သည် ဝိုဒင် နတ်ဘုရား၏နေ့ဖြစ်ကြောင်းကိုလည်း ပြောသည်။

လုခ်အဘိုးအိုကိုသာ ဘကြီးဟု နှုတ်ကျိုးရသော်လည်း သူကတော့ ဝိုဒင်ဟူသောနာမည်ဖြင့် အသားကျနေပြီဖြစ်သည်။

ခေါင်းရင်း၌ထောင်ထားသော လွယ်အိတ်ပုလေးထဲသို့လက်နှိုက်၍ ရှာလိုက်သည်။ အမှိုက်ပုံးနားမှာတွေ့သဖြင့် လှသည်ကတစ်ကြောင်း မီးမှိန်မှိန်လင်းသေးသည်ကတစ်ကြောင်းတို့ကြောင့် ယူလာခဲ့ခြင်းဖြစ်၏။

"ရော့ . . . "

လွယ်အိတ်ထဲမှ နှိုက်၍ပေးလိုက်သည်။ လုခ်အဘိုးအိုက လှမ်းယူကာ မှောင်ထဲမှာပင် ခေါက်မီး၏ပုံသဏ္ဍာန်ကို ပွတ်ထိမှန်းဆရင်း . .

"မင်းခေါက်မီးက အကောင်းစားပဲကွ"

ဟုပြော၏။ နောက် အဘိုးအိုက ခလုတ်ဖွင့်၍ အဝတ်လွှတ်နေသော သူ၏ခြေသလုံးနှစ်ဖက်ကို ထိုးကြည့်လိုက်ရာ . . .

အားပါး . . . လုခ်အဘိုးအို၏ခြေသလုံးတွင် ကုတ်ဖဲ့သွေးစုပ်နေကြသောခြင်မည်းတွေ နည်းနည်းနောနောမဟုတ်။

သူ ကြက်သီးများပင်ထသွားရပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ခြင်တွေအများကြီးပဲ။ ကျွန်တော်ရိုက်လိုက်မယ်"

ပြောပြောဆိုဆို မြောက်တက်သွားသော သူ့လက်တစ်ဖက်အား လုခ်အဘိုးအိုက ဆတ်ခနဲလှမ်းဆွဲရင်း . . .

"မရိုက်ပါနဲ့ကွာ။ ငါ တမင်ထားထားတာ။ သူတို့ကို လေးစားလို့"

"ဗျာ . . . "

ဝိုဒင် နားမလည်နိုင်အောင်ဖြစ်သွားသည်။ လုခ်အဘိုးအိုက တည်ငြိမ်စွာ ဆက်ပြောပါ၏။

"အမှန်အတိုင်းပြောရရင် တချို့လူတွေထက် ခြင်တွေကပိုပြီး လေးစားဖို့ကောင်းတယ်။ ပိုပြီးရဲရင့်တယ်ကွ။ ဘာဖြစ်လို့လဲ သိလား"

သူ ခပ်သွက်သွက် ခေါင်းယမ်းပြလိုက်တော့ . . .

"ဟောဒီလောကကြီးမှာ တစ်ဝမ်းတစ်ခါးအတွက် အသက်နဲ့ရင်းပြီး ရှာဖွေရတဲ့လူ မရှိသလောက်ရှားတယ်။ ဒါပေမဲ့ ခြင်တွေကတော့ တစ်ဝမ်းတစ်ခါးအတွက် အသက်ကိုတောင် လောင်းကြေးထပ်ရတာကွ"

လုခ်အဘိုးအိုက ဓာတ်မီးဖြင့် ခြေသလုံးကိုထပ်ထိုးပြရင်း ဆက်ပြောသည်။

"အခုနေအချိန် ငါ တစ်ချက်ရိုက်လိုက်ရင် ခြင်ဆယ်ကောင်ထက်မနည်း သေသွားနိုင်တယ်။ အရိုက်ခံရတာနဲ့ သူတို့ကိုယ်သူတို့ သေမယ်ဆိုတာလည်းသိတယ်။ ဒါပေမဲ့ သူတို့ ဂရုမစိုက်ဘူးနော်။ သူတို့ရဲ့ ဦးတည်ချက်၊ ရည်ရွယ်ချက်အတွက် အသက်ကိုတောင် ထပ်ကြေးတင်ပြီး သွေးစုပ်ရဲတယ်။ ကဲ . . . ဘယ်လောက်လေးစားဖို့ကောင်းလဲ"

လုခ်အဘိုးအိုနှင့် နေလာခဲ့သမျှကာလပတ်လုံး ကြားရသမျှ စကားတွေထဲမှာတော့ ဒီစကားလေးကို သူတော်တော်ကြိုက်သွားသည်။

ဟုတ်ပေသားပဲ။ ရည်ရွယ်ချက်အောင်မြင်ဖို့ တိရစ္ဆာန်တောင် အသက်စွန့်ရဲသည်လေ။ ခြင်တွေရဲ့ရည်ရွယ်ချက်က သွေးစုပ်ဖို့ဆိုရင် သူတို့၏ ရည်ရွယ်ချက်ကရော ဘာလဲ။



လုခ်အဘိုးအိုနှင့်တွဲ၍တော့ တတ်နိုင်သမျှ ရည်ရွယ်ချက်အောင်မြင်အောင် ကြိုးစားခဲ့သည်။ လုခ်အဘိုးအိုရည်ရွယ်ချက် ပြည့်ဝခဲ့သည်လားသူမသိ။ ဒါပေမဲ့ သူကတော့ လုခ်အဘိုးအို၏ကျေးဇူးကြောင့် ရည်ရွယ်ချက်ပြည့်ဝခဲ့သည်။

ဝိုဒင် သက်ပြင်းကိုချရင်း အင်္ကျီအိတ်ကပ်ကို စမ်းမိ၏။ ထူထဲထဲစက္ကူခေါက်ကလေးကတော့ ယခုအချိန်အထိ ပုံစံမပျက်ရှိနေသည်။ သူ့စိတ်ကိုဖြေလျှော့ရင်း ပြန်လှဲချလိုက်သည်။ ပြီးတော့ . . .

ရည်ရွယ်ချက် . . .

နောက် ခြင်၊

အသက်စွန့်တာ . . .

ကြယ်ရောင်တောက်သော ပတ်ဝန်းကျင်က မကြာခင်မှာဘဲ ပုပ်သိုးရင့်ရော်လာပါတော့သည်။

• • •

အေးစက်ထူးခြားသောခံစားမှုက သူ့ခန္ဓာကိုယ်ထဲသို့ စိမ့်ဝင်လာသလို ခံစားရသည်။ ဝိုဒင် ကမူးရှူးထိုး ထထိုင်လိုက်ပါ၏။

"ဒိန်း"

ဝင်းခနဲလက်သွားသော လျှပ်စီးတစ်ချက်နဲ့အတူ မိုးခြိမ်းသံကိုပါ ကြားလိုက်ရသည်။ အပြင်မှာ မိုးရွာနေပေပြီ။ ထို့အတွက်ကြောင့် အေးစိမ့်စိမ့်အစိုဓာတ်ကို ခံစားနေရခြင်းဖြစ်ပါ၏။ လုခ်အဘိုးအိုကတော့ အရာအားလုံးသည် သူနှင့်မဆိုင်သည့်အလား သိမ်မွေ့စွာ အိပ်မောကျနေသည်။

"ဒိန်း"

လျှပ်ပြက်သွားပြန်သည်။ ဓာတ်ပုံရိုက်သလို ဖျတ်ခနဲလင်း၍ ဖြတ်ခနဲပျောက်သွားသော အလင်းပျောက်အောက်မှ ပတ်ဝန်းကျင်မှာ—



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . ."

သူ့မျက်လုံးနှစ်လုံး ပြူးကျယ်သွားသည်။ တစ်ဆက်တည်း မဖြစ်နိုင်ဘူးဟူ၍လည်း ထင်မိပါ၏။ နောက် အေးစိမ့်စိမ့်ခံစားမှုကြောင့် ဆန့်ထားသော ခေါင်းကို ညွတ်ကွေးလိုက်ရင်း နောက်တစ်ခေါက် လျှပ်တစ်ပြက်ကို ရင်တမမစောင့်ခိုက် . . .

လင်းခနဲ တစ်ချက်ဝင်းသွားစဉ် . . .

ဒီတစ်ခါတော့ သေချာပေပြီ။ ဟုတ်သည်။ အမြင်မမှားတော့။

"ဘကြီး . . . ဘကြီး . . . ထဦး။ ဟိုမှာ ကျွန်တော်တို့ဆီကို လူနှစ်ယောက်လာနေတယ်"

ပြောလည်းပြော၊ လက်ကလည်း လှုပ်နှိုးလိုက်သည်ကြောင့် ဆန့်မောစွာလှဲနေရာမှ လုခ်အဘိုးအိုထထိုင်သည်။

လင်းခနဲ လျှပ်အပြက် . . .

သူတို့ရှိရာဇရပ်နှင့် လွန်စွာနီးကပ်နေသော လူနှစ်ယောက်။

လုခ်အဘိုးအိုက အိတ်ကပ်ထဲမှ မီးခြစ်ဟောင်းလေးတစ်လုံးအား ထုတ်ရင်း တတောက်တောက်မီးခြစ်ပါ၏။ ဒါပေမဲ့ လုခ်အဘိုးအို၏ညာဘက်လက်မှာ တံတောင်ဆစ်မှ လက်ဖျားထိ ရေစိုနေသည့်အတွက် မီးခြစ်မှာ မီးမပွင့်နိုင်ပဲရှိသည်။ ထို့ကြောင့် မီးခြစ်ကို လက်ပြန်ပြောင်းရင်း ဆယ်ခါလောက်ခြစ်ပါမှ မီးတောက်ကလေးမှာ လွင့်ခနဲ တက်လာ၏။

ပြီးတော့ ခေါင်းရင်းရှိ ပစ္စည်းအဟောင်းအမြည့်များကြားမှ ဖယောင်းတိုင်သေးသေးလေးကို ရှာယူကာ မီးညှိသည်။ နောက် ဖယောင်းတိုင်ကို လေလုံသောတိုင်အကွယ်တွင် စိုက်ထူရင်း . . .

"ဧည့်သည်ကတော့ ရောက်လာပြီ။ ဧည့်ဝတ်ကျေဖို့ပဲလိုတယ်"

လုခ်အဘိုးအိုပြောပြီး မကြာလိုက်ပါ။

"အထဲမှာ လူရှိလားမသိဘူးခင်ဗျ။ ကျွန်တော်တို့ ခရီးသွားတွေပါ။ ခဏလောက် မိုးခိုချင်လို့ပါ"

"ဝင်ခဲ့ပါ . . . ဝင်ခဲ့ပါ . . . ကျုပ်တို့လည်း လှမ်းမြင်ကတည်းက



ခင်ဗျားတို့ကိုစောင့်နေတာ"

လုခ်အဘိုးအို၏ဖိတ်ခေါ်သံအဆုံး၌ လူနှစ်ယောက်မှာ ဇရပ်တွင်းသို့ ဝင်ရောက်လာပါသည်။ အနီးရောက်မှကြည့်မိတော့ ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်ဖြစ်သည်။ အသက်မှာလည်း သိပ်မကြီးလှသေး။ အများဆုံးရှိမှ နှစ်ဦးစလုံး နှစ်ဆယ့်ငါးဝန်းကျင်လောက်သာရှိဦးမည်။

ဒါပေမဲ့ သူတို့နှစ်ဦးပုံစံက ကျောမလုံသလို၊ သူတို့နောက်မှာဝဲကြောက်မက်ဖွယ်တစ်စုံတစ်ရာ လိုက်ပါလာသလို ထိတ်လန့်စိုးရွံ့ဟန်တွေပေါ်နေပါ၏။ မိန်းကလေးမှာ ယောကျ်ားလေးလက်မောင်းကို အားကိုးတကြီးဆွဲကိုင်ထားသည်။ အတော်ကြီးကို စိုးရွံ့နေဟန်ရှိသည်။ နှစ်ဦးစလုံးပင် ချောမောလှပကြ၍ လိုက်ဖက်သည်ဟု ထင်မိ၏။

"ဘယ်ကလာလို့ ဘယ်ကိုသွားကြမှာတုံးကွဲ့"

လုခ်အဘိုးအိုက အနေခက်မည်စိုးသဖြင့် စကားစပေးသည်။ ထိုစကားကြောင့် နှစ်ဦးစလုံးမှာ ပိုလို့ပင် အနေခက်သွားသလိုရှိပါ၏။ အားတုံ့ထစ်,အသေသာပုံစံကိုယ်စီဖြင့် စကားစရှာမရသလိုဖြစ်နေရင်းမှ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ယောကျ်ားလေးကအရင် သက်ပြင်းချသည်။

ပြီးတော့ အားမပါသလို လုခ်အဘိုးအိုအားပြန်ကြည့်ရင်း . . .

"အမှန်အတိုင်းပြောရရင်တော့ ကျွန်တော့်တို့ချစ်သူနှစ်ယောက် ထွက်ပြေးလာကြတာပါ"

လုခ်အဘိုးအိုကတော့ သိထားပြီးသားကိစ္စတစ်ခုကို ကြားလိုက်ရသလိုမျိုး တည်တည်ငြိမ်ငြိမ် ခေါင်းညိတ်ပါ၏။ သူကတော့ ထွက်ပြေးလာကြတာဟူသောစကားကို အနည်းငယ်ထူးဆန်းသလိုရှိသည်။

"ကျွန်တော့်နာမည်က ဖိနိုပါ။ သူကတော့ ဂျူဂျူးပါ။ ကျွန်တော်တို့နှစ်ယောက်လုံး လူးကပ်(စ်) (Lucus) မြို့က ထွက်ပြေးလာကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . (Lucus). . . ကြားဖူးတယ်၊ ကြားဖူးတယ် . . အများကြီးတိုးတက်နေတဲ့မြို့ပဲ။ ကျုပ်လည်း ငယ်ငယ်တုန်းက တစ်ခေါက် ရောက်ဖူးပါတယ်။ ဒါပေမဲ့ အခုလောက်တော့ မတိုးတက်သေးဘူး။ ဒါနဲ့ မောင်ရင်တို့နှစ်ယောက်က ထွက်ပြေးလာကြတာဆိုတော့ တစ်စုံတစ်ရာ အနှောင့်အယှက်ရှိတယ် မှတ်တယ်"

လုခ်အဘိုးအို၏ ထင်မြင်ချက်ကို ဓီနီခေါ်သူ ယောကျာ်းလေးက ခေါင်းညိတ်ရင်း တိုးတိုးဆိုသည်။

"ဟုတ်ပါတယ် . . . ကျွန်တော့်ကို ဂျူဂျူးအသိုင်းအဝိုင်းက လက်မခံပါဘူး။ အဓိကကတော့ ဂျူဂျူးအစ်ကိုတွေပါပဲ။ လက်မခံလည်း လက်မခံချင်လောက်အောင် ကျွန်တော်က အညတရတစ်ယောက်ဖြစ်နေ တာကိုး။ ဒါပေမဲ့ ကျွန်တော်လည်း အစွမ်းအစတုံးနေတဲ့လူတစ်ယောက် မဟုတ်ပါဘူး . . . အဘရာ။ ကိုယ့်ချစ်သူကိုတော့ ကိုယ့်အစွမ်းအစနဲ့ လုပ်ကျွေးနိုင်တဲ့ အရည်အချင်းရှိပါတယ်။ နောက်ပြီး ကျွန်တော် ဂျူဂျူး ကို တကယ်ချစ်တာပါ"

ဓီနီဆိုသူမှာ မိန်းကလေးအသိုင်းအဝိုင်း၏ သဘောထားကို ဘဝင်မကျဖြစ်နေဟန်တူသည်။ ယခုမှ ရင်ဖွင့်စရာလူတွေ့သလို ရင်ဖွင့် တိုင်တည်နေပါ၏။ ဂျူဂျူးဆိုသည့်မိန်းကလေးမှာတော့ ဓီနီ့ဘေးမှာထိုင် ရင်း ဓီနီ့မျက်နှာကို အားကိုတကြီးငေးမောနေသည်။

"မင်း . . . မင်းချစ်သူကို တကယ်ချစ်တယ်ဆိုတာကိုတော့ လက်တွေ့ပဓာနသဘောအရ လက်ခံပါတယ်။ ချစ်တဲ့သူကို ချစ်လို့ ခိုးပြေးလာတာ လက်တွေ့ကျပါတယ်။ ဒီမိန်းကလေးကိုလုပ်ကျွေးဖို့ အစွမ်း အစရှိတယ်၊ မရှိဘူးဆိုတာတော့ မင်းတကယ်လုပ်နိုင်မှပဲ မှန်မမှန်သိရ မှာပေါ့"

ဓီနီမှာ လုခ်အဘိုးအို၏စကားကို နားရှုပ်သွားဟန်ရှိကာ သူ့ကို လှမ်းကြည့်သည်။ တစ်ခါတလေ လုခ်အဘိုးအိုက ဒီလိုပဲဖြစ်သည်။ အနီး ကပ် နှစ်အကြာကြီးနေလာတဲ့သူတောင် တစ်ခါတစ်ရံ လုခ်အဘိုးအို၏



စကားကို နားမလည်၊ ဆိုလိုချက်ကို ချက်ချင်းသဘောမပေါက်၊ ထိုအထဲ တွင် ပါရမီနည်းတာလည်း ပါပေလိမ့်မည်။

တုံဏှိဘာဝေဖြစ်သွားသော ဓီနီကိုကြည့်၍ လုခ်အဘိုးအိုက သဘောပေါက်စွာ . . .

"လက်တွေ့ပဓာနဝါဒဆိုလို့ နားရှုပ်သွားတာလား။ အေးလေ မင်းတို့ရာစုမှာတော့ 'ဘာထရမ် ရပ်ဆယ်' ရဲ့ အတွေးအမြင်တွေပဲ လွှမ်း မိုးနေမှာပေါ့ထားပါ။ မင်းတို့အခု ဘယ်ဆက်သွားမယ်စိတ်ကူးလဲ"

ဓီနီ ခဏငိုင်သွားသည်။ နောက် . . . ဘေးမှမိန်းကလေးကို ကြည့်သည်။ ပြီးတော့ . . .

"ပထမထွက်ပြေးလာကြတာတော့ ဘယ်ရောက်ရောက် ဘယ် ပေါက်ပေါက်ဆိုပြီး ထွက်ပြေးလာကြတာပါ။ ဒါပေမဲ့ လမ်းတစ်ဝက် လောက်ရောက်မှ စိတ်ကူးတစ်မျိုးပြောင်းပြီး ဒီဘက်ကူးလာကြတာ။ နောက်မှာ ဂျူဂျူးအစ်ကိုတွေ ကျွန်တော်တို့ကိုခွဲဖို့ လိုက်လာကြတယ်လေ။ အဲဒါကြောင့် ကျွန်တော်တို့ 'ဝင်ခွင့်မရမြို့'ကိုသွားဖို့ စဉ်းစားထားတယ်"

'ဝင်ခွင့်မရမြို့' လုခ်အဘိုးအိုက တိုးတိုးရေရွတ်သည်။ ပြီး တော့ . . .

"ကောင်းတယ် . . . ဝင်ခွင့်မရမြို့ကိုသွား။ ဒါနဲ့ ဝင်ခွင့်မရမြို့ မှာရော မင်းတို့အသိမိတ်ဆွေတွေရှိလား"

နှစ်ဦးစလုံး၏မျက်နှာမှာ ညှိုးရော်သွားသည်။

"မရှိပါဘူး။ ဝင်ခွင့်မရမြို့က လူဖြူတွေ ဝင်ခွင့်မပေးဘူး ကြား ဖူးလို့ပါ။ ကျွန်တော်တို့ကို ခွဲဖို့လိုက်လာတဲ့အုပ်စုထဲမှာ လူဖြူတွေပါ တယ်လေ"

လုခ်အဘိုးအိုက တွေးတွေးဆဆ ခေါင်းညိတ်ပါ၏။ ဓီနီမှာ ပြောပြီး စိတ်ပျက်ဟန် ခေါင်းငုံ့သွားသည်။ ဂျူဂျူးဆိုသည့်မိန်းကလေး မှာလည်း ထိုအတိုင်း။ လုခ်အဘိုးအိုက . . .

"ဝင်ခွင့်မရမြို့ကို သွားမယ်ဆိုရင်တော့ မပူပါနဲ့ငါကူညီလိုက်



www.burmeseclassic.com

www.burmeseclassic.com

ဝါမယ်”

ထိုအခိုက် . . .

လျှပ်စီးတစ်ချက် ဝင်းခနဲလက်သွားသည်။ ပြီးတော့ . . .

“ဘကြီး . . . ကျွန်တော်တို့ဇရပ်ကို မကြာခင် နောက်ထပ်ဧည့်သည်တွေ ရောက်လာတော့မယ်”

“ဟင် . . . ”

လုခ်အဘိုးအိုနှင့်တကွ အားလုံး အံ့ဩသွားခိုက် . . .

“ဟုတ်တယ် . . . သိပ်မကြာတော့ဘူး”

မယုံကြည်ဟန်မျက်နှာတွေဖြင့် သူ့ကိုတစ်လှည့် လုခ်အဘိုးအိုကိုတစ်လှည့်၊ မျက်ဝန်းနှစ်စုံတို့ လူးလားခေါက်ပြန်ပြေးသွားစဉ်၌ . . .

ချက်ချင်းပင် ဇရပ်အပြင်သို့ လှမ်းကြည့်ကြ၏။ မိုးတိတ်သွားပြီဖြစ်သော်လည်း အပြင်မှာ မှောင်နဲ့မည်းမည်း၊ အုံ့အုံ့မှိုင်းမှိုင်း။

“ကဲ . . . အချိန်မရှိတော့ဘူး။ မင်းတို့ကို ငါကူညီလိုက်မယ်။ ငါပြောတဲ့နေရာကိုသွား၊ ငါပြောတဲ့အတိုင်းလုပ် . . . ဟုတ်လား”

ဇီနိုနှင့် ဂျူဂျူး ကမန်းကတန်းခေါင်းညိတ်သည်။ သိပ်မကြာလိုက်ပါ။

“ရော့ . . . ဒီဆွဲကြိုးကိုယူသွား။ ဝင်ခွင့်မရမြို့က ပိုလာတာနန်းတော်ကိုရောက်အောင်သွား ပြီးရင် ဒလိုင်းလာမာကို ဒီဆွဲကြိုးပြလိုက်။ ကျွန်တော်တို့ ကောလုခ်ရဲ့မိတ်ဆွေတွေပါ၊ ကောလုခ်လွှတ်လိုက်တာပါလို့ပြော။ မင်းတို့ကို အစစအရာရာ ကူညီပေးလိမ့်မယ် . . . ဟုတ်လား”

ပြောပြောဆိုဆိုဖြင့် လုခ်အဘိုးအိုက သူ့လည်ပင်းတွင်ဆွဲထားသော ဆွဲပြားအဝိုင်းလေးပါသည့် ဖြူလွှလွှဆွဲကြိုးကို ချွတ်ပေးသည်။ ဆွဲကြိုးအားကြည့်၍ နှစ်ယောက်သားကြောင်ငေးနေစဉ်မှာပင် . . .

“ဘာလဲ . . . မင်းတို့က ငါပြောတာကိုမယုံလို့လား။ ငါမှာလိုက်တဲ့အတိုင်းလုပ်ကြည့်ပါ။ ငါပြောတာ မှန်၊ မမှန် မင်းတို့လက်တွေ့သိရလိမ့်မယ် . . . ရော့”



ဇီနိုက ခပ်ရွံ့ရွံ့ဖြင့် ဆွဲကြိုးကိုလှမ်းယူသည်။ ထိုအခိုက် ဆွဲကြိုးကိုကမ်းပေးသော လုခ်အဘိုးအို၏လက်နှင့် မတော်တဆထိသွားရာ နီနီရင်တစ်ခုလုံး လှပ်ခနဲ အေးသွားပါ၏။ ကြက်သီးများပင် ထသွားသည်။ ဝုန်းခနဲ အကြည့်တစ်ခုကရောက်သွားစဉ် လုခ်အဘိုးအိုကတော့ အေးဆေးပါ၏။

“ကဲ . . . သွားကြတော့၊ မင်းတို့ ‘ဝင်ခွင့်မရမြို့’ ကိုရောက်မှာပါ။ ဒီတည့်တည့်ကနေ ညာဘက်လမ်းကိုချိုးပြီး ဆယ့်ငါးမိနစ်လောက်လျှောက်သွားရင် လမ်းလေးခွဆုံတဲ့နေရာရောက်လိမ့်မယ်။ အဲဒီထဲကမှအနီးဆုံးလမ်းကိုရွေးလိုက် . . . အဲဒါ ဝင်ခွင့်မရမြို့ပဲ”

မကြာလိုက်သောအချိန်တစ်ခုမှာပင် ဇရပ်ပေါ်မှ ယောကျ်ားလေးနှင့်မိန်းကလေးနှစ်ဦး ဆင်းသွားကြလေသည်။

“သြော် . . . ဒါနဲ့နေဦး။ မင်းတို့ကို ငါအရေးကြီးတဲ့စကားတစ်ခွန်း ပြောဖို့မေ့နေတယ်။ တစ်ဘဝလုံးအတွက်ပေါ့ကွာ။ မင်းတို့ ဆက်ဆံရေးကောင်းအောင်ကြိုးစားပါ . . . စကားပြောချိုသာပါ . . . ဒါဆိုမင်းတို့ မိတ်ဆွေသူငယ်ချင်းကောင်းတွေ အများကြီးရလိမ့်မယ် . . . ဟုတ်လား။ အဲဒါကို တစ်သက်လုံးမှတ်သွားချည်။ ကဲ . . . သွားကြတော့ . . . သွားကြတော့”

အပြင်မှာမိုးမရွာတော့သော်လည်း လျှပ်စီးကတော့ချစ်သူနှစ်ဦးကို လမ်းပြပေးသည့်အလား တလှပ်လှပ်ပြက်နေပါ၏။

အချစ်ကို ကိုးစားရင်း မှောင်မိုက်သည့်လမ်းတွေကို ရင်ဆိုင်ဖြတ်သန်းမည့် ချစ်သူနှစ်ဦးမှာတော့ . . .


အားဟုန်မာန်ရှိန်ကိုယ်စီဖြင့် တစ်ယောက်လက်တစ်ယောက်ဆွဲကာ ချစ်သူတို့ခိုလှုံရာ ဗိမာန်တစ်ခုဆီသို့ . . .



www.burmeseclassic.com

www.burmeseclassic.com

# III






ဝင်းခနဲလက်သွားသော လျှပ်စီးရောင်အောက်တွင် တွေ့ရသော ပတ်ဝန်းကျင်နှင့် လမ်းညွှန်ဆိုင်းဘုတ်က ဥရောပမော်ကားဆန်ဆန် ချောက်ချားစရာကောင်းနေသည်။

ဇီနိုလက်ထဲမှ Lighter ၏ အလင်းရောင်ဖြင့် လမ်းညွှန်ဆိုင်းဘုတ်တွေပေါ် ထိုးကြည့်လိုက်သည်။ ကော့လုခ်ဆိုသောအဘိုးကြီး၏ စကားအရတော့ အနီးဆုံးလမ်းကို ရွေးရပေမည်။ ဒါပေမဲ့ ခက်နေသည်က လမ်းညွှန်ဆိုင်းဘုတ်။

ဆန့်ကျင်ဘက်လမ်းလေးခုကို ချိန်ရွယ်ညွှန်ပြထားသော်လည်း အနီးဆုံးလမ်းကို ရွေးဖို့ခက်နေသည်။ အကြောင်းကား . . .

လမ်းနှစ်ခုကိုသာ ခရီးမိုင်အကွာအဝေးကပ်ထား၍ ကျန်နှစ်ခုကိုကပ်မထားဆိုတော့ ဒီလမ်းလေးခုပေါ်တွင် အနီးဆုံးလမ်းကို မည်သို့ရွေးရမည်နည်း။

ဇီနို Lighter ကိုပိတ်၍ ခဏစဉ်းစားလိုက်သည်။

ဒါ ဘာအဓိပ္ပာယ်နည်း။

ဘာအကြောင်းနည်း။

ကော့လုခ်ဆိုသော အဘိုးကြီးကရော ဘာအဓိပ္ပာယ်နှင့် အနီးဆုံးလမ်းဟုပြောလိုက်တာနည်း။ တွေးစရာတွေ စုပြုံဝင်လာသောဦးနှောက်ကို တစ်ကန့်စီခွဲကာ စီစစ်ကြည့်သည်။ သူတို့မှာ အချိန်မရှိတော့။ ဒီအချိန်ဆို နောက်မှ ခွဲရန်လိုက်လာသောအဖွဲ့ သူတို့ဝင်ခဲ့သောဇရပ်ကို ရောက်နေပြီလား။

ကြီးလေးသော ဝန်ထုပ်ကြီးတစ်ခုလို ထို Pressure က ဖိနှိပ်နေပါ၏။ ဇီနို Lighter ကိုပြန်ဖွင့်ကာ လမ်းညွှန်ဆိုင်းဘုတ်ကို ထပ်ထိုးကြည့်သည်။

ဆိုင်းဘုတ်တစ်ခုချင်း၊

စကားတစ်လုံးချင်း၊

တစ်ခုခုမြှုပ်ထားသည်ဟုတော့ တွက်မိသည်။ မြှင်သားတာက



www.burmeseclassic.com

www.burmeseclassic.com

ဘာလဲ၊ ပြီးတော့ အနီးဆုံးလမ်း။

ကိုင်ထားသော ချစ်သူ၏လက်က သူ့လက်ကိုဖျစ်ညှစ်သည်။ ချစ်သူ စိတ်လှုပ်ရှားနေပြီထင်၏။ ထိုစဉ်မှာပင် လက်ဝါးမှတစ်ဆင့် နှလုံးသားထဲထိတိုင်အောင် စူးနစ်တိုးဝင်လာသော ချစ်သူ၏ခွန်အား၊ ပြီးတော့ အားကိုးမှု၊ နောက် . . .

သူ့ဘေးမှာ ချစ်သူရှိနေသည်။

ချစ်သူလက်ကိုဆုပ်ကိုင်ရင်း ချစ်သူပေးတဲ့ခွန်အားနဲ့ ဒီပန်းချီကားကို မှန်းခြယ်မည်။ ဒီရုပ်တုကို အပြီးသတ်မည်။

ချစ်သူလက်ကိုသာ ဆုပ်ကိုင်ထားရပါစေ။

ကမ္ဘာကျော်စစ်တုရင်ကွက်တွေကိုလည်း မကြောက်တော့ပါ။ နာမည်ကျော် စုတ်ချက်တွေကိုလည်း မမှုတော့ပါ။

သူ့ဘေးမှာ ချစ်သူရှိနေသည်။

သူနိုင်အောင်ကစားမည်။ ပွဲသိမ်းခရာသံ မကြားမချင်း၊ ပန်းဝင်အောင် ကြိုးစားမည်။

အောင်ပွဲတစ်ခါရတိုင်း ချစ်သူလက်ကို ဖွဖွတစ်ခါနမ်းမည်။

ကဲ . . . ချစ်သူ။

အမုန်းမပါတဲ့အင်အားတွေ လာပေးလှည့်ပါ။



ချစ်သူလက်သာ ဆုပ်ကိုင်ထားရပါစေ၊
ဘဝရဲ့ဒုက္ခဆိုတာ
အရမ်းချိုတဲ့ ဇေင်ဥယျာဉ်ထွက်
သစ်သီးတစ်လုံးပါ၊
အဲဒီသစ်သီးထဲမှာ ချစ်သူ
အပြုံးတွေပါတယ်
ချစ်သူ့ရယ်သံတွေပါတယ်
ချစ်သူ့အင်အားတွေပါတယ်
ချစ်သူရဲ့ "ချစ်တယ်" ဆိုတဲ့
စကားသံတွေပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတစ်ခေါက် စိစစ်တွက်ချက်ပြီးသည့်အဆုံးမှာတော့ စီနီပြုံးမိသွားလေသည်။ နောက် . . . ဘေးမှာရှိနေသော ချစ်သူနဖူးအား ဖွဖွတစ်ချက်နမ်းလိုက်ရင်း . . .

"လာ . . . သွားရအောင်ဂျူဂျူး။ ကိုယ်တို့လမ်းတွေ့ပြီ"



# IV

သိမ့်ခနဲ တစ်ချက်တုန်ခါသွားပြန်ပါ၏။ ဒီတစ်ခါတော့ လုံး အဘိုးအိုရော၊ ဝိုဒင်ရော အိပ်မနေတော့။ သူတို့နှစ်ဦး ခပ်ဆေးဆေးကတည်းက မြင်နေသည်။ အားလုံးပေါင်း ငါးယောက်။ ရှေ့မှဖယောင်းတိုင်လေး ပင် မီးစာမကုန်သေး။

အသားညိုညို၊ ရုပ်ခပ်လတ်လတ်လူတစ်ယောက် ထိုင်နေသော သူတို့နှစ်ဦးရှေ့သို့ရောက်လာကာ . . .

"အဘိုးကြီး . . . ဒီကို လူနှစ်ယောက်ရောက်လာတယ် မဟုတ် လား။ ယောကျ်ားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်။ အခု သူတို့ဘယ်ရောက်သွားကြလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဒေါသသံမပေါက်သော်လည်း မောက်မာဟန်အမေးကြောင့် ဝိုဒင် စိတ်ထဲ ခပ်မြက်မြက်တော့ဖြစ်သွားသည်။ သို့သော်လည်း လုခ်အဘိုးအို က အေးဆေးတည်ငြိမ်စွာပင် . . .

"အေး . . . ခုနတော့ ရောက်လာကြတယ်ကွယ့်။ အခုတော့ မရှိတော့ဘူး။ ပြန်သွားကြပြီ"

"ဘယ်ကိုပြန်သွားတာလဲ"

လေသံမာကျောကျောက ဆက်ထွက်လာပါ၏။

"ဝင်ခွင့်မရမြို့ကို သွားမယ်လို့တော့ ပြောတာပဲ။ ဒီထက်တော့ ဘာမှပိုမပြောသွားဘူး"

"ဝင်ခွင့်မရမြို့"

ထိုလူကရေရွတ်ရင်း နောက်မှအဖော်တွေကို လှည့်ကြည့်သည်။ အဖော်တွေကလည်း ကြောင်တောင်တောင်ဖြင့် သူ့ကိုပြန်ကြည့်နေကြ သည်ကို မှောင်ကြီးထဲမှာ ဝိုးတဝါးတွေ့ရ၏။

"ကိုငယ် . . . ဝင်ခွင့်မရမြို့တဲ့။ ရောက်ဖူးလား"

"မရောက်ဖူးဘူး။ မင်းရော . . . "

"ငါလည်း ကြားပဲကြားဖူးတယ်။ မရောက်ဖူးဘူး"

ညီအစ်ကိုနှစ်ယောက် ဖြစ်ဟန်တူသည်။ ကျန်လူများက သူ့တို့ လည်းမရောက်ဖူးကြောင်း ခေါင်းယမ်းပြကြသည်။ ထို့ကြောင့် . . .

"အဘိုးကြီး . . . သေချာတယ်နော်။ သူတို့နှစ်ယောက် ဝင်ခွင့် မရမြို့ကိုသွားတာ"

လုခ်အဘိုးအိုက တည်ငြိမ်စွာ ခေါင်းညိတ်ပြရင်း . . .

"သေချာပါတယ်ကွယ့်။ သူတို့ ဝင်ခွင့်မရမြို့ကို သွားကြတာ ပါ"

"ဒါဆို ဝင်ခွင့်မရမြို့က ဘယ်နားမှာလဲ၊ ဘယ်လိုသွားရတာလဲ ခင်ဗျားသိတယ်မလား။ ကျုပ်ကိုပြောပြစမ်းပါ"

အကူအညီတောင်းသည်ကိုပင် ကိုကြီးဆိုသူ၏လေသံက



မာထန်နေပါ၏။ ဝိုဒင်ကတော့ သူနှင့်မဆိုင်သလိုပဲ ခပ်မဆိတ်သာနေ လိုက်သည်။ သို့သော် သူ၏စိတ်တွင် တစ်စုံတစ်ရာကို ကြိုသိနေသည်။ အဲဒါက . . .

"ဒီလမ်းအတိုင်း ညာဘက်ချိုးပြီး ဆယ့်ငါးမိနစ်လောက်လျှောက် သွားရင်း လမ်းလေးခွဆုံတဲ့နေရာ ရောက်လိမ့်မယ်။ အဲဒီအထဲကမှ အနီး ဆုံးလမ်းအတိုင်းဝင်သွားရင် ဝင်ခွင့်မရမြို့ပဲ"

လုခ်အဘိုးအို၏ စကားဆုံးသွားတော့ . . .

"ခင်ဗျားပြောတဲ့အတိုင်း မှန်ခဲ့ရင်တော့ ကျေးဇူးပဲအဘိုးကြီး။ မဟုတ်ရင်တော့ ခင်ဗျား နာပြီသာမှတ်"

ကိုကြီးဆိုသူမှာ သူ့ထက်အသက်ထက်ဝက်မကကြီးသော အဘိုး အိုတစ်ယောက်ကို နင်ပဲငဆပြောဆို၍ မကြာခင်အတွင်းမှာဝင် သူ့လူများကိုခေါ်ကာ ဇရပ်ပေါ်မှ ဆင်းသွားတော့သည်။

ထိုလူတစ်အုပ် အမှောင်တွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွား တော့မှ . . .

"ဘကြီးက ဘာလို့ အမှန်အတိုင်းပြောလိုက်တာလဲ။ လမ်းထို လွှဲပြောလိုက်ရမှာ"

သူ့စကားကြောင့် လုခ်အဘိုးအိုက ပြုံးသည်။ ထိုအပြုံးတ ရင့်ကျက်မှုတွေ၊ ပြည့်စုံမှုတွေ ပျော်ဝင်ရောမွှေထားသောအပြုံး။ အရာရာ ကို စဉ်းစားချင့်ချိန် အဖြေထုတ်ပြီးသည့်အပြုံး။

"ထားလိုက်ပါကွာ။ သူတို့အုပ်စု ဝင်ခွင့်မရမြို့ကို မရောက်ပါ ဘူး"

ထိုစကားကြောင့် ဝိုဒင် မျက်လုံးပြူးသွားကာ အဘိုးအိုကို မော့ ကြည့်ရင်း . . .

"သေချာလှချည်လားဗျ။ ဒီတစ်ခါ ကျွန်တော့်ထက်တောင် ဘကြီးက သေချာနေသလိုပဲ"

သူ့အပြောကြောင့် လုခ်အဘိုးအိုက ခုနအပြုံးမျိုး [illegible]ယအကြိမ်



www.burmeseclassic.com

www.burmeseclassic.com

ပြုံးလိုက်ရင်း . . .

"သူတို့အားလုံးရဲ့ပုံသဏ္ဍာန်နဲ့ ဥပဓိရုပ်တွေကို ခုန မင်းမြင်လိုက်တယ်မလား။ ထူးထူးချွန်ချွန်နဲ့ အရည်အချင်းရှိတဲ့လူ ဘယ်နှယောက်ပါလဲ"

ဝိုဒင် တွေဝေသွားသည်။ လုခ်အဘိုးအိုသင်ပေးထားသော လူအကဲခတ်အတတ်ပညာနည်းတွေနှင့် ချိန်ထိုးကြည့်လျှင်တော့ တစ်ယောက်မျှမတွေ့ပါ။

"မင်းကို နောက်နေ့မှ ငါခေါ်သွားပြမယ်။ ဝင်ခွင့်မရမြို့ကို အရည်အချင်းမရှိပဲနဲ့ မရောက်နိုင်ဘူး"

ထိုစကားက သူ့နားထဲမှတစ်ဆင့် နှလုံးအိမ်ထဲသို့တိုင် စူးစိုက်ဆွဲနှစ်သွားတော့သည်။ အသို့နည်း။

အရည်အချင်း၊ ဘယ်လိုအရည်အချင်းရှိရမည်လဲ။

"ဘကြီးက အဲဒီရှုထောင့်ကကြည့်ပြီး ဆုံးဖြတ်ရင်တော့ မပြောတတ်ဘူး။ ကျွန်တော်သိရတာက အဲဒီလူတစ်အုပ်လုံး ဘကြီးပြောသလို ဝင်ခွင့်မရမြို့ကို မရောက်တဲ့အပြင် သူတို့မှားပြီးရောက်သွားမယ့်နေရာကနေလည်း ဘယ်တော့မှ ပြန်လာနိုင်မှာ မဟုတ်တော့ဘူး"

"ဟင် . . . "

လုခ်အဘိုးအိုအကြီးအကျယ် အံ့အားသင့်သွားလေသည်။ ပြီး အံ့သြဟန်မျက်လုံးအစုံနှင့် သူ့ကို အထိတ်တလန့်ကြည့်ရင်း . . .

"ဒါ . . . ဒါဆို . . . "

"ဟုတ်တယ် . . . သူတို့သာယာသွားမှာ"

မိုးငွေ့တချို့ရောစပ်ထားသော လေအေးတစ်ချက်က သူတို့ထိုင်နေရာဆီ အလည်ရောက်လာသည်။ အေးစွတ်စွတ်ခံစားမှုကြောင့် ကြက်သီးများပင် ထမိသွားပါ၏။

လုခ်အဘိုးအိုအကြာကြီး တွေဝေသွားလေသည်။ ပြီးမှ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချရင်း . . .



"ဘယ်တတ်နိုင်မလဲလေ။ အတုအယောင်သာယာမှုတွေကိုမှ တကယ့်အစစ်အမှန်ချမ်းသာမှုလို့ ထင်နေကြတာကိုး"

လေအေးတချို့ ထပ်ရောက်လာသည်။ ဒီတစ်ခါတော့ လုခ်အဘိုးအိုက သူ့ကိုကြည့်ကာ . . .

"မင်းဆက်အိပ်ရင်အိပ်လေ။ ငါကတော့ အိပ်လို့ရမှာမဟုတ်တော့ဘူး။ ငါ့လက်တစ်ဖက်က အေးလွန်းလို့ ကျဉ်တောင်နေပြီ။ ခုန မိုးရွာကတည်းက စိုထားတာ။ အခု လေကပါထပ်တိုက်တော့ . . . "

စကားကိုမဆက်ပဲရပ်ကာ လုခ်အဘိုးအိုက သူ့ညာဘက်လက်ကို ထောင်ကြည့်သည်။ ဟုတ်ပေသည်။ ညာဘက်လက်တစ်ချောင်းလုံး တံတောင်ဆစ်မှစ၍ ရေစိုထားပါ၏။ အပေါ်မှဝတ်ရုံဖားဖားကြီးကလည်း ရေစိုထားမှုကြောင့် အသားတွင်ကပ်ကာနေသည်။

ဝိုဒင်ကြည့်နေရင်းမှ ဝမ်းနည်းစိတ်တို့ တိုးဖွဲ့ဝင်ရောက်လာကာ မျက်ရည်ဝဲမိသည်။ သူဘယ်လိုမှ စိတ်မကောင်းနိုင်ပါ။

စိတ်မကောင်းရုံကလွဲပြီးလည်း သူဘာမျှ လုပ်မပေးနိုင်၊ မကူညီနိုင်။ ဝမ်းနည်းစိတ်ကို ရင်ထဲမှာပင် မလှမပသိမ်းဆည်းရင်း ယူကြုံးမရစွာဖြင့် . . .

"ငါကိုက စောလွန်းပါတယ်လေ"

ရင်ထဲမှ ပြောမိခြင်းဖြစ်သော်လည်း ထိုစကားက အများတွင် ဖျော့တော့ဆွတ်ရည်နေပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## V

လမ်းညွှန်ဆိုင်းဘုတ်အားကြည့်ကာ ငါးယောက်လုံးတစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်မိသည်ကား ဝင်ခွင့်မရမြို့သည် (Jewish)ဟု ညွှန်ပြထားသည့်လမ်း။

ဇရပ်မှ သူတောင်းစားအဘိုးကြီး ပြောစကားများအရ ထိုလမ်းသည် ဖော်ပြထားသော မိုင်အကွာအဝေးများကြားထဲတွင် အငယ်ဆုံးဖြစ်ပါ၏။ ထို့ကြောင့် ဝင်ခွင့်မရမြို့နှင့် အနီးဆုံးဖြစ်ပေလိမ့်မည်။ အားလုံးတညီတညွတ်တည်း ဆုံးဖြတ်ပြီးသည့်နောက်မှာတော့ သူတို့၏ခြေလှမ်းတွေက . . .

(Jewish) အမည်ရှိလမ်းဆီသို့ . . .

ᄎ ᄎ ᄎ



## VI

"တုံ . . . တုံ . . . တုံ . . . တုံ . . . တုံ . . . "

ရုတ်တရက်ကြားလိုက်သော အုန်းမောင်းခေါက်သံရှည်ကြောင့် ဓိနို့ခြေလှမ်းတို့ တုံ့သွားသည်။ ရှေ့တစ်မျှော်တစ်ခေါ်ဆီမှ ကြားနေရခြင်းဖြစ်သော်လည်း ဓိနိုဝမ်းမသာပဲ မနေနိုင်တော့ပါ။ သူတို့ခရီး လမ်းဆုံးပေပြီ။

ဝင်ခွင့်မရမြို့ကို ရောက်ပါပြီ။

ကိုင်ထားသော ချစ်သူ၏လက်ဖဝါးနုနုကို တခုတ်တရ ဖျစ်ညှစ်ဆုပ်ကိုင်ရင်း . . .

"ဂျူဂျူး . . . ကိုယ်တို့ ဘယ်တော့မှမခွဲရတော့ဘူး။ ရှေ့မှာဝင်ခွင့်မရမြို့ကိုရောက်ပြီး . . . "

ချစ်သူ၏ အပြုံးနွမ်းနွမ်းက ပင်ပန်းနေသည့်ကြားမှပင် ကြည်နူးအားကိုးရိပ်တို့ သိုင်းဖွဲ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားတိုင်းရင်းနှီးလိုမှုသည် ချစ်သူတို့အတွက် တခမ်းတနားမှတ်တိုင်တစ်ခုပင် မဟုတ်ပါလား။ နှစ်ဦးစလုံး မနားမနေလျှောက်လာမှုကြောင့် ခြေထောက်တို့ ယိုင်လဲလုဖြစ်နေသလို ခန္ဓာကိုယ်မှ အင်အားတွေလည်း ကုန်လုနီးနီးဖြစ်နေပေပြီ။ ဒါပေမဲ့ သူတို့စိတ်မချနိုင်သေး။ ဝင်ခွင့်မရမြို့ထဲကို အမြန်ဝင်ရောက်နိုင်မှ ဖြစ်ပေမည်။ ကြားနေရသော အုန်းမောင်းခေါက်သံများအရတော့ ရှေ့တွင် သိပ်အဝေးကြီးမဟုတ်တော့ကြောင်း ခန့်မှန်းလို့ရသည်။

ချွေးသီးတို့ ဖုးဥဝေသီနေသော ချစ်သူနဖူးပြင်ကို တယုတယ သုတ်ပေးရင်း ဖွဖွနမ်းလိုက်သည်။ ချစ်သူ့ခန္ဓာကိုယ်က ချွေးစေးတို့ဖြင့် စေးပိုင်နေသော်လည်း သူ့ရင်ခွင်ထဲတွင် ထည်ထည်ဝါဝါ အသားကျနေသည်။

မည်းယောင်ယောင်ဖြစ်နေသော ပတ်ဝန်းကျင်နှင့် ဝေလီဝေလင်းလေအေးက သူတို့နှစ်ဦးကို တိုက်ရှနောက်ပြောင်သွားသော်လည်း အကြင်နာဝတ်ရုံပါးဖြင့် နှစ်ဦးစလုံး နွေးထွေးနေကြ၏။

မြန်ဆန်သော အသက်ရှုသံတွေ တဖြည်းဖြည်း နေးကွေးတိုးတိတ်လာသည်။ ပတ်ဝန်းကျင်တွင်လည်း အလင်းမှုန်ပျပျက အမှောင်ထဲမှ ဖောက်ထွက်လာပေပြီ။

"ဂျူဂျူး . . . အမောပြေပြီလား"

ရင်ခွင်ထဲမှာ ထွေးပွေ့ထားရင်းမှပင် မေးလိုက်သည်။ ချစ်သူကရင်ခွင်တွင်ပါးအပ်ရင်း ပျပျလေးခေါင်းညိတ်ပြပါ၏။

ပခုံးပေါ်ဝဲကျနေသော ဆံနွယ်ပျော့စင်းစင်းကို ဓိနိုလက်ဖြင့် သပ်စုကိုင်တွယ်လိုက်ရင်း . . .

"ဖဲကြိုးစည်းလိုက်ပါလား ဂျူဂျူး။ ခေါင်းရှင်းသွားတာပေါ့"

သူ့အပြောကြောင့် ဂျူဂျူးက အပေါ်အင်္ကျီအိတ်အတွင်းသို့လက်နှိုက်ကာ ဖဲကြိုးကိုရှာသည်။ ဂျူဂျူးသည် တခြားမိန်းကလေးတွေလို ဆံထိုးမထိုးတတ်၊ ကလစ်မညှပ်တတ်၊ ပဝါမအုပ်တတ်၊ ဖဲကြိုးရောင်စုံ



ဆံပင်ကို စုသိမ်းချည်နှောင်ထားတတ်သည်။ အပြင်ထ
လည်း ဝတ်ဆင်သော အဝတ်အစားနှင့် ဖဲကြိုးရောင်တို့တ လိုက်ဖက်
နေတတ်သည်။ ထူးခြားသော တစ်ခါတစ်ရံ၌ ဖဲကြိုးစလေးတွေကို နား
တွင် ပတ်ချည်ထားတတ်ပါ၏။ ဒါသည် သူများနှင့်မတူသည့် ဓိနိုအရှင်
မြတ်နိုးသော ဂျူဂျူး၏ ကိုယ်ပိုင်ယဉ်ကျေးမှု။

"ဟော့တော် . . . ဖဲကြိုးတွေထည့်လာတဲ့ပဝါ ဘယ်နားမှာကျကျန်ခဲ့လည်းမသိဘူး။ မရှိတော့ဘူး"

အင်္ကျီအိတ်အနှံ့ကို လက်ထိုးရှာရင်း သူမပျာယာခတ်စွာပြောသည်။ သူမပုံစံက အစားထိုးမရသော ဘဝအစိတ်အပိုင်းတစ်ခု ပျောက်ကျသွားသလို နှမြောတသဖြစ်ကာနေပါ၏။

လွမ်းမောလှုပ်ခတ်နေသော သူမပုံစံကိုကြည့်၍ ဓိနိုပြုံးလိုက်သည်။ နောက် ကိုယ်နှင့်မကွာ အမြဲဆောင်ထားတတ်သော ချစ်သူအရိုက်ဖဲကြိုးကလေးအား လက်မောင်းမှဖြည်သည်။ ပြီးတော့ သူမနဖူးကိုဝတ်ကာ အနောက်ဖက်ဆံပင်များပေါ်တွင် ချည်ပေးလိုက်ပါ၏။

နဖူးမှဖဲကြိုးကိုစမ်းရင်း သူမမျက်နှာ မျက်ရည်ဝဲသွားသည်။ ဒီဖဲကြိုးသည် သူတို့နှစ်ဦးချစ်သူဖြစ်ပြီး တစ်နှစ်တိတိပြည့်သောနေ့တွင် သူမကိုယ်တိုင် ဓိနို့လက်မောင်းတွင် ချည်ပေးထားခဲ့ခြင်းဖြစ်ပါ၏။

"ဂျူဂျူး . . . ချည်ပေးပြီးကတည်းက အခုအချိန်အထိ ကိုယ်မဖြည်ရသေးဘူး"

ဓိနိုက ဖဲကြိုးအားချည်ပေးနေရင်းမှ စကားဆိုသည်။ သူမရင်ထဲတွင် ဝမ်းနည်းမှုနှင့်ကြည်နူးမှုတို့ ရောပြွန်သွားကာ ရှိုက်သံတစ်ချက်ဝင်ထွက်သွားလားမသိ၊ ကိုယ်ပေးထားသောချစ်လက်ဆောင်ကို ချစ်ရသူကတန်ဖိုးထားခြင်းသည် ဘာနဲ့မျှမလဲနိုင်သော ဆုလာဘ်တစ်ခုပင် မဟုတ်ပါလား။

"အချစ်စစ်တို့လျှောက်ရာလမ်းသည် ကွေ့ကောက်သည် ဟူ၍ ခေတ်ဟောင်းအဆိုရှင်တို့ ဟောပြောသွားခဲ့သည်။ ယခု သူတို့လျှောက်



www.burmeseclassic.com

www.burmeseclassic.com

ခည့်လမ်းကရော တွေ့ကောက်နေသည်လား၊ အ[illegible]တွေ့နေသည်လား မပြောတတ်။

ဘယ်လောက်ပဲ ခက်ထန်ကြမ်းတမ်းနေပါစေ။ ဒုက္ခတွေ၊ အဆင်မပြေမှုတွေ ဘယ်လောက်ပဲများနေပါစေ၊

အချစ်စစ်သာမှန်လျှင် အချစ်စစ်တန်ခိုးက ဖေးကူလက်တွဲသွားပါလိမ့်မည်။

အချစ်စစ်တို့လျှောက်ရာလမ်းသည် မဖြောင့်တန်းပါ။ သို့သော်ချစ်စိတ်ဖြင့် ဖြောင့်တန်းစေနိုင်ပါသည်။ မြတ်နိုးစိတ်ဖြင့် ပြန့်ဖြူးစေနိုင်ပါသည်။ ကြည်နူးစိတ်ဖြင့် ပျော်ရွှင်စေနိုင်ပါသည်။

ယခုရော . . .

အလင်းစက်တချို့က သူတို့နှစ်ဦးပခုံးပေါ် သည်းသည်းထက်သည်းစွာ ဖွဲ့ချလိုက်ပြီးသည့်နောက် . . .

"အော် အီး အီး အွတ်"

တောကြက်ဖတစ်ကောင်၏ နရီဟစ်သံတစ်ခုနှင့်အတူ . . .

"သွားရအောင် . . . ဂျူဂျူး၊ ကိုယ်တို့ နည်းနည်းဆက်လျှောက်သွားရင် မြို့ကိုတွေ့လောက်ပြီ"

ᨆ ᨆ ᨆ



# VII

ပတ်ဝန်းကျင်က လုံးဝကို လင်းချင်းသွားပေပြီ။ တစ်မိုးသောက်ခဲ့ပြီပေါ့။

လူနှစ်ရပ်မကသော နီညိုရွှေးရောင် အုတ်တံတိုင်းထုထုကြီးထမျက်စိတစ်ဆုံး ရှည်လျားလွန်းလှသည်။ တချို့ ခပ်ဝေးဝေးနေရာတို့၌ပေါက်ပြဲကျိုးပဲ့နေသည်ကိုလည်း တွေ့ရ၏။ လင်းဝေဝေမနက်ရောင်အောက်ရှိ တံတိုင်းရှည်ကြီးမှာ အိမ်မောကျနေသော မြွေကြီးတစ်ကောင်နှင့်ပင် တူနေသေးတော့သည်။

ဒါသည် မြို့ကို ပတ်ဝိုင်းရစ်ချည်ထားသော အုတ်စည်းရိုးကြီးတစ်ခုပင်။

ကြီးမားခန့်ထည်သော မြို့ဝင်တံခါးမကြီးနှစ်ချပ်၏ ရှေ့တည့်တည့်၌ လူနှစ်ယောက်ရပ်နေသည်။ ထိုလူနှစ်ယောက်မှာ တံခါးမကြီးရှေ့၌ရပ်ရင်း တစ်စုံတစ်ရာကို မော့ငေးနေပါ၏။


ထိုလူနှစ်ယောက်မှာ ဓိနိုနှင့် ဂျူဂျူးဖြစ်ပြီး သူတို့စိတ်ဝင်တစားမော့ငေးနေသည့်အရာကား . . .



www.burmeseclassic.com

www.burmeseclassic.com







တံခါးမကြီး၏ အပေါ်ဘက်အုတ်သားပေါ်တွင် **ရေးထွင်းထား**ခြင်းဖြစ်သည်။

"ဒါ ဝင်ခွင့်မရမြို့ပဲ ဂျူဂျူး။ သေချာတယ်"

ဇီနို၏စကားကြောင့် ဂျူဂျူးမှာ အုတ်နံရံပေါ်မော့ကြည့်ရင်း **မေးမြန်း**သည်။

"ကို . . . က တရုတ်စာတတ်တယ်လား"

ဂျူဂျူး၏အမေးကြောင့် ဇီနို မထင်မရှားပြုံးရင်း ခေါင်းယမ်းလိုက်ကာ . . .

"တရုတ်စာမတတ်ပါဘူး၊ တရုတ်စကားလည်း မပြောတတ်ဘူး"

"ဟင် . . . "

သူ၏အပြောကြောင့် ဂျူဂျူးကြောင်သွားသည်။ ပြီး နားမလည်နိုင်သောမျက်နှာဖြင့် သူ့ကိုကြည့်ရင်း . . .

"တရုတ်စာမတတ်ပဲနဲ့ ဒီထွင်းထားတာတွေကိုကြည့်ပြီး ဝင်ခွင့်မရမြို့လို့ ဘာလို့ပြောတာလဲ"

သူ ပြုံးလိုက်ပါသည်။

"တို့မိုးဝင်ခိုတဲ့ဇရပ်က အဘိုးကြီးပြောလိုက်တဲ့ နောက်ဆုံး**စကား**ကို မှတ်မိလား"

ဂျူဂျူးက တစ်ချက်တွေးရင်း . . .

"တို့တွေ ဇရပ်ပေါ်က ပြန်ဆင်းခါနီးပြောလိုက်တဲ့ **စကားလား**"

"ဟုတ်တယ် . . . မင်းတို့ ဆက်ဆံရေးကောင်းအောင်ကြိုးစားပါ။ စကားပြောချိုသာပါ။ ဒါဆို မင်းတို့ မိတ်ဆွေသူငယ်ချင်း**ကောင်း**တွေ အများကြီးရလိမ့်မယ်ဆိုတဲ့ စကားလေ"

"အင်း . . . မှတ်မိတယ်"

ဂျူဂျူးက ချက်ချင်းပင် ပြန်ဖြေသည်။

"အခု ဒီနံရံပေါ်မှာထွင်းထားတဲ့ တရုတ်စာအောက်က မြှား**တွေ၊** အဝိုင်းတွေ၊ ကြယ်တွေ၊ စကားလုံးတွေ အားလုံးကလည်း **အဲဒီအဓိပ္ပာယ်ပဲ"**



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို . . ."

"ဟုတ်တယ် . . . ဒါ 'သိုးဆောင်း' စကားပုံတစ်ခုကို လျှို့ဝှက်ဝါကျတစ်ခုနဲ့ရေးထားတာ။ ဒီရုပ်ပုံတွေအားလုံးပေါင်းလိုက်ရင် စကားပုံတစ်ခုရတယ်"

သူ့စကားကို ဂျူဂျူးက မယုံသင်္ကာဟန်နဲ့ကြည့်သည်။

"ဒီရုပ်ပုံတွေကိုစုပေါင်းရင် 'You will find many good friends if you join Mensa' လို့ထွက်တယ်။ အဓိကအဓိပ္ပာယ်ကတော့ 'မင်းသာဆက်ဆံရေးကောင်းမယ်ဆိုရင် မိတ်ဆွေကောင်းတွေ အများကြီးတွေ့လိမ့်မယ်' တဲ့။ အဲတော့ ဒီစကားပုံရဲ့အဓိပ္ပာယ်က ဇရပ်ကအဘိုးကြီးပြောလိုက်တဲ့စကားတွေနဲ့ တူမနေဘူးလား"

ဂျူဂျူးတွေဝေသွားသည်။ ပြီးတော့ ခေါင်းကို မသိမသာညိတ်ရင်း . . .

"အင်း . . . တူသလိုလိုပဲ။ ဒါပေမဲ့ . . . "

ဂျူးဂျူးက စကားကို ဒါပေမဲ့နဲ့ အဆုံးသတ်ရင်း ရပ်သွားသည်။

"ဒါပေမဲ့ ဘာဖြစ်လဲ"

စကားထောက်ပေးလိုက်တော့ . . .

"ဒါပေမဲ့ စကားပုံအဓိပ္ပာယ်တူရုံနဲ့ ဒီမြို့ကို ဝင်ခွင့်မရမြို့လို့ သတ်မှတ်လို့ဖြစ်ပါ့မလား"

ဇီနို ခေါင်းညိတ်ရင်းပြုံးလိုက်ကာ . . .

"ဒီလောက်နဲ့တော့ ဘယ်သတ်မှတ်လို့ရမလဲ။ အပေါ်က တရုတ်စာကိုလည်း ကြည့်ရတာပေါ့။ ဒီစာက တရုတ်ပြည်လို့ရေးထားတာလေ"

"ဟင် . . . ကိုပြောတော့ တရုတ်စာမတတ်ဘူးဆို"

"အေးလေ . . . မတတ်ဘူး"

"မတတ်ပဲနဲ့ ဒီစာက တရုတ်ပြည်ဆိုတာကို ဘယ်လိုလုပ်သိလဲ"

ဇီနိုပြုံးရင်း ဂျူးဂျူးပခုံးကို ဖျစ်ညှစ်လိုက်သည်။ ပြီးတော့ . . .

"အဲဒီတရုတ်စာကို အောက်ဆုံးကနေ အပေါ်ကိုပင့်ကြည့်လိုက်။



ဒါမှမဟုတ် မျက်လုံးထဲမှာ ကန့်လန့်ဖြတ်ထားပြီး ကြည့်ကြည့်လိုက်။ အင်္ဂလိပ်စကားလုံး China ဆိုပြီးတော့ တွေ့လိမ့်မယ်"

သူ့စကားကြောင့် ဂျူဂျူးက မယုံသင်္ကာဟန်ဖြင့် ချက်ချင်းမော့ကြည့်သည်။ ပြီး . . .

"ဟယ် . . . ဟုတ်တယ်တော့၊ China လို့ရေးထားတာပဲ . . အဲ"

ဒီတစ်ခါတော့ မပြောခင်ကပင် ဇီနို သဘောပေါက်လိုက်သည်။

"တရုတ်ပြည်တော့မဟုတ်ပါဘူး။ တို့ရောက်နေတာ တရုတ်ပြည်ပိုင် နယ်နိမိတ်ထဲက ဝင်ခွင့်မရမြို့ကိုပါ"

"သြော် . . . "

ထို 'သြော်' ဆိုသောအသံလေးက အဖျားတွင် ဆွတ်ရည်တိုးခက်သွားလေသည်။ ထိုစဉ်မှာပင် . . .

"ဂျိန်း . . ."

တံခါးမကြီးနှစ်ချပ်ဆီမှ တုန်ခါသံပြင်းပြင်းကို ကြားရပါ၏။ ဂျူဂျူးနောက်ဆုတ်ကာ သူ့လက်မောင်းကို အားကိုးတကြီး ဖက်တွယ်သည်။ နောက်တစ်ချက် . . .

"ဂျိန်း . . ."

တံခါးမကြီးက ခုနထက်ပြင်းစွာ တုန်ခါအော်ဟစ်သည်။ တံခါးရှေ့မှာရပ်နေသော သူတို့နှစ်ယောက်မှာတော့ ရင်ခုန်သံတဒိတ်ဒိတ်ဖြင့် ဘာတွေများဖြစ်လာမလဲ စိုးရိမ်နေစဉ်၌ . . .

"ဂျိန်း . . . "

အပြင်းထန်ဆုံးမြည်ဟည်းသွားသော အသံဝါဝါကြီးနှင့်အတူ တံခါးမကြီးနှစ်ချပ် ပွင့်ဟသွားပါတော့၏။ ပြီးတော့ . . .

"ဝင်ခွင့်မရမြို့မှ ကြိုဆိုပါတယ်ခင်ဗျာ"

သံပြိုင်ထွက်လာသော ဖိတ်ခေါ်သံများ . . .



www.burmeseclassic.com

www.burmeseclassic.com

# VIII

စုစုပေါင်းလေးယောက်။ တံခါးစောင့်တွေ ဖြစ်ဟန်တူသည်။ နှုတ်ဆက်ပြုံးပြတော့ သူတို့လေးယောက်ကလည်း နှစ်လိုဖွယ်ပြန်ပြုံးပြပါ၏။ ထို့ထက်မပို။

သူတို့ပုံစံက ဓိနိနှင့် ဂျူဂျူးအတွက် ဘာမျှအရေးအရာသိပ်ထားလှသည့်ပုံစံမျိုးမရှိ။ လူစိမ်းနှစ်ဦးဝင်လာသည်မှာ သူတို့အတွက် မထူးဆန်းသလိုရှိသည်။ လူဖြူစစ်စစ်မဟုတ်ကြသည်လည်း ပါပေမည်။

တံခါးကြီးကို ဓိနိနှင့်ဂျူဂျူးဖြတ်ကျော်ပြီးတော့ ထိုလေးယောက်မှာ တံခါးပိတ်ရင်း ကျန်ခဲ့သည်။ ဘာလို့များတံခါးဖွင့်မထားရသလဲဟု ဓိနိ မဆီမဆိုင်တွေးမိသေးသည်။



အထဲရောက်မှတွေ့ရသည်မှာ မြို့ဝင်တံခါးနှင့်မြို့သည် တွဲလျက်မဟုတ်။ မြို့က တစ်မျှော်တစ်ခေါ် ဝေးနေပါသေးသည်။ တံခါးမကြီးနှင့်မြို့ကြားတွင် မြက်ခင်းပြင်စိမ်းစိမ်းနှင့် ပြောင်းခင်းတို့က ခံနေသည်။ မြက်ခင်းစိမ်းပေါ်တွင်တော့ မြို့သို့သွားသည့်လမ်းဖြူးဖြူးမှာ ထင်းနေပါသည်။

"တံခါးမှူးတွေနဲ့တူတယ်နော်"

ဂျူဂျူးက နောက်လှည့်ကြည့်ရင်းပြောသည်။ ဓိနိခေါင်းညိတ်ပြလိုက်ကာ . . .

"ဟုတ်တယ် . . . တံခါးမှူးတွေပဲ။ တို့နှစ်ယောက်ရှေ့မှာရောက်နေတာကို သူတို့ တစ်နေရာကမြင်နေပုံရတယ်။ သူတို့စိတ်ကြိုက် ကြည့်ရှုစစ်ဆေးပြီးမှ တံခါးဖွင့်ပေးတာ"

ဂျူဂျူးက ထောက်ခံသလို ခေါင်းညိတ်သည်။ ပြီး အရှေ့ဆီမှ ကြီးမားခန့်ထည်သောမြို့ကြီးကို တစ်မျှော်တစ်ခေါ်လှမ်းကြည့်ရင်း . . .

"မြို့နဲ့တံခါးနဲ့က အဝေးကြီးပဲနော်။ ကြားမှာလည်း မြက်ခင်းတွေ၊ ပြောင်းခင်းတွေနဲ့ ပျော်စရာကြီး။ ပြောင်းခင်းဟိုဘက်မြို့စပ်နားက အပင်တွေကရော ဘာပင်တွေလည်းမသိဘူး"

ဂျူဂျူးက ကလေးငယ်တစ်ယောက်လိုပင် ခပ်လှမ်းလှမ်းမှ မြို့ကြီးနှင့် သူမ နင်လျှောက်နေသော မြက်ခင်းပြင်တို့ကိုကြည့်ရင်း ခုန်ပေါက်မြူးတူးနေသည်။ မနက်၏ နုပြိုမှုနှင့်အတူ အပြစ်ကင်းသော သူမမျက်နှာနုဖွေးဖွေးကိုကြည့်ရင်း သူပင် ပျော်ရွှင်လာမိသည်။ တစ်ညလုံး ပင်ပန်းခဲ့ကြသော်လည်း ယခုအခါမှာတော့ သူတို့နှစ်ဦးလျှောက်မည့်လမ်းမှာ အားသစ်အင်သစ်တွေနှင့် လန်းဆန်းနေပါပြီ။

ပြောင်းခင်းကိုလွန်တော့ စိုက်ခင်းအချို့ကိုတွေ့ရသည်။ ဒီမြို့မှ လူတွေသည် အလုပ်ကြိုးစားကြပုံပေါ်ပါ၏။ နေရောင်ပင်မစင်သေးသော စိုက်ခင်းပြင်၌ အလုပ်လုပ်သူတွေ စုနေပါပြီ။

ထိုသူအားလုံးတို့လည်း ဓိနိနှင့် ဂျူးဂျူးကို တစ်မျက်သာလှည့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်၍ ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေကြပါ၏။ ဤအခြင်းအရာကို ကြည့်၍ မြို့တွင်းသို့ သူစိမ်းဧည့်သည် အဝင်အထွက်များကြောင်း ဆင်ခြင်မိသည်။

တဖြည်းဖြည်း ရုပ်လုံးပေါ်လာသောမြို့ကြီးကလည်း ရောက်ခါနီးလေ လှလေဖြစ်လာသည်။ တောင်ကုန်းတောင်တန်းများပေါ်တွင် ခြေကုပ်တည်ဆောက်ထားသောမြို့ကြီးမှာ အဝေးမှကြည့်လျှင် ထင်းနေသလို အနီးမှကြည့်ပြန်တော့လည်း ထည်ဝါနေပြန်ပါ၏။

ရှေ့တွင် တောင်ကမူလေးတစ်ခုရှိနေသည်။ ထိုတောင်ကမူလေး ကျော်လျှင်တော့ မြို့တွင်းသို့ သူတို့နှစ်ဦးရောက်ပေတော့မည်။ နှစ်ယောက်သား တစ်ယောက်လက်တစ်ယောက်ဆွဲရင်း လျှောက်လာကြရာ တောင်ကမူလေးအကျော်မှာတော့ သူတို့နှစ်ဦး မထင်မှတ်ထားသော အရာတစ်ခုကို တွေ့ရသည်။

အဲဒါက သူတို့ရှိရာနေရာ တောင်ကမူလေးနှင့်မြို့အကြားတွင် စမ်းချောင်းကလေးတစ်ခု။ ထိုစမ်းချောင်းလေးပေါ်တွင် သစ်သားတံတားလေးတစ်စင်း ထိုးထားပါ၏။ မြို့နှင့်တောင်ကမူနှစ်ခုကို စိမ့်စမ်းချောင်းလေး ခြားထားပုံကရော၊ ထိုစမ်းချောင်းပေါ်မှ သစ်သားတံတားလေးကရော မြင်ရသည်မှာ ကဗျာပင်ဆန်နေသေးတော့၏။

တံတားဟိုဘက်ခြမ်းတွင်တော့ ကျောက်ဆိုင်းဘုတ်တစ်ခု ဆိုက်ထူထားသည်။ သူတို့ရပ်နေရာမှပင် လှမ်းဖတ်ကြည့်မိတော့ . . .

LASAR (လာဆာမြို့)

ပင်လယ်ရေမျက်နှာပြင်မှ အမြင့် – 11,831 ပေ

ဒီလိုနှင့် လျှောက်လာကြရင်း တံတားကိုကျော်ဖြတ်ပြီးသွားသည့် အခါတွင် . . .

“ကို . . . ဂျူဂျူးတို့ ဘယ်သွားကြမှာလဲ”



ဂျူဂျူးက သွားလာလှုပ်ရှားနေကြသော လူတွေကိုကြည့်ရင်း မေးသည်။ ထို့ကြောင့် ဇီနိုခြေလှမ်းကိုရပ်ကာ ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပါ၏။

ဇရပ်မှအဘိုးကြီး အမှာစကားများအရတော့ သူတို့ 'ပိုလာတာ' နန်းတော်ကို သွားရပေမည်။ ပိုလာတာနန်းတော်က ဘယ်အရပ်မှာနည်း။ သူမသိ။ မေးရအောင်ကလည်း တွေ့သမျှလူအကုန်လုံးက ကိုယ့်အာရုံနှင့်ကိုယ် သွားလာလှုပ်ရှားနေကြသည်က များသည်။ ဇီနိုသတိရကာ လည်ပင်းမှ ကော့လုန်ဆိုသော အဘိုးကြီး၏ဆွဲကြိုးကို စမ်းကြည့်မိတော့ ပုံစံမပျက်ရှိနေပါသေး၏။

ဇီနို ပတ်ဝန်းကျင်ကို မျက်စိကစားနေရင်းမှ တစ်နေရာအရောက်မှာတော့ မျက်လုံးအကြည့်မှာ ရပ်တန့်သွားတော့သည်။ ရင်ထဲမှာလည်း တမုဟုတ်ချင်း ဝမ်းသာသွားပါ၏။ ဌာနတစ်ခု၏ဆိုင်းဘုတ်ကိုတွေ့လိုက်ရသောကြောင့် ဖြစ်သည်။

ချက်ချင်းပင် ဂျူဂျူး၏လက်အား လှုပ်ယမ်းလိုက်ကာ . . .

“လာ . . . ကိုယ်တို့ ဟိုဌာနကိုသွားမေးရအောင်”

ညွှန်ပြရာနေရာကိုကြည့်၍ ဂျူးဂျူးက ဌာနဆိုင်းဘုတ်ကို အသံထွက်ဖတ်သည်။

“စုံစမ်းရန်ဌာန”

ကင်းတဲသာသာ အဆောက်အဦလေးပင် ဖြစ်ပါ၏။ သို့သေမဲ့ အုတ်ဖြင့် အခိုင်အမာတည်ဆောက်ထားသည်။ သူတို့နှစ်ဦးဝင်သွားလိုက်တော့ သံတိုင်များနောက်မှ လူငယ်တစ်ဦးက . . .

“ဘာများ အကူအညီပေးရမလဲခင်ဗျ”

“ကျွန်တော်တို့ ပိုလာတာနန်းတော်ကို သွားချင်လို့ပါ။ ဘယ်လိုသွားရမှန်းမသိလို့ အကူအညီတောင်းတာပါ”

လူငယ်က သူတို့နှစ်ဦးကို သေချာကြည့်သည်။ ပြီးတော့ . . .

“စိတ်မရှိနဲ့ခင်ဗျာ . . . တာဝန်အရမို့လို့ပါ။ ပိုလာတာနန်းတော်



www.burmeseclassic.com

www.burmeseclassic.com

ကို ဘာသွားလုပ်မှာလဲ မသိဘူး"

"ဒလိုင်းလာမာနဲ့ တွေ့ချင်လို့ပါ"

သူ့အဖြေစကားကြောင့် မေးသူလူငယ်မှာ အံ့သြသွားလေသည်။ အံ့အားသင့်ဟန် မျက်လုံးအစုံဖြင့် ခြေဆုံးခေါင်းဆုံးကြည့်ရင်း . . .

"ဒလိုင်းလာမာနဲ့တွေ့ဖို့ဆိုရင် ကြိုတင်ရက်ချိန်းယူရပါတယ်။ ရက်ချိန်းပြည့်မှ တွေ့ခွင့်ကဒ်ပြပြီး တွေ့လို့ရတာပါ။ ဒါနဲ့ ဒလိုင်းလာမာဆိုတာ ဘယ်သူဆိုတာရော သိရဲ့လားမသိဘူး"

ဇီနီနှင့်ဂျူးဂျူး တစ်ယောက်ကိုတစ်ယောက်ကြည့်ရင်း . . .

"မသိပါဘူး"

"ဒလိုင်းလာမာဆိုတာ ဒီတစ်မြို့လုံးကိုအုပ်ချုပ်တဲ့ တိဗက်ရဟန်းမင်းပါ"

ထိုစကားကြောင့် ဇီနီနှင့်ဂျူးဂျူးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားသည်။ အနည်းငယ်လည်း စိုးရွံ့သွားပါ၏။ သူတို့က အခုမှရောက်လာတဲ့ဧည့်သည်တွေ။ ဘယ်လိုလုပ် ရက်ချိန်းယူနိုင်မည်နည်း။ အချိန်အကြာကြီးလည်း မစောင့်နိုင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒလိုင်းလာမာနှင့်တွေ့မှရပေမည်။

"ကျွန်တော်တို့က အခုမှရောက်လာတဲ့ ဧည့်သည်တွေပါဗျာ။ ရက်ချိန်းလည်း မယူရသေးပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့ ဒလိုင်းလာမာနဲ့တွေ့မှ ဖြစ်မှာမို့လို့ပါ။ အရေးကြီးကိစ္စလည်း ပါလာပါတယ်။ နောက်ပြီး ကျွန်တော်တို့က ကောလုခ်ရဲ့မိတ်ဆွေတွေပါ"

"ကောလုခ်"

ထိုလူငယ်က တိုးတိုးရေရွတ်ရင်း မသိကြောင်းခေါင်းယမ်းသည်။ နောက် အရေးတကြီး အလျင်စလိုဟန်ဖြစ်နေသော သူတို့နှစ်ယောက်ကိုလည်း ကြည့်သည်။ ပြီးတော့ မျက်မှောင်ကြုတ်၍စဉ်းစားသည်။ အတော်ကြီးကြာမှ သက်ပြင်းတစ်ခုကိုချကာ . . .

"ကောင်းပြီလေ . . . အရေးကြီးတယ်ဆိုရင်လည်း ကျွန်တော်



[illegible]။ တွေ့ခွင့်ရတာ၊ မရတာတော့ ခင်ဗျားတို့ကံပေါ့"

ဇီနီနှင့်ဂျူးဂျူး လိုက်ခဲနဲ့ပင် ဝမ်းသာသွားရကာ မျက်နှာတွေမှာလည်း ဝင်းသွားသည်။ ထိုစဉ်မှာပင် လူငယ်က တည်ငြိမ်လေးနက်သောလေသံဖြင့် . . .

"ဒလိုင်းလာမာက . . . 'အ'မပါတဲ့အရပ်မှာရှိတဲ့ တောင်မဟုတ်တဲ့တောင်တစ်လုံးပေါ်မှာ သတင်းသုံးနေပါတယ်။ ဒလိုင်းလာမာသတင်းသုံးနေထိုင်တဲ့ကျောင်းတော်က ပိုလာတာနန်းတော်ပါပဲ"

ပြောပြီး ထိုလူရွယ်မှာ ထသွားလေတော့သည်။ ဘာတွေပြောသွားမှန်းမသိ။ ကြိုးကြည့်ကြောင်ကြည့်နှင့် ကျန်ခဲ့သော သူတို့နှစ်ယောက်မှာတော့ . . .

ဘာတွေလဲ . . . ခေါင်းကိုကုတ်ရင်း သူနှင့်ဂျူးဂျူး ထွက်လာခဲ့သည်။

'အ' မပါတဲ့အရပ်၊ သူတို့မကြားဖူး၊ အရှေ့အနောက် တောင်မြောက်သာသိလေသည်။ ဘယ်လို 'အ'မပါတဲ့အရပ်လဲ။ သူတို့မသိသေးတဲ့ အရပ်မျက်နှာသစ်တစ်ခုခုလား။ ဒါမှမဟုတ် ဒီမြို့၏ အခေါ်အဝေါ်တွေကို သူတို့နားမလည်တာလား။

ဒုတိယတစ်ခုက ဖြစ်နိုင်ချေနီးစပ်လေသည်။

ဤလာဆာမြို့မှာ ရှေးဟောင်းဗိသုကလက်ရာ အဆောက်အဦတို့မှလွဲ၍ တော်တော်ကြီးကို တိုးတက်နေသည်ဟု သူထင်သည်။ အထူးသဖြင့် လူတွေ၏ဦးနှောက်ပိုင်း၊ အတွေးအခေါ်ပိုင်း တိုးတက်နေသည်ကို ထိုလူများသုံးသော အဆောင်အယောင်ပစ္စည်းများကို ကြည့်ခြင်းဖြင့်သိသည်။

ရာစုနှစ်တစ်ခုစာလောက် နောက်ကျနေသော ဗိသုကာလက်ရာတွေကတော့ ရှေးဟောင်းမြို့တော်တစ်ခုဟု နာမည်တပ်ရလောက်အောင် အနုစိပ်ကျသည်။ အနုပညာမြောက်သည်။ ထို့ကြောင့်ပင် ဤလက်ရာများကို မပျောက်မပျက် ထိန်းသိမ်းထားတာ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘာပဲပြောပြောပါ။ ရှေးဟောင်းမြို့တော်ပင် ဖြစ်သော်ငြား ယခုမြို့သူမြို့သားတွေကတော့ သစ်နေတာသေချာသည်။

ဒီတော့ 'အ'မပါတဲ့အရပ်ဆိုတာ သူတို့နားမလည်သော ဤမြို့၏ အရပ်မျက်နှာ အခေါ်အဝေါ်သစ်တစ်ခု ဖြစ်နိုင်ပါ၏။ ဒါဆိုဘာနည်း၊ ဘယ်အရပ်မျက်နှာကို ခေါ်တာနည်း။ ထိုစဉ်မှာပင် . . .

"အရှေ့အနောက်၊ တောင်မြောက် . . ."

ဂျူဂျူးက တိုးတိုးရေရွတ်သည်။

"အရှေ့အနောက် . . . တောင်မြောက် . . ."

"အရှေ့အနောက် . . ."

"ဟင် . . ."

သူ၏ အလျင်စလို အာမေဍိတ်သံကြောင့် ဂျူဂျူးပင်အတွေးကို ရပ်ကာ မော့ကြည့်သည်။

"အရှေ့အနောက် . . ."

အလျင်စလိုရွေရွတ်ကာ အနည်းငယ် တွေဝေပြီးသွားသည့်နောက် . . .

"ဟုတ်ပြီ . . . သိပြီ . . . 'အ' မပါတဲ့အရပ်ဆိုတာ တောင်နဲ့မြောက်အရပ်ကိုပြောတာ။ အရှေ့နဲ့အနောက်မှာ 'အ' ပါတယ်"

ဇီနို၏စကားသံအဆုံး . . .

"ဒါ . . . ဒါဆို ပိုလာတာနန်းတော်က တောင်နဲ့မြောက်အရပ်မှာရှိတာပေါ့ . . . ဟုတ်လား။ ဘယ်လိုကြီးလဲ . . . ဆန့်ကျင်ဘက်ကြီး"

ဂျူဂျူးက တွေးတွေးဆဆဝင်ပြောသည်။ ဟုတ်လည်းဟုတ်နေသည်။ တောင်နဲ့မြောက်ဆိုတာ ဆန့်ကျင်ဘက်အရပ်မျက်နှာနှစ်ခု မဟုတ်ပါလား။ ဇီနိုစဉ်းစားသွားသည်။ ဒါပေမဲ့ သိပ်မကြာပါ။

"နေဦး . . . ခုနပြောသွားတဲ့ထဲမှာ 'အ' မပါတဲ့အရပ်မှာရှိတဲ့ တောင်မဟုတ်တဲ့ တောင်တစ်လုံးပေါ်မှာလို့ပါတယ်။ 'အ' မပါတဲ့အရပ်



ဆိုတာကတော့ တောင်နဲ့မြောက်အရပ်။ တောင်မဟုတ်တဲ့ **တောင်တစ်**လုံးဆိုတော့ . . . တောင်အရပ်မဟုတ်တဲ့ မြောက်အရပ်က **တောင်တစ်**လုံးပေါ်မှာလို့ ပြောတာဖြစ်ရမယ်"

ဇီနို၏စကားအဆုံး ဂျူဂျူးက ဝမ်းသာအားရဖြင့် . . .

"အင်း . . . ဟုတ်မယ် . . . . ကိုပြောတဲ့အတိုင်း ပိုလာတာနန်းတော်က မြောက်အရပ်က တောင်တစ်လုံးပေါ်မှာပဲ ဖြစ်လိမ့်မယ်"

သူတို့နှစ်ဦးစလုံး၏မျက်နှာများ ဝင်းသွားသည်။ တစ်ယောက်လက်တစ်ယောက်လည်း ဆုပ်ကိုင်မိသွား၏။

ထို့နောက်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# IX

ခပ်ဝေးဝေးကတည်းက ခေါင်းလောင်းထိုးသံတွေကို ကြားနေရသည်။ ပျံ့လွင့်လာသော အကြားအာရုံအရဆို ခေါင်းလောင်းထိုးသံသည် တောင်ကုန်းမြင့်တစ်ခုပေါ်မှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ရိပ်စားမိသည်။

ဒါပေမဲ့ သူတို့နှစ်ဦးစလုံး ခေါင်းလောင်းသံထွက်ပေါ်လာရာ တောင်ကို မမြင်ရသေး။ အကြောင်းမှာ ရှေ့တွင် တောင်ကုန်းမြင့်တစ်ခုနှင့် ထိုတောင်ကုန်းပေါ်မှ အဆောက်အဦတစ်ခုခံနေသောကြောင့် ဖြစ်သည်။ ပြီးတော့ လမ်းမှာလည်း ထိုတောင်ကုန်းကိုပတ်ကာ ကွေ့ကောက်နေသည်။

ဓိနိုနှင့်ဂျူဂျူး ပတ်ဝန်းကျင်ကို တအံ့တသြငေးနေမိသည်။ မြို့ခံလူတွေ၏ ပုံပန်းသဏ္ဌာန်က တရုတ်စစ်စစ်ပုံမပေါက်သော်လည်း တရုတ်နွယ်ဝင်၊ တရုတ်သွေးစပ်သည်ဆိုတာတော့ ပြော၍ရသည်။ တွေ့သမျှလူတိုင်းသည်လည်း အလုပ်နှင့်လက် ပြက်သည်ကိုမတွေ့ရ။ လူတိုင်းတစ်ခုမဟုတ်တစ်ခု လုပ်နေကြသည်။



ဒီလိုနှင့် ရှေ့တွင်ကာဆီးထားသော ကုန်းမြင့်အား ကျော်ဖြတ်လွန်မြောက်ပြီးသွားသည့်အခါမှာတော့ . . .

ဓိနိုနှင့်ဂျူဂျူး နှစ်ယောက်စလုံး ကိုယ့်မျက်စိပင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားတော့သည်။ အကြောင်းကား . . .

တကယ်ကို ကြီးကျယ်ခမ်းနားသော နန်းတော်ကြီး။ ရွှေရောင်ငွေရောင် ပြိုးပျက်ပျက်နှင့် နတ်ဘုံနတ်နန်းတမျှ လှပနေသည်။ တောင်ကုန်းမြင့်ပေါ်တွင် အခြေယူတည်ဆောက်ထားသည်ကတစ်ကြောင်း၊ နံဘေးမှ အဆောက်အဦငယ်လေးတွေမှာလည်း ထိုနန်းတော်နှင့် လားလားမျှမယှဉ်နိုင်သည်က တစ်ကြောင်းတို့ကြောင့် အမြင်မှာ ပေါ်လွင်ထင်ရှားနေခြင်းဖြစ်သည်။

မြင်ရုံနှင့် သိလိုက်ပါပြီ။ ဒါသည် ပိုလာတာနန်းတော်မဟုတ်၍ ဘာဖြစ်မည်နည်း။ ရှေ့လမ်းမပေါ်တွင်လည်း သူတို့ကဲ့သို့ သွားလာလှုပ်ရှားသူများကိုတွေ့ရသည်။

ဒီလိုနှင့် လျှောက်လာကြရင်း သူတို့နှစ်ယောက် ပိုလာတာနန်းတော်ရှေ့သို့ ရောက်လာပါ၏။ နန်းတော်မှာ တောင်ကုန်းပေါ်တွင်တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် အောက်ခြေသို့ လှေကားအဆင့်ဆင့်သွယ်တန်းထားသည်။

မုခ်ဦးဝတွင် လာမာဝတ်စုံနှင့် ဘုန်းကြီးနှစ်ပါးထိုင်နေပါ၏။ သူတို့နှစ်ဦးရောက်သွားတော့ ထိုလာမာဘုန်းကြီးများက အပြုံးဖြင့် ခရီးဦးကြိုပြုသည်။ အသက်ခပ်ကြီးကြီး ဘုန်းကြီးတစ်ပါးက . . .

"ဘုန်းကြီးတို့ ဘာအကူအညီပေးရမလဲ . . . မောင်ရင်"

"ကျွန်တော်တို့ ဒလိုင်းလာမာနဲ့ တွေ့ချင်လို့ပါ"

လာမာဘုန်းကြီးက ပြုံးသည်။

"ဒီအချိန် ဖူးတွေ့ချိန်မဟုတ်ဘူးကွယ့်။ ဖူးတွေ့ချိန်က ညနေမှ။ ညနေကျမှ ပြန်လာခဲ့ပါလား မောင်ရင်"

"ဟာ . . . မဖြစ်ဘူးခင်ဗျ။ ကျွန်တော်တို့က လူး[illegible](စ်)မြို့က



www.burmeseclassic.com

www.burmeseclassic.com

လာခဲ့ရတာပါ။ ကော့လုခ် မိတ်ဆွေတွေပါ။ ဒီမြို့ကိုလည်း ကော့လုခ် လွှတ်လိုက်တာ"

"ကော့လုခ် . . . "

လာမာဘုန်းကြီးက တအံ့တသြရေရွတ်သည်။ ပြီး သူတို့နှစ်ဦးကိုကြည့်ကာ အလျင်စလိုဖြင့် . . .

"ကော့လုခ် . . . လက်တွေ့ပဓာနဝါဒ ကော့လုခ်ကိုပြောတာလား"

"ဗျာ . . . "

ဇီနိုကြောင်သွားသည်။ ကြောင်တောင်တောင်နှင့် ဂျူဂျူးကိုလှည့်ကြည့်တော့ ဂျူဂျူးလည်းသူ့လိုပင် ကြောင်စီစီဖြစ်နေပါ၏။

'လက်တွေ့ပဓာနဝါဒကော့လုခ်' ဇီနိုစိတ်ထဲမှ တိုးတိုးရေရွတ်မိသည်။ သူနားမရှင်းပါ။ ကော့လုခ်ဆိုတာတော့ သေချာပါ၏။ နှစ်ဦးစလုံးကို သေချာပြောလိုက်သည်။ လက်တွေ့ပဓာနဝါဒကော့လုခ် ဟုတ်၊ မဟုတ်တော့မသိ။

ထိုစဉ်မှာပင် ဇီနို တစ်စုံတစ်ရာကို သတိရသွားကာ . . .

"ဩော် . . . ကျွန်တော်တို့ကို ကော့လုခ်က ဒီဆွဲကြိုးလေးပေးလိုက်ပါတယ်။ ဒလိုင်းလာမာကိုတွေ့ရင်ပြလိုက်လို့ မှာလိုက်ပါတယ် ခင်ဗျ"

ဇီနို အလျင်အမြန်ပင် ဆွဲကြိုးအား လည်ပင်းမှချွတ်ကာ လာမာဘုန်းကြီးလက်တွင်းသို့ ထည့်ပေးလိုက်တော့ ဘုန်းကြီးက ယူကြည့်သည်။ ဆွဲကြိုးကို သေချာကိုင်တွယ်ကြည့်ရှုနေရင်း မျက်လုံးတို့ ဆွဲပြားအဝိုင်းလေးဆီ ရောက်သွားသည့်အခိုက်မှာတော့ . . .

"ဟင် . . . "

မျက်လုံးတို့ ပြူးကျယ်ဝိုင်းစက်သွားကာ အာမေဋိတ်သံကျယ်ကျယ်ပင် ထွက်သွားပါ၏။ ခန္ဓာကိုယ်ပင် တစ်ချက်တုန်သွားလားမသိ။

မယုံနိုင်စွာ သူတို့နှစ်ယောက်ကိုကြည့်သည်။ ပြီးတော့ ဆွဲကြိုးကိုထပ်ကြည့်သည်။

အလျင်လိုသောအမူအရာတို့ မျက်နှာမှာ ရုတ်ခြည်း ပေါ်လွင်ထင်ရှားလာပြီးသည့်နောက် . . .

ဝုန်းခနဲထရပ်လိုက်ကာ . . .

"မောင်ရင်တို့ ဒီမှာခဏစောင့်ပါ။ ဘုန်းကြီး ဒလိုင်းလာမာကိုသွားပြောပေးမယ်"

ပြောပြီးသည်နှင့်တစ်ပြိုင်နက် အပေါ်သို့ပြေတက်သွားပါ၏။ ကျန်ရစ်ခဲ့သော သူတို့နှစ်ယောက်မှာတော့ ရှုပ်ထွေးလိမ်ပွေသော အတွေးကိုယ်စီနှင့်။

သူတို့သိသလောက်တော့ ကော့လုခ်မှာ သူဖုန်းစားပင်ဖြစ်သည်။ ဒါပေမဲ့ သူဖုန်းစားတစ်ယောက်၏စကား၊ ပေးလိုက်သောဆွဲကြိုးတစ်ကုံးကား ဤမျှလောက် တာသွားခဲ့သည်လား။

• • •

မကြာလိုက်ပါ။ ထိုလာမာဘုန်းကြီးမှာ အလျင်စလိုပြန်ပြေးဆင်းလာပြီး . . .

"ဒလိုင်းလာမာက မောင်ရင်တို့နှစ်ယောက်ကို တွေ့ဖို့စောင့်နေပါတယ်။ ဘုန်းကြီးနဲ့လိုက်ခဲ့ပါ"

သူတို့နှစ်ဦးစလုံး ထခုန်မတတ်ဝမ်းသာသွားလေသည်။ အားကိုးရာမရှိသော သူတို့အတွက် ရောင်နီနုနုတော့ သန်းလာပါပြီ။

ဒီလိုနှင့် လာမာဘုန်းကြီး၏ဦးဆောင်မှုအတိုင်း သူနှင့်ဂျူဂျူး လိုက်သွားလိုက်သည်။ လမ်းတစ်လျှောက်တွေ့ရသော အမြင်အာရုံတို့မှာ သူတို့နှစ်ဦးစလုံးအတွက် ဆန်းကြယ်နေပါ၏။ မြင်သမျှအရာရာတိုင်းသည် ခံစားတတ်သူတိုင်းအတွက် အနုပညာမြောက်နေသည်။

လွန်ခဲ့သောရာစုက ဤမြို့ကြီးသည် အနုပညာနှင့်ပတ်သက်၍




www.burmeseclassic.com

www.burmeseclassic.com

လွန်စွာ တိုးတက်ခဲ့ဟန်ရှိသည်။ ဤသို့ဖြင့် တမေ့တမော ဆွဲခေါ်သွားသော အနုပညာမြောက်မှုအဆင့်ဆင့်ကို ကျော်လွန်ပြီးသည့်နောက်မှာတော့ သပ်ယပ်ခမ်းနားသည့် ခန်းမကြီးတစ်ခုအတွင်းသို့ ရောက်သွားပါတော့သည်။

ခန်းမကြီး၏အလယ်တည့်တည့်၌ မင်းတစ်ပါး၏အဆောင်အယောင်နှင့် ဘုန်းကြီးတစ်ပါးထိုင်နေသည်။ မြင်ရုံနှင့် ဗိနိုနားလည်လိုက်သည်။ ယခု သူတို့ရှေ့မှပုဂ္ဂိုလ်သည် ဤဝင်ခွင့်မရမြို့ကို အုပ်ချုပ်နေသော ဒလိုင်းမာလာ။

ဘေးမှာ သက်တော်စောင့်ဖြစ်ဟန်တူသူအချို့လည်း ရှိနေပါ၏။ ထိုစဉ်မှာပင် . . .

"ကော့လုခ်မိတ်ဆွေတွေဆိုတာ မောင်ရင်တို့လား"

ဩဇာအပြည့်ပါသော အသံတစ်သံက ဒလိုင်းလာမာဆီမှ ထွက်လာသည်။ ထိုအသံ၌ မယုံကြည်ဟန် သံသယစွက်နေသည်ဟု ဗိနို ခံစားမိပါ၏။

"ဟုတ်ပါတယ်"

သူ၏ဖြေသံဆုံးတော့ . . .

"ဒီဆွဲကြိုး မောင်ရင်ဘယ်ကရတာလဲ"

ဒီတစ်ခါမေးသံက ခုနထက်ပင် မာထန်နေသည်။ ဗိနို့စိတ်ထဲတွင် အနည်းငယ် စနိုးစနောင့်ဖြစ်သွားသော်လည်း ရိုကျိုးစွာပြန်ဖြေလိုက်သည်။

"ကော့လုခ်ပေးလိုက်တာပါ"

ဗိနို၏ဖြေသံကိုကြားရတော့ ဒလိုင်းလာမာ၏မျက်နှာမှာ မထင်ရလောက်အောင် နီရဲတင်းမာသွားသည်။ ပြီး . . . သူတို့နှစ်ဦးအား စေ့စေ့ကြည့်ကာ . . .

"မောင်ရင်တို့ ဘာလို့လိမ်တာလဲ။ ဒီဆွဲကြိုး ဘယ်ကရသလဲ။ အမှန်အတိုင်းပြောပါ"



ဗိနို့စိတ်ထဲတွင် ဖျင်းခနဲဖြစ်သွားသည်။ မေးပုံက သူတို့နှစ်ဦးကို လုံးဝမယုံသည့်ပုံစံမျိုး။ ဗိနို မာနတစ်ချက်ကြွသွားကာ . . .

"မယုံလည်း မတတ်နိုင်ဘူး။ ဒီဆွဲကြိုးကို ကော့လုခ်ပေးလိုက်တယ်ဆိုတာတော့ အမှန်ပဲ။ ဒီကိုလာဖို့လည်း သူပဲလမ်းညွှန်လိုက်တာ"

သူ၏အသံမာဆတ်ဆတ်ကြောင့် ဒလိုင်းလာမာဘေးမှအစောင့်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ဒလိုင်းလာမာက သူ့လူများကို လက်ကာပြရင်း . . .

"မောင်ရင် ကော့လုခ်နဲ့တွေ့ခဲ့တာ တကယ်မှန်မမှန် ကျုပ်ကို ဘာနဲ့ သက်သေပြနိုင်မလဲ"

"ကျွန်တော်ပြပြီးသွားပြီလေ . . . အခု အရှင့်လက်ထဲမှာကိုင်ထားတဲ့ဆွဲကြိုးက ကျွန်တော့်ရဲ့သက်သေပဲပေါ့။ ဒီထက်ခိုင်လုံတဲ့သက်သေရှိဦးမလား"

ဒလိုင်းလာမာ ချက်ကောင်းထိသွားသလို တွေဝေသွားသည်။ ပြီး လက်ထဲမှဆွဲကြိုးအား မှုန်ရီရီကြည့်သည်။ နောက် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်ကာ . . .

"စိတ်မရှိပါနဲ့ မောင်ရင်၊ ကျုပ် အံ့ဩလွန်းသွားလို့ပါ။ အမှန်အတိုင်းပြောရရင် အခု မောင်ရင်ပြောနေတဲ့ စကားတွေ၊ အကြောင်းအရာတွေအားလုံးကို ကျုပ်ဘယ်လိုမှ လက်မခံနိုင်ဘူး။ ဒါ ကျုပ်တစ်ယောက်တည်းမဟုတ်ဘူးနော်။ အခု ကျုပ်ဘေးမှာရှိနေတဲ့သူတွေရော၊ ဒီမြို့က လူတွေအကုန်လုံးလိုလို မောင်ရင် ဒီအကြောင်းတွေ သွားပြောပြ၊ မောင်ရင်ကို အရူးတစ်ယောက်လို့ပဲ သတ်မှတ်လိမ့်မယ်။ ဒါပေမဲ့ မောင်ရင်လိမ်ပြောနေတယ်လို့ ယူဆရအောင်ကလည်း အခု မောင်ရင်ပြတဲ့ဆွဲကြိုးက အမှန်အတိုင်းပြောရရင် ကျုပ်ရဲ့ဘိုးတော်ပိုင် နန်းစဉ်ရတနာတစ်ခုပဲ။ ဒီထက်တိတိကျကျပြောရရင် ကျုပ်ရဲ့ဘိုးတော် တတိယဒလိုင်းလာမာကိုယ်တိုင် ကော့လုခ်ကိုပေးခဲ့တဲ့ ဆွဲကြိုးပေါ့"

ဒလိုင်းလာမာစကားကို ခဏရပ်၍ သူတို့နှစ်ယောက်ကို ကြည့်



www.burmeseclassic.com

www.burmeseclassic.com

သည်။ ဇီနိုနှင့်ဂျူဂျူး အံ့သြနေပါ၏။ ကော့လုခ်ဆိုသောအဘိုးကြီးပေးလိုက်တဲ့ဆွဲကြိုးက ဒီတိုင်းပြည်ရဲ့ နန်းစဉ်ရတနာတစ်ခုဆိုပါလား။ ဘာတွေနည်း။

ဝင်ခွင့်မရမြို့နှင့် ကော့လုခ်ကြားတွင် သူတို့မသိသော ဆက်နွယ်မှုတွေ၊ သမိုင်းနောက်ခံတွေ ရှိနေနိုင်သည်ထင်၏။ ထိုစဉ်မှာပင် ဒလိုင်းလာမာက စကားကိုဆက်သည်။

"ဒါပေမဲ့ ဘာပဲပြောပြောပါ။ မောင်ရင် ကော့လုခ်နဲ့ တကယ်တွေ့ခဲ့သည်ဖြစ်စေ၊ မတွေ့ခဲ့ဘူးဖြစ်စေ ကျုပ်ရဲ့ဘိုးတော်ပိုင် နန်းစဉ်ပစ္စည်းတစ်ခုကို ယူဆောင်လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နောက်ပြီး မောင်ရင်တို့နှစ်ယောက်က ကျုပ်တို့ဆီရောက်လာတဲ့ ဧည့်သည်တွေပါ။ ဒီတော့ မောင်ရင်တို့နှစ်ယောက် ကျုပ်တို့မြို့ကို ဘယ်လိုအကြောင်းကိစ္စမျိုးနဲ့ရောက်လာရသလဲ ပြောပါ။ ကျုပ်တို့ အတတ်နိုင်ဆုံး ကူညီပါ့မယ်"

ထိုအခါမှ ဇီနိုနှင့်ဂျူဂျူးနှစ်ယောက်စလုံး သက်ပြင်းချကာ တစ်ယောက်ကိုတစ်ယောက် ကြည့်မိသည်။ သူတို့နှစ်ဦး၏မျက်နှာတွင် အပြုံးနွမ်းနွမ်းတို့တွဲခိုနေပါ၏။ နောက် ဇီနိုက ရောက်လာရပုံဖြစ်စဉ်ကြောင်းကုန်စင်ကို လေသံအေးအေးဖြင့် ပြောပြသည်။

သူတို့နှစ်ဦးမှာ လူးကပ်(စ်)မြို့မှ ချစ်သူနှစ်ဦးဖြစ်ကြောင်း၊ မိဘတို့က သဘောမတူ၍ ထွက်ပြေးလာကြောင်း၊ လမ်းတွင် ကော့လုခ်ဆိုသောအဘိုးကြီးနှင့်တွေ့၍ ဤဝင်ခွင့်မရမြို့သို့လာရန် ကူညီလိုက်ကြောင်း စသည်တို့ကို အတိုချုပ်ပြီး ရှင်းပြလိုက်တော့ . . .

ဇီနို၏စကားအဆုံးတွင် အခုမှသတိရသလိုပုံစံမျိုးနှင့် ဒလိုင်းလာမာက မေးခွန်းတစ်ခုမေးသည်။

"မောင်ရင် အခုပြောပြသွားတဲ့ အကြောင်းအရာတွေထဲက တချို့ကို အသိစိတ်က လက်မခံချင်ပေမဲ့လည်း မောင်ရင် လိမ်ပြောနေတာမဟုတ်ဘူးလို့ ကျုပ်ယုံကြည်ပါတယ်။ ဒီတော့ ကျုပ်ရဲ့ ယုံကြည်စိတ်လေး ပိုခိုင်သွားအောင် မောင်ရင် မေးခွန်းတစ်ခုလောက် ထပ်ဖြေ



ပေးနိုင်မလား"

ဇီနို ခေါင်းညိတ်လိုက်သည်။

"ရပါတယ် . . . ကျွန်တော်ဖြေပေးပါ့မယ်"

"မောင်ရင် ကော့လုခ်နဲ့တွေ့တဲ့အချိန်မှာ ကော့လုခ်က တစ်ယောက်တည်းလား"

"မဟုတ်ပါဘူး။ သူ့ဘေးမှာ အသက်ငယ်ငယ်ကောင်လေးတစ်ယောက်ရှိပါတယ်"

စကားကိုရပ်ကာ ဒလိုင်းလာမာကိုကြည့်လိုက်တော့ ဣန္ဒြေပျက်မတတ် အံ့သြတုန်လှုပ်သွားသည်ကို တွေ့လိုက်သည်။

"ကျွန်တော့်စိတ်ထင် အဲဒီကောင်လေးက အနာဂတ်ကို ကြိုတင်နိမိတ်ဖတ်နိုင်သလိုပဲ"

သေချာသွားပေပြီ။ ဒလိုင်းလာမာ အကြီးအကျယ်ကို မျက်နှာပျက်သွားတာပါ။ ဇီနိုကြည့်နေစဉ်မှာပင် ဒလိုင်းလာမာက သူ့လူတွေကို ဘာပြောလိုက်သည်မသိ၊ အခန်းထဲမှလူတချို့ ထွက်သွားသည်။ မကြာလိုက်ပါ။ ခုနထွက်သွားသော လူအချို့မှာ ပိတ်ကားလိုလို လေးထောင့်မကျတကျ ကားချပ်တစ်ခုကိုထမ်း၍ ပြန်ဝင်လာပါ၏။

ထိုစဉ် ဒလိုင်းလာမာက သူတို့နှစ်ယောက်ကိုကြည့်ကာ . . .

"မောင်ရင်တို့တွေ့ခဲ့တဲ့ ကော့လုခ်နဲ့ ကောင်လေးတစ်ယောက်ဆိုတာ သူတို့လား . . . ကြည့်ကြပါဦး"

ထမ်းလာသောလူများက ပခုံးပေါ်မှ ပစ္စည်းကိုချရင်း သူတို့မျက်နှာမူရာဘက် လှည့်ပြလိုက်သည်တွင် . . .

"ဟာ . . ."

"ဟင် . . ."

ဇီနိုနှင့်ဂျူဂျူး လုံးဝကို အံ့အားသင့်သွားတော့သည်။ သူတို့မျက်စိရှေ့မှာရှိနေသည့်အရာက ရှေးဟောင်းလက်ရာ ပန်းချီကားချပ်ကြီး။ ထိုပန်းချီကားချပ်ကြီးထဲမှ ရုပ်ပုံနှစ်ပုံကား . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပါတယ်"

"ဟုတ်တယ် . . . သူတို့နှစ်ယောက်ပဲ"

မြိုင်တူလိုထွက်သွားကြသော အဖြေစကားသံတို့ကြောင့် ဒလိုင်းလာမှာ ခေါင်းညိတ်သည်။ ဒီတစ်ခါတော့ ခုနလို အံ့သြဟန်မပြတော့ပါ။ သူတို့ကို ယုံသွားပြီထင်ပါ၏။ ပန်းချီကားကိုကြည့်၍ ဇီနိုလည်း အံ့သြသွားသည်။

ပန်းချီကား၏ အဆင်အပြင်၊ အနားသပ်ထားသော ရွှေရောင်အထိန်းအကွပ်နှင့် ခြူးပန်းခြူးနွယ်များ။ ပြီးတော့ မျက်နှာအပြည့်ဖုံးထားသော မှန်ကြည်ပြားကြီး။

စသည်တို့ကို ကြည့်ခြင်းအားဖြင့် ဒီပန်းချီကားကို တရိုတသေ တန်ဖိုးထားကြောင်း သိသာလှသည်။ ပန်းချီလက်ရာနှင့် အပြင်ပုံသဏ္ဌာန်က အနည်းငယ်ကွဲပြားနေသော်လည်း ပီပြင်ပါသည်။ ယုတ်စွအဆုံး ပန်းချီကားထဲမှ အင်္ကျီအဝတ်အစားနှင့် အပြင်မှာ သူတို့တွေ့သော အဝတ်အစားပင် နှစ်ယောက်စလုံးတူနေသည်။

မျက်မြင်ကိုယ်တွေ့ တွေ့ခဲ့စဉ်က ကော့လုန်နှင့်ကောင်လေးမှာ စုတ်ပြတ်နံချာလှသည့် သူတောင်းစားနှစ်ဦးပင်ဖြစ်သည်။ ယခု သူတို့နှစ်ယောက်မှာ ဤဝင်ခွင့်မရမြို့၌ ပန်းချီဆွဲ၍ပင် မှတ်တမ်းတင်ရလောက်အောင် အရှိန်အဝါရှိနေသည်ဆိုသည်ကား . . .

ဇီနို ဘယ်လိုမှမတွေးတတ်အောင်ပင် ဖြစ်သွားတော့သည်။ ဘာတွေလဲ၊ ဒီဝင်ခွင့်မရမြို့ကရော ဘယ်လိုမြို့လဲ။

ကော့လုန်ကရော ဘာလဲ။

ဟိုကောင်လေးကရော . . .

ထိုစဉ် . . .

"ကဲ . . . မောင်ရင် ဦးနှောက်အခြောက်ခံပြီး ဘာမှတွေးမနေနဲ့တော့။ မောင်ရင်တို့ပင်ပန်းလာကြတာ နားလိုက်ဦး"

ထိုသို့ပြောပြီး ဒလိုင်းလာမာက သူ့လူများကို ညွှန်ကြားသည်။



ဒီလိုနှင့် ဇီနိုနှင့်ဂျူဂျူးတို့ ခန်းမထဲမှထွက်ရန်ပြင်စဉ်၌ . . .

"သြော် . . . ဒါနဲ့မောင်ရင်၊ မောင်ရင်တို့နှစ်ယောက်က အခုမှ ထွက်ပြေးလာကြတာဆိုတော့ မင်္ဂလာမဆောင်ရသေးဘူးပေါ့"

ဇီနိုနောက်လှည့်ကြည့်ရင်း ပြန်ဖြေလိုက်သည်။

"ဟုတ်ပါတယ် . . . မင်္ဂလာမဆောင်ရသေးပါဘူး"

သူ၏အဖြေကြောင့် ဒလိုင်းလာမာက ကျေကျေနပ်နပ်ပြုံးသွားသည်။

ထိုအပြုံးကြောင့် ဇီနိုပင် ကြောင်အမ်းအမ်းဖြစ်သွား၏။

"အင်း . . . ဒါဆို အတော်ပါပဲ"

ဘာအဓိပ္ပာယ်မှန်း သူမသိပါ။ သူမသိသလို ဂျူဂျူးလည်းမသိပါ။ သို့သော် ထိုမသိမှုကိုသိအောင် မတွေးနိုင်သေးခင်မှာပင် သူတို့နှစ်ယောက်မှာ ဦးဆောင်လမ်းပြသူတွေနောက် ပါသွားရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# X

အနောက်ကောင်းကင်ဆီမှ ကြက်ဥနှစ်ရောင်တိမ်စိုင်တချို့ ပါးလျနီစွေးနေသည်။ အလင်းပျောက်လုပျောက်ခင် ပတ်ဝန်းကျင်ကို မှောင်ရိပ်ပျိုးသည့် လေနုအေးက သိမ်းသွင်းနေပါ၏။

ဝတ်ရုံရှည်ဖားဖား၏ လက်မောင်းအိုးနှစ်ဖက်ကို ဟန်ကျပန်ကျ ပိုက်ထားရင်း လုခ်အဘိုးအိုရပ်နေသည်။ လေ၏ပွတ်ထိုးကျီစယ်မှုကြောင့် လုခ်အဘိုးအို၏ ဝတ်ရုံပွပွကြီးမှာ ကော့ညွတ်ပျံ့ဝဲနေပါ၏။

နေဝင်ရာကို မျက်နှာမူရပ်နေရာမှ လမ်းလေးခွဆုံဘက်သို့ လှည့်ကြည့်ရင်း . . .

"ဘယ်လိုလဲကွ . . . ဝိုဒင်၊ မိုးချုပ်ပြီ။ မင်းအခုထိ အဖြေမရသေးဘူးလား"



လုခ်အဘိုးအို၏အမေးကြောင့် ဝိုဒင်လမ်းညွှန်ဆိုင်းဘုတ်အောက် တည့်တည့်တွင် ထိုင်နေရာမှ ခေါင်းယမ်းပြသည်။ သူ့ပုံစံကိုကြည့်၍—

"ဝင်ခွင့်မရမြို့ကို အရည်အချင်းမရှိပဲနဲ့ မရောက်ဘူးဆိုတာ မင်းယုံပြီမလား"

သူ ခေါင်းညိတ်ပြလိုက်၏။ ထိုအခါမှ လုခ်အဘိုးအိုက . . .

"ဆိုင်းဘုတ်က စကားလုံးတစ်လုံးချင်းစီကိုပေးထားတဲ့ မိုင်အကွာအဝေးတွေနဲ့ ချိန်ကိုက်ကြည့်လိုက်။ အဲဒီထဲမှာ အဖြေရှိတယ်၊ ဥပမာ (Jewish) ဆိုပါတော့။ ပေးထားတာက (၁၀)မိုင်၊ (Jewish) တစ်လုံးချင်းစီကို (၁၀)ရအောင် ဘယ်လိုပေါင်းမလဲ။ အဲဒါ အဖြေပဲ။ မင်းနားလည်အောင် လွယ်လွယ်ပြောရရင် (Jewish) မှာ သရစကားလုံးကို (၃)လို့ထား၊ ဗျည်းကို (၁)လို့ထားပြီး ပေါင်းလိုက်ရင် (၁၀)ရလိမ့်မယ်။ အဖြေက (၁၀)မိုင်ပေါ့။ ဒီပြင်မြို့တွေလည်း ဒီအတိုင်းပဲ။ ကဲ . . . ဝင်ခွင့်မရမြို့က ဘယ်မြို့လဲဆိုတာ မင်းလိုက်ပေါင်းကြည့်။ ဝင်ခွင့်မရမြို့က ခရီးမိုင်အနီးဆုံးမြို့"

လုခ်အဘိုးအိုပြောမှပင် ဝိုဒင်သဘောပေါက်ကာ လိုက်ပေါင်းကြည့်လိုက်၏။ မကြာပါ။ သူ့နှုတ်မှအဖြေတစ်ခု ထွက်သွားသည်။

"Lasar မြို့ . . . ဟုတ်လား"

လုခ်အဘိုးအိုက ခေါင်းညိတ်ပြလေသည်။ ဝိုဒင် Lasar ဟု ဆိုင်းဘုတ်ညွှန်ပြရာလမ်းကို မျှော်ငေးကြည့်ရင်း . . .

"ဒါဆို ဟိုနှစ်ယောက်က ဒီလမ်းအတိုင်းသွားကြတာပေါ့"

"ဟုတ်တယ် . . . အခုဆို သူတို့ရောက်နေလောက်ပြီ"

"ဒါနဲ့ နေပါဦးဗျ။ ကျွန်တော်တို့သွားတုန်းက ဒီလမ်းမဟုတ်ပါဘူး"

သူ၏အမေးကြောင့် လုခ်အဘိုးအိုက ခေါင်းညိတ်ကာ . . .

"ငါတို့သွားတုန်းက ဟိုဘက်လမ်းကသွားတာလေ။ ဒီလမ်းက အသုံးမပြုတာ ကြာပြီကွ။ ဘယ်သူမျှလည်း ဒီလမ်းကမသွားကြဘူး။



www.burmeseclassic.com

www.burmeseclassic.com

သူတို့ကိုယ်တိုင်ကိုက အသုံးမပြုတော့ လမ်းက မေ့သလောက်တောင်ဖြစ်နေပြီကွ။ ဒါပေမဲ့ သူတို့ရောက်သွားမှာပါ။ ဇီနိုဆိုတဲ့သူငယ်က အရည်အချင်းရှိပုံပေါ်ပါတယ်"

ပတ်ဝန်းကျင်က လုံးဝကို မှောင်ကျသွားလေသည်။ လေက တိုက်သထက်တိုက်လာပါ၏။ ဝိုဒင် အကျီရင်ဘတ်ကို လက်ဖြင့်ဆွဲစေ့ရင်း . . .

"ပြန်ကြရအောင်ဗျာ။ ကျွန်တော်ချမ်းလာပြီ။ လေက မတရားတိုက်နေတာဗျ။ ဘကြီးရော မချမ်းဘူးလား"

လုခ်အဘိုးအိုက ခေါင်းကိုယမ်းကာ . . .

"လူကတော့ မချမ်းပါဘူးကွာ။ ဒါပေမဲ့ ငါ့ညာဘက်လက်ကတော့ နည်းနည်းအေးနေပြီ။ ဒါလည်းပဲ ကျင့်သားရနေတော့ အဲလောက်မဖြစ်တော့ပါဘူး။ မင်းပြန်ချင်တယ်ဆိုရင်လည်း ပြန်ကြရအောင်လေ"

ဤသို့ဖြင့် သူတို့နှစ်ဦး ဇရပ်ဆီသို့ ပြန်ခဲ့ကြပါ၏။ ဇရပ်နားရောက်ခါနီးတွင် ကောင်းကင်မှ မီးကျီတစ်ခဲ ကြွေကျလာသည်ကို အနီးကပ်မြင်ရသည်။

ထိုအချင်းအရာကိုကြည့်၍ လုခ်အဘိုးအိုက . . .

"လေဆိုတဲ့အရာက တော်တော်စွမ်းအားကြီးတာကွ။ တစ်ပြိုင်တည်းနဲ့ ပူလည်းပူနိုင်တယ်၊ အေးလည်းအေးနိုင်တယ်။ လေတိုက်ခံရရင်မင်းဘယ်လိုခံစားရလဲ"

"လေတိုက်တော့ အေးတာပေါ့ဗျ"

"အေး . . . ငါတို့အတွက်အေးပေမယ့် တချို့အတွက်ကျတော့ ပူတယ်ကွ။ အခုကောင်းကင်က မီးကျီခဲပြုတ်ကျတာကိုပဲကြည့် . . . တချို့က ဒါကို ကြယ်ကြွေတယ်လို့ပြောကြတယ်။ အမှန်က ကြယ်ကြွေတာမဟုတ်ဘူး။ စကြာဝဠာထဲမှာရှိတဲ့ သာမာန်ဥက္ကာခဲတစ်ခဲတို့ ကမ္ဘာပေါ်ကို ပြုတ်ကျလာတာ။ သူတို့မှာ အရောင်မရှိဘူး။ တန်ခိုးအနက္ခမရှိဘူး။ ဒါပေမဲ့ ဥက္ကာခဲရဲ့ ပင်ကိုသဘာဝအေးတယ်ဆိုတဲ့ ဂုဏ်သတ္တိတော့ရှိတယ်။



အအေးခဲကြီးလို့ပဲ ဆိုပါတော့ကွာ။ အဲဒီအအေးခဲကြီးက တို့ ကမ္ဘာပေါ်ကို အရှိန်နဲ့ပြုတ်ကျလာတဲ့အခါမှာ ကမ္ဘာကိုပတ်ခြုံထားတဲ့ လေထုနဲ့ပွတ်တိုက်မိပြီး မီးတွေပွင့်လာတယ်။ လေထုဖိအားနည်းတဲ့ ဟိုးအမြင့်ကနေစပြီး များတဲ့အောက်ခြေအထိ လေထုဖိအား အနည်းအများအလိုက် ပြုတ်ကျလာတဲ့ အရှိန်အနည်းအများအလိုက် မီးတောက်လောင်လာတဲ့သဘောပဲ။

အမှန်က တို့တွေ့ရတာက အပြင်ပန်းမီးတောက်နေတဲ့ မီးရောင်တွေကိုပဲတွေ့ရတာ။ ဥက္ကာခဲကို မတွေ့ရဘူး။ တွေ့လို့လည်းမရတော့ဘူးလေ။ ခရီးမိုင်ပေါင်းများစွာ ဖြတ်သန်းလာရတဲ့အရှိန်နဲ့ မီးတောက်လောင်မှုကြောင့် ဥက္ကာခဲက ကုန်သွားပြီ။ တို့ဆီရောက်တော့ မကျန်တော့ဘူး"

လုခ်အဘိုးအိုက တမေ့တမောရှင်းပြရင်း စကားကိုရပ်သည်။ ပြီးနောက်မှ လိုက်လာသော သူ့ကိုလှည့်ကြည့်ကာ စကားဆက်ပါ၏။

"အဲဒီတော့ မင်းစဉ်းစားကြည့် . . . လေဆိုတာ ပူတဲ့ခန္ဓာကိုယ်ကို အေးသွားအောင်လုပ်နိုင်သလို၊ အေးတဲ့အရာဝတ္ထုတွေကိုလည်း ပူသွားအောင် လုပ်နိုင်တယ်ကွ"

စကားကိုအဆုံးသတ်ရင်း လုခ်အဘိုးအိုက ဇရပ်ပေါ်တက်သွားသည်။ သူလည်း နောက်မှလိုက်တက်မိပါ၏။ ဇရပ်ပေါ်မှာ ကိုယ်စီထိုင်ပြီးသွားတော့မှ လေတိုက်ခတ်မှုကြောင့် ယိမ်းထိုးနေသော သစ်ရာပင်ကို လှမ်းကြည့်ရင်း လုခ်အဘိုးအိုက . . .

"ဝိုဒင် . . . မင်းစပ်ထားတဲ့ကဗျာ ငါ့ကိုတစ်ခေါက်လောက် ပြန်ရွတ်ပြစမ်းပါ။ ကဗျာထဲက တချို့အပိုဒ်လေးတွေ ငါသဘောကျလို့"

"ဘယ်ကဗျာလဲ . . . စိတ်ကြိုက်ဗျာပနလား"

"အေး . . . ဟုတ်တယ်၊ အဲဒီကဗျာ။ ငါသဘောကျတဲ့ထဲမှာ ကဗျာခေါင်းစဉ်က ထိပ်ဆုံးပဲ"

လုခ်အဘိုးအို၏ဆန္ဒအတိုင်း ဝိုဒင်ရွတ်ပြပေးလိုက်သည်။ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com

ဆုံးသွားတော့ လုခ်အဘိုးအိုက . . .

"မင်းက ကဗျာထဲမှာ ဆန့်ကျင်ဘက်သဘောတွေ အများကြီး ယူသုံးထားတာပဲကွ။ ဥပမာ (၈) ပိုဒ်မြောက် မြေဖို့နိုင်းတဲ့အပိုဒ်ဆိုရင် တစ်ပိုဒ်ထဲမှာ ဆန့်ကျင်ဘက်သဘော နှစ်ခုတောင်ပါတယ်။

ခေါင်းတည့်တည့်ကို နေမင်းဖုံးတဲ့အချိန်ဆိုတာ ပူလွန်းတဲ့ မွန်းတည့်ချိန်ကြီးပဲ။ အဲလိုအချိန်မျိုးမှာ အပူရှိန်ကိုဖြတ်ပြီး တိုက်မယ့်လေက ဘယ်မှာအေးနိုင်ပါ့မလဲ။ ဒါပေမဲ့ မင်းက 'လေအေးတစ်ချက်ဝှေ့ဝိုက်တဲ့ အချိန်' လို့ ဆန့်ကျင်ဘက်သဘောယူထားတယ်။ ပြီးတော့ အငိုပဲရှိတဲ့ အလောင်းမြေဖို့ချိန်မှာ မငိုပဲနဲ့ ပြုံးရယ်နိုင်းထားတယ်။ ဒါလည်းပဲ အဓိပ္ပာယ်ရှိတာပဲ။ မြေဖို့သူတွေကို ဘဝဟောင်းကိုစွန့်ပြီး ဘဝသစ်ကူး မယ့်မင်းအတွက် ဝမ်းသာခိုင်းထားတဲ့သဘောပေါ့ . . . ဟုတ်လား"

ဝိုဒင် ယဲ့ယဲ့လေး ခေါင်းညိတ်ပြလိုက်သည်။ ထိုစဉ်မှာပင် လေ တစ်ချက်က ခပ်ပြင်းပြင်းလေး ဝှေ့ဝိုက်သွားပါ၏။ လုခ်အဘိုးအိုက မတ်မတ်ထိုင်နေရာမှ ခါးကိုပြေလျော့ကာ နောက်သို့မှီထိုင်လိုက်သည်။

ပြီးတော့ ဇရပ်ဘေးနားဆီမှ တစ်ပိုင်းတစ်စကျိုးပြတ်နေသော ရေတွင်းဟောင်းလေးကို လွမ်းလွမ်းဆွေးဆွေးကြည့်ရင်း . . .

"ဘာပဲပြောပြော . . . ဘဝမှာ မင်းအဖြစ်ချင်ဆုံး အရာတစ်ခု တော့ ဖြစ်သွားခဲ့ပါတယ်ကွာ"

ထိုစကားကြောင့် ဝိုဒင်ဝမ်းနည်းသွားသည်။ စိတ်ထဲတွင်လည်း တော်တော်ထိခိုက်သွားပါ၏။ ဒီလိုစကားမျိုးကြားရတိုင်း၊ ဒီလိုအတွေး မျိုးတွေးမိတိုင်း လုခ်အဘိုးအိုကို ကျေးဇူးတင်မိသလို သူ့ကိုယ်သူလည်း တာဝန်မကျေသူတစ်ယောက်လို ခံစားရသည်။

သူဘာပြန်လုပ်ပေးနိုင်မည်လဲ။

ထိုစဉ် လုခ်အဘိုးအိုက . . .

"ဟေ့ကောင် . . . မင်းဘာတွေစဉ်းစားနေတာလဲ"

ဝိုဒင်အတွေးကိုရပ်ကာ မုသားတစ်ခုကို ဆွဲယူအသုံးပြုရင်း . .



"ဪ . . . မဟုတ်ပါဘူး၊ ချစ်သူနှစ်ယောက်ကို ခွဲဖို့လိုက် သွားတဲ့လူတွေ ဘယ်လိုတွေများဖြစ်ကုန်ပြီလဲ တွေးနေတာပါ"

သူ၏အပြောကြောင့် အဘိုးအိုမှာ တည်ငြိမ်သွားလေသည်။ နောက် သက်ပြင်းတစ်ခုကို မသိမသာချရင်း လေသံပျော့ပျော့ဖြင့် . . .

"အင်း . . . သူတို့တွေကတော့ အခုဆို မင်းရဲ့ငယ်ဘဝမှာ သာယာနေလောက်ပြီပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com

# XI

လာဆာမနက်ခင်း၏နေရောင်က မှန်တံခါးကိုဖြတ်၍ ခန္ဓာကိုယ်ပေါ်သို့ ထိုးကျလာသည်။ ပြင်ပအလင်းရောင်က မျက်လုံးအိမ်ကို နှိုးဆွနေသည့်အတွက် ဆက်လက်မှိတ်ထားနိုင်စွမ်း လျော့နည်းသွားသည်။

ဇီနီမျက်လုံးကို မဖွင့်ချင်ဖွင့်ချင်နှင့် ဖွင့်ပေးလိုက်တော့ အလင်းရောင်တချို့ စူးခနဲဝင်လာရာ ကမန်းကတန်း မျက်လုံးကို ပြန်မှိတ်လိုက်ရပါ၏။ ပြီးမှ ဖြည်းညင်းစွာ ပြန်ဖွင့်ကြည့်လိုက်သည်။

မြင်ရသောအခန်း၊ မျက်နှာကျက်နှင့် အလင်းရောင်ထိုးကျနေသော မှန်တံခါးတို့ကြောင့် စက္ကန့်အနည်းငယ် တုံ့ဆိုင်းသွား၏။ နောက်မှ အကြောင်းအရာအချို့၏လှုံ့ဆော်မှုက ဦးနှောက်ဆီရောက်သွားကာ–

“ဩော် . . . ငါ လာဆာမြို့က အိမ်ခန်းတစ်ခုထဲမှာရောက်နေတာပါလား”



ဇီနီ နံဘေးကိုလှည့်ကြည့်လိုက်တော့ သူ၏ ဘယ်ဘက်လက်မောင်းကို ခေါင်းအုံးရင်း ဂျူဂျူးက ချစ်စဖွယ်အိပ်ပျော်နေသည်။ ကလေးသဖွယ် အပြစ်ကင်း၍ ချစ်စရာကောင်းနေသော ဂျူဂျူးမျက်နှာလေးမှာ ဒေါသမြူမှုန်တို့ ကင်းစင်နေပါ၏။ ဝဲကျနေသော ဆံနွယ်ပျော့လေးများကို နဖူးမှသပ်ဖယ်ကာ ဖွဖွငုံ့နမ်းလိုက်သည်။

ပြီးတော့ မနိုးထမီ ချစ်သူမျက်နှာလေးအား တမြတ်တနိုးကြည့်နေမိရင်းမှ အကြောင်းအရာတချို့က ခေါင်းထဲခုန်ဝင်လာသည်။

ပထမဆုံးဝင်လာသည့် အကြောင်းအရာက ကော့လုခ်။

ဒီအဘိုးကြီးက ဘာလဲ၊ ဒီမြို့နဲ့ ဘယ်လိုပတ်သက်နေတာလဲ။

ကော့လုခ်လွှတ်လိုက်တာပါဟု ပြောသည့်စကားကိုရော ဒလိုင်းလာမာအပါအဝင် ကျန်လူများက ဘာကြောင့် မယုံကြည်တာလဲ။

ယုံကြည်ဟန်မပြသည့်အပြင် အထိတ်တလန့်ပုံစံကိုပင် တွေ့ရသည့်အတွက် စဉ်းစားဖို့ကောင်းနေပါ၏။ ဒါပေမဲ့ ကော့လုခ်ဆိုသော အဘိုးကြီး၏အရှိန်အဝါက ဤမြို့တွင် တော်တော်သက်ရောက်မှုရှိပုံရသည်။ သူနှင့်ဂျူဂျူးအတွက် အစစအရာရာ လိုလေသေးမရှိ ပြည့်စုံနေခြင်းသည် သက်သေတစ်ခုပင်မဟုတ်ပါလား။

အဆုံးသတ်ရလျှင်တော့ အခုလောလောဆယ် ကော့လုခ်ဆိုသော အဘိုးကြီး ဘာဆိုတာကိုသိချင်နေသည်။ နောက်တစ်ခုက ကော့လုခ်ဆိုသည့်အမည်ကြောင့် လူတွေ၏မျက်နှာမှာ ထိတ်လန့်စိုးရိမ်မှုတို့ ပေါ်သွားရသည့်အကြောင်း။

အတွေးတို့ဖြင့် ကျားထိုးနေစဉ်မှာပင် . . .

“ဒေါက် . . . ဒေါက် . . . ”

တံခါးခေါက်သံနှစ်ချက်ကြောင့် ဇီနီခေါင်းထောင်ကြည့်လိုက်သည်။

“ဒေါက် . . . ဒေါက် . . . ”

နောက်တစ်ကြိမ် ထပ်မြည်လာသည့်နောက်မှာ ဂျူဂျူးခေါင်း



www.burmeseclassic.com

www.burmeseclassic.com

အောက်မှ လက်မောင်းကိုဆွဲထုတ်ပြီး တံခါးဖွင့်ရန် လျှောက်သွားလိုက်သည်။

"ကျွို . . . "

တံခါးပတ္တာသံ မတိုးမကျယ် ညည်းတွားသွားပြီးတော့ ဇီနီတွေ့လိုက်သည်ကား . . .

"လူလေးတို့ ညက အိပ်ပျော်ကြရဲ့လား"

အိမ်ရှင်ဖြစ်ဟန်တူသူ အမယ်အိုး၏ ချိုသာသောနှုတ်ဆက်စကားသံကြောင့် ဇီနီ ဦးညွှတ်အရိုအသေပေးကာ . . .

"ဟုတ်ကဲ့ . . . အိပ်လို့ပျော်ပါတယ် အမေ"

အမယ်အိုက နှစ်လိုဖွယ်ပြုံးရင်း သူ့နောက်ကို ကျော်ကြည့်သည်။ ဇီနီလှည့်ကြည့်လိုက်တော့ ကပိုကယိုဟန်နှင့်လှမ်းလာသော ဂျူဂျူးကို တွေ့ရ၏။

"အနှောင့်အယှက်ဖြစ်သွားပြီနဲ့တူတယ်။ အောက်မှာ လူလေးတို့ကိုတွေ့ဖို့ မြို့တော်ဝန်ရောက်နေလို့ အမေလာနှိုးတာကွယ့်။ အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်နော်"

"ဟာ . . . ရပါတယ်အမေ၊ အနှောင့်အယှက် မဖြစ်ပါဘူး"

ဂျူဂျူးက သွက်လက်စွာဝင်ပြောသည်။ သူ့မှာတော့ မြို့တော်ဝန်ဆိုသော စကားအသုံးအနှုန်းကြောင့် တွေဝေသွားသည်။ ဘယ်လို အရေးတကြီးကိစ္စကြောင့် အခုလို မနက်အစောကြီးရောက်လာရသလဲဟု တွေးမိသွားသောကြောင့်ဖြစ်သည်။

ဒါပေမဲ့ ချက်ချင်းပင် အမယ်အိုကို ဦးညွှတ်ကာ . . .

"ဟုတ်ကဲ့အမေ . . . ကျွန်တော်တို့ အခုချက်ချင်း ဆင်းလာခဲ့ပါ့မယ်"

"အေး . . . အေး . . ကိုယ်လက်သန့်စင်ပြီး အမြန်ဆင်းလာခဲ့ကြချည်။ မင်းတို့တော့ ကံကောင်းတာပဲ"

ထိုသို့ပြော၍ အမယ်အိုမှာ လှည့်ထွက်သွားလေသည်။ ကျန်ရစ်



ခဲ့သော သူတို့နှစ်ယောက်မှာ ကတိုက်ကရိုက် သက်ဝင်မှုကိုယ်စီဖြင့် . .

ကိုယ်လက်သန့်စင်ပြီး၍ အောက်ထပ်သို့ဆင်းလာခဲ့တော့ မနက်စာစားပွဲဝိုင်းတွင် အသင့်စောင့်နေသော မြို့တော်ဝန်ကို တွေ့ရသည်။ ဝင်ခွင့်မရမြို့၏ ထုံးစံဟုထင်ရသည့် မြို့တော်ဝန်အဆောင်အယောင်နှင့်ဖြစ်သည်။ အသက်လည်း သိပ်ကြီးလှသေးပုံမပေါ်။

သူတို့ဝင်ထိုင်ပြီး မကြာခင်မှာပင် . . .

"မောင်ရင်တို့ နေရထိုင်ရတာ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့ အားလုံးအဆင်ပြေပါတယ် ခင်ဗျာ"

ရည်မွန်စွာပြောလိုက်သော သူ့အပြောကြောင့် မြို့တော်ဝန်က တစ်ချက်ပြုံးကာ ခေါင်းညိတ်သည်။ ပြီးတော့ . . .

"အင်း . . . မောင်ရင်တို့အတွက်လည်း အချိန်မရဘူး။ ဒီတော့ လိုရင်းကိုပဲ ပြောတော့မယ်။ ကျုပ်အခု မောင်ရင်တို့ဆီလာရတာက ဒလိုင်းလာမာလွှတ်လိုက်လို့ပါ။ ရည်ရွယ်ချက်က မောင်ရင်တို့နှစ်ယောက်ကို ကျုပ်တို့မြို့ရဲ့ လက်ဆက်ပွဲတော်မှာ ဝင်ရောက်ယှဉ်ပြိုင်စေဖို့ပဲ ဖြစ်ပါတယ်"

"လက်ဆက်ပွဲတော်"

ဇီနီ သံယောင်လိုက်၍ ရေရွတ်လိုက်သည်။

"ဟုတ်ပါတယ် . . . လက်ဆက်ပွဲတော်ဆိုလို့ တစ်မျိုးမထင်ပါနဲ့။ ကျုပ်တို့မြို့ရဲ့ နှစ်စဉ်ကျင်းပနေကျ မင်္ဂလာဆောင်ပွဲတော်တစ်ခုပါ"

ဒီတစ်ခါမှပင် ဇီနီနှင့်ဂျူဂျူး ပိုရှုပ်ထွေးသွားလေသည်။ ဒီမြို့မှာ မင်္ဂလာဆောင်ပွဲတော်ဆိုတာ ရှိပါသေးလား။ ကြားရသောစကားတို့မှာ သူတို့နှစ်ဦးအတွက် အထူးအဆန်းဖြစ်နေပါ၏။ ထိုစဉ်မှာပင် မြို့တော်ဝန်က . . .

"နှစ်သစ်တစ်ခုရဲ့ ပထမဆုံးနေ့ရက်မှာ လက်ဆက်ပွဲတော်ကို ကျင်းပလေ့ရှိပါတယ်။ ဒါဟာ ကျုပ်တို့မြို့ရဲ့ မပျောက်မပျက်ထိန်းသိမ်းလာတဲ့ အစဉ်အလာတစ်ခုပေါ့။ ဝင်ခွင့်မရမြို့က မည်သည့်ချစ်သူစုံတွဲ



www.burmeseclassic.com

www.burmeseclassic.com

မဆို နှစ်သစ်ရဲ့ ပထမဆုံးနေ့ရက်မှာပဲ မင်္ဂလာဆောင်လေ့ရှိပါတယ်။ အဲဒီနေ့ကလွဲပြီး ကျန်တဲ့နေ့တွေမှာ မင်္ဂလာဆောင်လို့မရပါဘူး။ လက်ဆက်လို့ မရပါဘူး။ ဒါဟာ ဝင်ခွင့်မရမြို့ရဲ့ထုံးစံပါ။ မင်္ဂလာဆောင်မဲ့ ချစ်သူစုံတွဲတိုင်းလည်း ပြိုင်ပွဲဝင်ရပါတယ်။ ပြိုင်ပွဲကတော့ ခုန ကျုပ်ပြောသလို လက်ဆက်ပြိုင်ပွဲပေါ့"

ကြားနေရသောစကားများက ထူးဆန်းနေသည်။ တစ်ခါမှ မကြုံဖူး၊ မကြားဖူးတာလည်း ပါပါ၏။

"ပြိုင်ပွဲဝင်မယ့်စုံတွဲတိုင်း နှစ်ဟောင်းရဲ့နောက်ဆုံးနေ့မှာ မဲနှိုက်ရပါတယ်။ ဒါဟာ နောက်နေ့ပြိုင်ပွဲရဲ့ အမှတ်စဉ်နံပါတ်ပါ။ နှစ်သစ်ကူးပြီးလို့ နောက်တစ်နေ့မှာတော့ ပြိုင်ပွဲဝင်စုံတွဲတွေဟာ သူ့နံပါတ်စဉ်နဲ့သူ ယှဉ်ပြိုင်ရပါတော့တယ်။ မြို့လုံးကျွတ်လာအားပေးတဲ့ ပရိသတ်ကြီးအလယ်မှာ ကိုယ့်မင်္ဂလာဆောင်က သူများမင်္ဂလာဆောင်ထက်သာအောင် ယှဉ်ပြိုင်ကြတယ်။

သူများထက်သာအောင် ပြိုင်တယ်ဆိုလို့ ဂုဏ်၊ ငွေ၊ ပကာသနတွေသာအောင် ပြိုင်တာမဟုတ်ပါဘူး။ ကိုယ့်မင်္ဂလာဆောင်က သူများထက် Romanceဖြစ်အောင်၊ စွဲဆောင်မှုရှိအောင်၊ ကိုယ့်မင်္ဂလာဆောင်က တစ်ဆင့် အတွေးအခေါ်တစ်ခုခုကျန်အောင် ပရိယာယ်၊ မဟော်ဦ၊ လျှို့ဝှက်သည်းဖိုနည်းဆန်ဆန်လေးတွေနဲ့ ထူးထူးခြားခြား မင်္ဂလာဆောင်လေးတစ်ခုကို ဖန်တီးရတယ်"

မြို့တော်ဝန်က စကားကိုခဏရပ်ပြီး သူတို့ဘက်လှည့်ကာ . .

"ကျုပ်ပြောတာ သဘောပေါက်ရဲ့လားမသိဘူး"

ဇီနိုသဘောပေါက်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ မြို့တော်ဝန်ပြောသော အကြောင်းအရာတွေက ထူးဆန်းနေသည်။ ထူးဆန်းသည်ဆိုတာထက် သူ့စိတ်ကို ဆွဲဆောင်နေပါ၏။ ဂျူဂျူးကလည်း မြို့တော်ဝန်စကားကို တအံ့တသြ နားထောင်နေသည်။

"များသောအားဖြင့်တော့ Romanticဆန်ဆန် မင်္ဂလာပွဲလေးတွေကို ဖန်တီးကြတာများတယ်။ တချို့လည်း လျှို့ဝှက်သည်းဖိုဆန်ဆန် ရင်ခုန်စရာကောင်းတဲ့ ရသမျိုးလုပ်ကြတယ်။ မင်္ဂလာပွဲတစ်ခုလုံးကိုကြည့်ပြီးမှ ဆက်စပ်တွေးခေါ်ယူရတဲ့ ဆိုက်ကိုကျကျ မင်္ဂလာပွဲမျိုးလည်းရှိတယ်။ အမျိုးမျိုးပေါ့ကွာ။ သူများထက်သာအောင် ကြိုးစားကြတာပေါ့။ ကြည့်ရှုအားပေးတဲ့ပရိသတ်တွေက ကိုယ်အကြိုက်တွေ့တဲ့ မင်္ဂလာပွဲကို မဲပေးရတယ်။ ပရိသတ်ထောက်ခံတဲ့ မဲအနည်းအများကိုလိုက်ပြီး ပြိုင်ပွဲကို အဆုံးအဖြတ်ပေးတယ်ကွ။ ပရိသတ်ထောက်ခံမဲ အများဆုံးရတဲ့ မင်္ဂလာမောင်နှံက အနိုင်ပေါ့"

ဇီနိုတော်တော်ကို စိတ်ဝင်စားသွားပါသည်။ ဘယ်မှာမှမတွေ့ဖူးသေးတဲ့ မင်္ဂလာပြိုင်ပွဲမျိုးပင် မဟုတ်ပါလား။

"အနိုင်ရတဲ့မင်္ဂလာမောင်နှံကို ဒလိုင်းလာမာက မင်္ဂလာလက်ဖွဲ့အဖြစ် အိမ်ရယ်၊ ခြံရယ်၊ ဆုတော်ငွေရယ်ကို ချီးမြှင့်တယ်။ အနိုင်ရတဲ့နှစ်ယောက်ဟာ အဲဒီနေ့မှာတင် လက်ဖွဲ့ရတဲ့အိမ်ကို ပြောင်းရတယ်။ ပြီးတော့ ရရှိတဲ့ဆုတော်ငွေထဲကတစ်ဝက်ကို မင်္ဂလာဆောင်အတွက် ပိုင်းဝန်းကူညီသူတွေကို ခွဲပေးရတယ်ကွ။

ဒါကြောင့် လက်ဆက်ပွဲတော်အတွက်ဆိုရင် ကူညီချင်သူတွေပေါတယ်။ သူတို့က ကာယကံရှင်နှစ်ဦးလောက်နီးနီးကို တက်ကြွကြတယ်ကွ။ ဘာဖြစ်လို့လဲဆိုတော့ အနိုင်ရရင် သူတို့အတွက်ရမယ့်ဝေစုက မက်လောက်စရာဖြစ်နေတာကိုး"

ထိုသို့ပြောပြီး မြို့တော်ဝန်က အနိုင်ရမင်္ဂလာမောင်နှံရရှိသည့် ဆုတော်ငွေကိုပြောပြရာ ဇီနိုနှင့်ဂျူဂျူး အသက်ရှူဖို့ပင် မေ့သွားရပါသည်။ စိတ်ဝင်စားလောက်သော အရည်အတွက်ပင် မဟုတ်ပါလား။

"အမှန်အတိုင်းပြောရရင်တော့ ဒီပွဲတော်က တို့မြို့ခံလူတွေရဲ့ ယှဉ်ပြိုင်ခွင့်ရှိတဲ့ပွဲတော်။ ဒါပေမဲ့ မင်းတို့ကို ဒလိုင်းလာမာက အထူးဧည့်သည်တော်တွေအနေနဲ့ ဒီပွဲတော်ကိုဝင်ပြိုင်ဖို့ အထူးအခွင့်အရေးပေးတာပါ။ ဒါဟာလည်း ဘယ်သူကြောင့်ဆိုတာ မင်းတို့စဉ်းစားမိမှာပေါ့"





www.burmeseclassic.com

www.burmeseclassic.com

သိပါသည်။ ယခုကဲ့သို့ အခွင့်အရေးတွေရခြင်းသည် ကော့လုခ် ဆိုသောအဘိုးကြီးနှင့် ထိုအဘိုးကြီးပေးလိုက်သော လည်ဆွဲတစ်ခုကြောင့် ဝင် မဟုတ်ပါလား။

"လိုရင်းကိုပြန်ဆက်ရရင် မောင်ရင်တို့ ဒီပွဲတော်ကိုဝင်ပြိုင်ဖို့ စိတ်ဝင်စားသလား"

ဓိနီ ဂျူဂျူးကိုကြည့်မိသည်။ မျက်လုံးနှစ်စုံက အတန်ကြာ စူး စိုက်သွားပါ၏။ နောက် တစ်ဦး၏ဆန္ဒကို တစ်ဦးက မျက်လုံးနှင့်ပင် နားလည်လိုက်သည်။

ချစ်သူ၏လက်ဖဝါးနွေးနွေးက သူ့လက်ကို လာရောက်ဆုပ် ကိုင်သည်။ ချစ်သူ့အင်အားတို့က လက်ဝါးပြင်မှတစ်ဆင့် . . .

"ဟုတ်ကဲ့ . . . ကျွန်တော်တို့စိတ်ဝင်စားပါတယ်"

ထို့နောက်မှာတော့ . . .

မြို့တော်ဝန်က သူတို့နှစ်ဦးရှေ့သို့ ကတ်ပြားတစ်ခုထိုးပေးရင်း–

"ဒါ လက်ဆက်ပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်ခွင့်ကတ်ပါ။ ဒီကတ် ကိုပြပြီး အကူအညီတောင်းရင် ဟောဒီမြို့က ဘယ်သူမဆို ဝမ်းပန်းတသာ ကူညီပါလိမ့်မယ်"

မြို့တော်ဝန်နှင့်ပါလာသည့်တစ်ယောက်က သူတို့နှစ်ဦးနာမည် ကို လက်ဆွဲကွန်ပျူတာဖြင့် မှတ်တမ်းတင်သည်။

"ဒီနှစ် လက်ဆက်ပွဲတော်မှာ ပါဝင်ယှဉ်ပြိုင်မယ့် မင်္ဂလာမောင်နှံ လေးတွဲရှိပါတယ်။ မောင်ရင်တို့ပါထပ်ထည့်ရင် ငါးတွဲပေါ့။ ဒါပေမဲ့ ကျုပ် ထင်ပါတယ်။ မောင်ရင်တို့ တကယ်ယှဉ်ပြိုင်ရမှာက တစ်တွဲပဲရှိလိမ့်မယ်။ အာမင်နဲ့ကိတ်အတွဲ . . ."

ထို့နောက် မြို့တော်ဝန်က ဝတ်ရုံကိုမချီရင်း မတ်တပ်ရပ်သည်။ ပြီးတော့ . . .

"နောက်နှစ်ရက်ဆိုရင် နှစ်ကုန်ပါပြီ။ နှစ်သစ်မှာ မောင်ရင်တို့ နှစ်ဦး အောင်ပွဲရပါစေလို့ ကျုပ်ဆုတောင်းပေးခဲ့ပါတယ်။ ကဲ . . .



ကျုပ်ကို ပြန်ခွင့်ပြုပါဦး"

တည်တည်ငြိမ်ငြိမ်ဖြင့် ထထွက်သွားသော မြို့တော်ဝန်ကို ကြည့် နေမိရင်း ဓိနီ့ခေါင်းထဲတွင် အကြောင်းအရာတစ်ခုက ပေါ်လာ၏။ ထို့ ကြောင့် . . .

"ခ . . . ခဏနေပါဦး"

မြို့တော်ဝန်က ဏှေ့ရရ လှည့်ကြည့်လိုက်သည်တွင် ဓိနီ့ခေါင်း ထဲ၌ အပြည့်အဝနေရာယူနေသော မေးခွန်းတစ်ခုအား မေးလိုက်၏။

"ကော့လုခ်ဆိုတာ ဘယ်လိုလူမျိုးလဲ"

မြို့တော်ဝန် တစ်ချက်မျက်နှာပျက်သွားသည်။ ပြီးတော့ သူ့ကို စိမ်းငွေ့ငွေ့ကြည့်ကာ . . .

"ခွင့်လွှတ်ပါ . . . ကျုပ်မှာ ပြောပိုင်ခွင့်မရှိပါဘူး"

ဒီနောက်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# XII

မြို့တော်ဝန်ပြန်သွားတော့ သူနှင့်ဂျူဂျူး စားပွဲ၌ထိုင်ရင်း ကျန်ခဲ့သည်။ အိမ်ရှင်အမယ်အိုကတော့ မြို့တော်ဝန်ကို ခြံဝထိလိုက်ပို့သည် ထင်၏။

လူဆိုသည့်အမျိုးကလည်း ခက်သားလား။ မသွားပါနဲ့ဆိုသည့် နေရာကို သွားချင်သည်။ မသိချင်နဲ့ဆိုသည့်အရာကို သိချင်သည်။ ယခု အကုန်လုံးက ကော့လုခ်ဆိုသောအဘိုးကြီးနှင့် ပတ်သက်၍ ပဟေဠိဆန် နေသည်။ ဒီတော့ ဘာလုပ်ရမလဲ။ ထိုစဉ်မှာပင် အမယ်အိုက အခန်း ထဲသို့ပြန်ဝင်လာရာ . . .

"အမေ . . ."

သူ့ခေါ်သံကြောင့် အမယ်အိုက လှမ်းလက်စခြေလှမ်းကိုရပ်ရင်း သူ့ကိုကြည့်သည်။

"ကော့လုခ်အကြောင်းသိရင် ကျွန်တော့်ကိုပြောပြပါလား ဟင်"



အမယ်အို၏ သက်ပြင်းချသံကို ကြားရပါ၏။

"အခုမသိချင်ပါနဲ့ဦးကွယ်။ နောက်တော့ မင်းတို့အလိုလိုသိလာ ပါလိမ့်မယ်။ လောလောဆယ်တော့ လက်ဆက်ပွဲတော်မှာ အနိုင်ရအောင် ကြိုးစားလိုက်ဦး။ မင်းတို့မှာ အချိန်မရှိဘူး"

အမယ်အို၏စကားကို ဂျူဂျူးကလည်း ထောက်ခံပါ၏။

"ကို ပြောပြောနေကျစကားတွေကို မေ့သွားပြီလား။ လောက ကြီးက တစ်ခုတောင်းရင် တစ်ခုပေးတယ်၊ နှစ်ခုတောင်းရင် တစ်ခုပဲပေး တယ်၊ သုံးခုပူးတောင်းရင်လည်း တစ်ခုပဲပေးတယ်။ တစ်ခုပြီးမှ တစ်ခု တောင်းရင် တောင်းသလောက်ပေးတယ်ဆိုတာလေ။ အခုလည်း တို့တွေ တစ်ခုချင်းစီပဲ တောင်းရအောင်ကွာနော်။ အရင်ဆုံး လက်ဆက်ပွဲတော်မှာ အနိုင်ရအောင်လုပ်မယ်။ နောက်မှ ကော့လုခ်အကြောင်းကို သိအောင် ကြိုးစားကြတာပေါ့ မကောင်းဘူးလား"

ဂျူဂျူးက အလုပ်သင့်ဆုံးလုပ်ငန်းစဉ်ကို အားတက်သရောပြော သည်။ ဟုတ်တော့လည်းဟုတ်လေသည်။ လောကကြီးဆီမှ တစ်ခုချင်း စီသာတောင်းရမည် မဟုတ်ပါလား။

"အေးလေ . . . အဲလိုပဲလုပ်ကြတာပေါ့။ တစ်ခုပြီးမှ တစ်ခု လုပ်တာပဲကောင်းပါတယ်"

သူ့အဖြေစကားကိုကြားရတော့ ဂျူဂျူးပြုံးသွားသည်။ အမယ် အိုက . . .

"လက်ဆက်ပွဲတော်မှာသာ ပထမရအောင်လုပ်စမ်းပါ။ မင်းတို့ သိချင်တာတွေကို မကြိုးစားရပဲ အလိုလိုသိလာပါလိမ့်မယ်"

ဟု နိုင်နိုင်မာမာပြောသည်။ ထို့ကြောင့် အကြောင်းတစ်ခုခုတော့ ရှိမည်ဟု တွေးမိရင်းနှင့်ပဲ ကော့လုခ်အကြောင်းကို ခဏမေ့ထားလိုက် တော့သည်။

နောက်တော့ အမယ်အိုတည်ခင်းသော မနက်စာကို သူတို့နှစ် ယောက်စားကြပါ၏။ စားနေရင်းနှင့် လက်ဆက်ပွဲတော်နှင့်ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com

သော အကြောင်းအရာတချို့ကို မေးမိသည်။

"အမေ . . . ခုန မြို့တော်ဝန်ပြောသွားတဲ့အထဲမှာ ကျွန်တော်တို့ ပြိုင်မယ်ဆို အမိကပြိုင်ရမှာက အာမင်နဲ့ကိတ်စုံတွဲလို့ ပါတယ်နော်။ ဘာ ဖြစ်လို့ အဲလိုပြောသွားတာလဲ အမေ"

"အင်း . . . ပြောရမှာတော့ နည်းနည်းရှည်တယ်ကွဲ့။ တော် တော်လည်း ထူးဆန်းတယ်။ သူတို့နှစ်ယောက် လက်ဆက်ပွဲတော်မှာ ဝင်ပြိုင်တာကို ဒီမြို့ကလူတွေ အကုန်လုံးက အံ့ဩနေကြတယ်".

"ဘာဖြစ်လို့လဲဟင်"

ဂျူဂျူးက ဝင်မေးသည်။

"သူတို့နှစ်ယောက်က ချစ်သူတွေမှမဟုတ်ပဲ"

"ရှင် . . . "

"ဟုတ်တယ် . . . သူတို့နှစ်ယောက်က ချစ်သူတွေမဟုတ်တဲ့ အပြင် မိဘချင်းသဘောတူလို့ ပေးစားတာလည်းမဟုတ်ဘူး"

"ဟင် . . . ဒါဆို ဘာဖြစ်လို့ . . . "

ဓိနို့စကားပင် မဆုံးလိုက်ပါ။

"အဲဒီ ဘာဖြစ်လို့ . . .ဆိုတဲ့မေးခွန်းကစပြီး သူတို့နှစ်ယောက် က နာမည်ကြီးနေတာပဲ"

အမယ်အိုက စကားကိုရပ်လိုက်သည်။ ဓိနို့နှင့်ဂျူဂျူး စိတ်ဝင် စားသွားကြပါ၏။ ဆက်မေးမည်ပြင်စဉ်မှာပင် အမယ်အိုက စကားဆက် သည်။

"အမှန်အတိုင်းပြောရရင် သူတို့မိသားစုနှစ်ခုလုံးက ဒီမြို့ရဲ့ ထိပ် တန်းစာရင်းဝင်တွေပဲ။ အစဉ်အဆက်ပြိုင်ဆိုင်လာခဲ့တဲ့ ပြိုင်ဘက်တွေဆို ပါတော့။ အာမင်ဘက်ကလည်း လက်ဆက်ပွဲတော်နဲ့ပတ်သက်ပြီး မျိုးရိုး ရှိတယ်။ အာမင့်အစ်ကိုနှစ်ယောက်စလုံးက လက်ဆက်ပွဲတော်မှာ ပထမ ရဘူးတယ်လေ။ ကိတ်ဖက်ကလည်း ဒီအတိုင်းပဲ။ ကိတ်အစ်မနှစ်ယောက် စလုံးလည်း ပထမရခဲ့ဘူးတယ်။ အဲဒီတော့ မင်းတို့စဉ်းစားကြည့်။ ဒီလို



မျိုးရိုးတွေကဆင်းသက်လာတဲ့ လူနှစ်ယောက်အလှည့်မှာ တစ်မြို့လုံးက တော်တော်စိတ်ဝင်စားသွားကြပြီ။ ပိုဆိုးတာက အစ်ကိုတွေအစ်မတွေတုန်း ကလို ချစ်သူကိုယ်စီနဲ့ ဝင်ပြိုင်ကြမှာမဟုတ်ဘူး။

အခုက လူတွေစိတ်ဝင်စားတာက ချစ်သူမဟုတ်၊ သမီးရည်းစား မဟုတ်ပဲနဲ့ ဘယ်တုန်းကမှမတည့်ခဲ့တဲ့ ပြိုင်ဘက်နှစ်ယောက်က သူတို့ ကိုယ်သူတို့ စာရင်းပေးပြီး ဝင်ပြိုင်တယ်ဆိုတဲ့အချက်ပဲ"

စိတ်ဝင်စားဖို့ကောင်းနေပါသည်။

"ဒါဆို ချစ်သူလည်းမဟုတ်၊ သမီးရည်စားလည်းမဟုတ်ပဲနဲ့ ဒီ ပြိုင်ပွဲကို နှစ်ယောက်ပေါင်းပြီး ဝင်ပြိုင်တယ်ဆိုတော့ သူတို့က တကယ် မင်္ဂလာဆောင်မယ်ဆိုတဲ့ သဘောလား"

"အဲဒါတော့ သူတို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှသိမှာမဟုတ် ဘူး"

အမယ်အို၏စကားအဆုံး ဂျူဂျူး၏သက်ပြင်းချသံကို ကြားရ သည်။ အာမင်နှင့်ကိတ်တို့ဇာတ်လမ်းကိုပဲ စိတ်ဝင်စားလို့လား၊ သူတို့ နှစ်ယောက်နှင့် ပြိုင်ရမည့်အတွက် စိတ်မသက်သာ၍ပဲလားမသိ။ ထိုစဉ် မှာပင် အမယ်အိုကဆက်၍ . . .

"ဒါပေမဲ့ သေချာတာတစ်ခုကတော့ သူတို့နှစ်ယောက်လုံး လက် ဆက်ပွဲတော်အတွက် အသင့်ဖြစ်နေကြပြီ"

"ကျန်တဲ့စုံတွဲတွေကရော . . . "

"လက်ဆက်ပွဲတော်တစ်ခုလုံးက အာမင်နဲ့ကိတ်တို့ပွဲ ဖြစ်နေပြီ ပဲ။ ကျန်တဲ့စုံတွဲတွေကတော့ ဝင်ပြိုင်တယ်ဆိုရုံလောက်ပဲ ပြိုင်ကြမှာပါ"

ဒီတစ်ခါတော့ ဓိနို့ကိုယ်တိုင်ပင် သက်ပြင်းချမိတော့သည်။ ဒီပွဲ သည် သူ့ပွဲဖြစ်နိုင်ပါဦးမလား။



www.burmeseclassic.com

www.burmeseclassic.com

# XIII

စားသောက်ပြီး၍ မကြာခင်မှာပင် သူနှင့်ဂျူဂျူး မြို့ထဲဘက်သို့ ထွက်လာခဲ့ပါ၏။ ဤမြို့ကို လှေ့လာချင်သည်ကတစ်ကြောင်း၊ လက်ဆက်ပွဲတော်အတွက် အကြံဉာဏ်လေးများရမလားဟူသော စိတ်ကူးကတစ်ကြောင်းတို့ကြောင့် ထွက်လာခဲ့ခြင်းဖြစ်သည်။

လမ်းတစ်လျှောက်တွေ့ရသော လူတွေမှာ အနည်းငယ်ထူးခြားနေသည်ဟုထင်မိသည်။ တစ်ယောက်နှင့်တစ်ယောက် တိုးတိုး တိုးတိုးဖြင့် အရေးကြီးကိစ္စတစ်ခုကို လက်ဆင့်ကမ်းနေဟန်ရှိသည်။ တချို့မှာလည်း သုတ်သုတ် သုတ်သုတ်ဖြင့် တစ်နေရာဆီသို့ ဦးတည်သွားနေသည်။ တွေ့သမျှလူအားလုံး၏ ပုံပန်းသဏ္ဍာန်တွေမှာ အလျင်စလိုနိုင်နေပါ၏။



အနည်းငယ်ထူးဆန်းနေသည့်အတွက် ဇီနီနှင့်ဂျူဂျူး ထိုသူတို့ဦးတည်သွားနေရာနေရာသို့ လိုက်သွားသည်။ ကြာကြာမလျှောက်လိုက်ရပါ။ လမ်းတစ်ခု၏အလယ်၌ များပြားသောလူအုပ်ကြီးကို တွေ့ရပါ၏။ ထိုလူအုပ်ကြီးသည် တစ်စုံတစ်ရာကိုရပ်၍ စိတ်ဝင်တစားကြည့်ရှုနေကြခြင်းဖြစ်သည်။

ဇီနီနှင့်ဂျူဂျူး ရောက်သွားသောအခါတွင် ထိုလူအုပ်ကြီးနည်းတူ သူတို့ တွေ့လိုက်ရသည့်အရာကား . . .

"ဟင်"

ရောမ တီဗီဖန်သားပြင်ကြီးတစ်ချပ်။ Projector အရွယ်အစားမျိုးကြီးဖြစ်သည်။ ထိုဖန်သားပြင်ပေါ်တွင် စာကြောင်းငါးကြောင်းခန့် ရေးထိုးထားပါ၏။

လေးကြောင်းကို မီးစိမ်းဖြင့်ရေးပြထားပြီး နောက်ဆုံးတစ်ကြောင်းကို မီးနီဖြင့်ရေးပြထားသည်။ ပြီးတော့ ထိုစာကြောင်းနီက ခုန်နေသည်။ ထိုခုန်နေသောစာကြောင်းက . . .



ဟူ၍ဖြစ်သည်။ သူတို့သိလိုက်လေပြီ။ ဒါသည် လက်ဆက်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် စုံတွဲများနာမည်ကို ရေးထားခြင်းဖြစ်သည်။ ဇီနီရှာကြည့်လိုက်သည်။ ပထမဆုံးစာတန်းတွင် 'အာမင်နှင့်ကိတ်' ဟူ၍တွေ့ရ၏။ ဤလူအုပ်ကြီးသည် ပြိုင်ပွဲရက်နီးမှ နောက်တစ်တွဲထပ်တိုးလာသည့်အတွက် အထူးအဆန်းဖြစ်ကာ လာကြည့်ကြခြင်းဖြစ်သည်။

ထိုစဉ်မှာပင် . . .

"ဘယ်သူလဲကွ . . . ဇီနီနဲ့ဂျူဂျူးဆိုတာ။ တို့မြို့မှာ မကြားဖူးပါဘူး"

သူတို့ရှေ့နားမှ ယောကျ်ားနှစ်ဦး တီးတိုးပြောဆိုနေကြခြင်း ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ညေ့်သည်တွေလို့ ပြောတာပဲကွ။ ကော့လုခ်ရဲ့မိတ်ဆွေတွေတဲ့"

"ကော့လုခ် . . . လက်တွေ့ပဓာနဝါဒ ကော့လုခ်ကိုပြောတာလား"

"မင်းကလည်း ကော့လုခ်က ဘယ်နှယောက်ရှိလို့လဲ"

အမေးခံရသူမှာ တွေဝေသွားလေသည်။ ပြီးတော့ . . .

"ဟော့ကောင် . . . မဟုတ်ဘူးနဲ့တူတယ်နော်"

"ဟုတ်လို့ပဲ ပြိုင်ပွဲဝင်စာရင်းမှာ ပါလာပြီ"

"မဖြစ်နိုင်တာ"

အခြားတစ်ဖက်မှလည်း . . .

"အဓိပ္ပာယ်မရှိတာကွာ။ လက်ဆက်ပွဲတော်မှာ ညေ့်သည်ကို ဝင်ပြိုင်ခွင့်ပေးရတယ်လို့"

"ရှင်က မကျေနပ်လို့လား"

"ဟုတ်တယ် . . . မကျေနပ်ဘူး။ ထုံးစံမရှိတာ"

"မကျေနပ်တော့ ရှင်က ဘာလုပ်နိုင်မှာမို့လို့လဲ။ ကျွန်မတို့ကတော့ ကျေနပ်တယ်။ သူတို့စုံတွဲကို အားပေးဦးမှာ။ တကတည်း တစ်မြို့လုံး အာမင်နဲ့ကိတ်ချည်းပဲဖြစ်နေတာ။ ကျန်တဲ့လူတွေကလည်း အားကျမခံအနိုင်ရအောင် ကြိုးစားမယ်မရှိဘူး။ ဟိုတစ်တွဲနာမည်ကြီးတာနဲ့ သူတို့က အလိုလိုနေရင်း စိတ်ဓာတ်ကျနေတာ။ အသည်းယားဖို့ကောင်းတယ်"

ပြိုင်ပွဲဝင် အခြားစုံတွဲများကို အားမလိုအားမရဖြစ်နေပုံရပါ၏။ ထိုအမျိုးသမီးစကားကြောင့် ဇီနီနှင့် ဂျူဂျူးပင် အားတက်ချင်သလိုဖြစ်သွားသည်။ ရှားရှားပါးပါး သူတို့ဘက်မှ တစ်မဲရလိုက်ပြီမဟုတ်ပါလား။

ထိုနေရာမှခွာကာ အတန်ငယ်လှမ်းမိတော့ . . .

"ကိုယ့်ဒုက္ခကိုယ် ရှာတာပါကွာ။ ပြိုင်ပွဲရက်က နီးနေပြီ။ ဒီလောက်အချိန်နည်းနည်းလေးနဲ့ ပွဲတော်ကို ဘယ်လိုဝင်ပြိုင်မှာလဲ။ ပြင်ဆင်ချိန်ကဖြင့် မရှိတော့ဘူး"

"အေးလေ . . . အာမင်တို့၊ ကိတ်တို့ဆိုရင် အစောကြီးကတည်းက ဒီပွဲအတွက် ကြိုတင်ပြင်ဆင်ပြီးသား။ သူတို့နှစ်ယောက်က မျက်နှာချင်းသာမဆိုင်တာ ကိုယ့်အဖွဲ့နဲ့ကိုယ် အရင်ကတည်းက လေ့ကျင့်နေတယ်ကြားတယ်။ ဒီလောက် အစစအရာရာ အဆင်သင့်ဖြစ်နေတဲ့အတွဲကို ဘယ်လိုယှဉ်မလဲ"

"ဒါဆို အခုမှတိုးလာတဲ့အဖွဲ့က ကိုယ့်အရှက်ကိုယ်ခွဲဖို့ ဝင်ပြိုင်တာပေါ့"

"သေချာတာပေါ့ကွာ"

ထိုစကားတို့ကြောင့် ဂျူဂျူးက သူ့လက်ကိုလှမ်းကိုင်ရင်း မော့ကြည့်သည်။ ဇီနီ ပြုံးလိုက်ပါသည်။ ဒီလောက်စကားလေးနှင့် ပေါက်ကွဲရလျှင် ယောကျ်ားဟူသောအရည်အချင်းက ဇီးရိုးသို့ကျသွားမည်မဟုတ်ပါလား။ နောက် ဂျူဂျူးလက်ကို ပြန်လည်ဆုပ်ကိုင်ရင်း . . .

"စိတ်မပူပါနဲ့ဂျူဂျူးရာ ကိုယ်မမှုပါဘူး"

သူတို့နှစ်ယောက် ထိုရပ်ကြည့်နေသော လူအုပ်ကြီးထဲမှထွက်ခဲ့တော့သည်။ ဒါတောင် သူတို့နောက်မှလိုက်လာ သူတို့ပြောနေသောစကားသံကို ကြားဖြစ်အောင် ကြားရသေး၏။ တွေးတွေးဆဆပြောနေခြင်း ဖြစ်ပုံရသည်။

"ငါ့အထင် အာမင်နဲ့ကိတ်တို့အတွဲက ပဟေဠိဆန်နေသလို၊ အခုမှတိုးလာတဲ့ ဇီနီနဲ့ဂျူဂျူးအတွဲက မှော်ဆန်နေတယ်လို့ ထင်တယ်ကွ"

"ဘာဖြစ်လို့လဲ"

"ရည်ရွယ်ချက်ကဘာလဲ . . . ဘယ်လိုနည်းတွေသုံးပြီး ပြိုင်ပွဲဝင်မှာလဲ . . . အနိုင်ရရင် သူတို့နှစ်ယောက်က တကယ်ယူမှာလား . . . ရှုံးသွားရင်ရော ဘာဆက်လုပ်မှာလဲ . . . လျှို့ဝှက်ချက်တွေရှိလား . . . စိန်ခေါ်မှုတွေရှိခဲ့လား . . . ဒါမှမဟုတ် ဒီပွဲက လက်ဆက်ပွဲမဟုတ်ဘဲ





BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

သူတို့နှစ်ယောက်ရဲ့ပြိုင်ပွဲများ ဖြစ်သွားမလား . . . ပြိုင်ဘက်မိသားစုနှစ်ခုရဲ့ ပေါင်းစည်းပွဲလား . . . အကြီးမားဆုံးပြိုင်ပွဲလား . . .။

ပြောရရင်တော့ အာမင်နဲ့ကိတ်တို့အတွဲမှာ ပဟေဠိတွေအများကြီးပဲကွ။ ဒါကြောင့်မလို့ သူတို့အတွဲကို ပဟေဠိဆန်တယ်လို့ ပြောတာ"

"ဒါဆို ဇီနိုနဲ့ဂျူဂျူးကျတော့ရော ဘာကိစ္စမှော်ဆန်တယ်လို့ ပြောတာလဲ"

ဇီနိုနဲ့ဂျူဂျူး စိတ်ဝင်စားသွားသည်။ ပြိုင်ပွဲအတွက် သူတို့မမြင်သေးတဲ့ အကွက်တစ်ကွက်များဖြစ်လာမလား။

"ရှင်းရှင်းလေးလေကွာ။ ဒီလောက်နာမည်ကြီးနေပြီး ပြိုင်ပွဲဝင်ဖို့အသင့်ဖြစ်နေတဲ့ အာမင်နဲ့ကိတ်တို့အတွဲကို အချိန်တိုတိုလေးနဲ့ အနိုင်ရဖို့က မှော်ဆန်မှဖြစ်လိမ့်မယ်"

"မှော်ဆန်ရမယ်"

ဇီနို့နှုတ်မှ တိုးတိုးလေးထွက်သွားခြင်းဖြစ်ပေသည်။ ဒါဟာ ပြိုင်ပွဲအတွက် သူတို့မမြင်သေးတဲ့ ရွှေ့ကွက်တစ်ကွက်လား၊ နိုင်ကွက်တစ်ကွက်ပဲလား။

ဘာပဲပြောပြော ထိုစကားကတော့ ဇီနို့နားထဲတွင် ခပ်ပြင်းပြင်းလေး ပဲ့တင်သွားလေသည်။

"မှော်ဆန်ရမယ်"

ဒီလိုနှင့် လျှောက်လာကြရင်း တအောင့်ကြာတော့ ဇီနိုနှင့်ဂျူဂျူး ဆိုင်တစ်ဆိုင်ထဲသို့ ဝင်ခဲ့ကြလေသည်။ ဆိုင်တွင်း၌ လူပြည့်နေပါ၏။ ဒါပေမဲ့ သူတို့ကံကောင်းခဲ့သည်။

သူတို့နှစ်ဦးကအဝင်၊ စားပွဲဝိုင်းတစ်ဝိုင်းမှလူများက အထွက်နှင့်တိုက်ဆိုင်သွားသောကြောင့်ဖြစ်ပါ၏။ ဒါကြောင့် ထိုဝိုင်းမှာပဲ သူတို့ဝင်ထိုင်လိုက်သည်။ ထိုင်ပြီးမှပင် သူတို့ကံဆိုးသွားမှန်း သိလိုက်ရတော့၏။ အကြောင်းကား . . .

"ငါကတော့ အာမင်ပဲအနိုင်ရလိမ့်မယ်လို့ ထင်တယ်ဟေ့ကောင်။



မိန်းမက မိန်းမပဲ။ ဘယ်လိုယှဉ်ယှဉ် သူတို့က တစ်ဆင့်နိမ့်ပြီးသား။ အခုလည်း ကိတ်က ဘယ်လောက်ပဲဦးနှောက်ကောင်းလှပါတယ်၊ ထွက်ထျော် မြင်တတ်ပါတယ်၊ လေ့ကျင့်မှုတွေ ပြည့်ဝနေပါတယ်လို့ဆိုဆို ပြိုင်ပွဲတစ်ခုရဲ့ အဆုံးသတ်မှာ မိန်းမတွေစိုက်ခဲ့တဲ့အလံ ဘယ်နတိုင်များရှိဖူးလို့လဲ"

"တိုးတိုးပြောပါကွ . . . လူတွေကြားကုန်ဦးမယ်"

နောက်တစ်ယောက်က ငန်းလေဖြတ်သံ ရှဲရှဲဖြင့်ပိတ်သည်။ ဒီလောက်နှင့်ပင် လူသိမခံချင်သော အကြောင်းတစ်ခုရှိမယ်ဆိုတာ တွက်မိ၏။ ဒါနဲ့ ဘာများဆက်ကြားရဦးမလဲ နားထောင်နေလိုက်သော်လည်း စကားသံထပ်ထွက်မလာတော့ပေ။

ထိုစဉ်မှာပင် သူတို့နှင့်ကပ်လျက်ဝိုင်းက အသံထွက်လာ၏။

"ပွဲကတော့ တော်တော်လှသွားပြီဟေ့။ အာမင်တို့အတွဲကိုယှဉ်မဲ့ နောက်တစ်တွဲတော့ ပေါ်လာပြီ"

"ပေါ်လာလည်း သိပ်ထူးခြားလာမှာတော့ မဟုတ်ပါဘူး။ အခြေက သေချာနေပြီပဲ"

"မထင်နဲ့နော် . . . နောက်တိုးလာတဲ့အတွဲကို လျှော့မတွက်နဲ့။ ကော့လုခ်မိတ်ဆွေတွေလို့ကြားတယ်"

"ဘာ . . . ကော့လုခ်မိတ်ဆွေတွေ . . . "

ဇီနိုနှင့်ဂျူဂျူး စိတ်ဝင်စားသွားကြလေသည်။ တစ်မနက်လုံး ဒီအကြောင်းချည်းပဲကြားနေရ၍ ဇီနိုစိတ်ပျက်နေသော်လည်း ယခုစကားက သိချင်စိတ်ကို ပွတ်ထိသွားသည်။ ကော့လုခ်ဟူသော အမည်ပါလာသည် မဟုတ်ပါလား။

"ဟုတ်ပါ့မလား . . . မဖြစ်နိုင်ဘူးနဲ့တူတယ်နော်"

"ဟုတ်တယ် . . . ဒလိုင်းလာမာကိုယ်တိုင် ယုံယုံကြည်ကြည်နဲ့လက်ခံထားတာကို ကြည့်ပါလား။ လက်ခံလောက်တဲ့အကြောင်းရင်းတော့ ခိုင်ခိုင်လုံလုံရှိလို့နေမှာပေါ့"

"သူတို့တွေက ဘယ်အရွယ်ရှိပြီလဲ"



www.burmeseclassic.com

www.burmeseclassic.com

"လူငယ်တွေပဲလို့ ကြားတာပဲ"

မေးသူမှာ ခေါင်းယမ်းသွားလေသည်။ ဖြေသူကတော့ အားတက်သရော ဆက်ပြောသည်။

"ကော့လုခ်မိတ်ဆွေတွေဆိုကတည်းက သာမန်မဟုတ်ဘူးဆိုတာ သေချာနေပြီ။ ဒဿနပညာရှင်တွေ ဟုတ်ရင်ဟုတ်၊ မဟုတ်ရင် နက္ခတ်ဗေဒပညာရှင်တွေပဲ။ ဘာပဲပြောပြော အာမင်၊ ကိတ်တို့ထက် ဉာဏ်ရည်မနိမ့်မှာ သေချာတယ်"

ဤစကားမှာ ဇီနို၏ရင်ထဲသို့ လုံးလုံးကြီးဝင်ရောက်သွားပါတော့၏။ ဒဿနပညာရှင်နှင့် နက္ခတ်ဗေဒ ပညာရှင်တွေဆိုပါလား။ ဒါဆို ကော့လုခ်ဆိုသောအဘိုးကြီးက ဒဿနနှင့် နက္ခတ်ဗေဒပညာရှင်လား။ ဟုတ်နိုင်လောက်သည်။ ထိုစဉ်မှာပင် . . .

"ဒါဆိုမင်းစဉ်းစားကြည့်စမ်း။ ဇီနိုနဲ့ဂျူဂျူးအတွဲက အတွေးအခေါ်နဲ့ နက္ခတ်ဗေဒ ဘယ်ပညာရပ်တွေကို အသုံးပြုပြီး ပြိုင်ပွဲဝင်မယ်ထင်လဲ"

အမေးခံရသူ အနည်းငယ်တွေဝေသွားသည်။ ဒါပေမဲ့ မကြာခင်မှာတင် . . .

"အင်း . . . ငါ့အထင်ပြောရရင် နက္ခတ်ဗေဒပညာရပ်က လက်ဆက်ပွဲတော်နဲ့ သိပ်ဆိုင်မယ်တော့မထင်ဘူး"

"ဒါဆို မင်းဆိုလိုတာက သူတို့အတွဲက အတွေးအခေါ်နည်းတွေကို အသုံးပြုပြီး ပြိုင်ပွဲဝင်နိုင်တယ်ပေါ့"

"အဲလိုပဲထင်ရတာပဲ"

နောက်မကြာခင်မှာပင် ထိုလူတွေမှာ ထသွားကြပါတော့သည်။ ကျန်ရစ်ခဲ့သော ဇီနိုနှင့် ဂျူဂျူးမှာတော့ တွေးတောရင်း၊ ကြံစည်ရင်း၊ အဖြေထုတ်ရင်းနဲ့သာ . . .

ထိုနေ့က တစ်နေကုန်သူတို့နှစ်ယောက် လျှောက်လည်ခဲ့ကြသည်။ မရောက်ဖူးသည့် မြို့တော်တစ်ခုဆိုတာထက် လက်ဆက်ပြိုင်ပွဲ



အတွက်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

ဒါပေမဲ့ ထိုနေ့တစ်နေ့လုံးအတွက် သူတို့ပင်ပန်းရကျိုးနပ်ခဲ့ပါသည်။ အဲဒါက . . .

ဒဿန နှင့် နက္ခတ်ဗေဒ



www.burmeseclassic.com

www.burmeseclassic.com

# XIV

ညနေအိမ်ပြန်ရောက်တော့ တစ်နေ့လုံးပင်ပန်းခဲ့သည့်အတွက် သူတို့နှစ်ဦး အိပ်ရာသို့ စောစောဝင်ခဲ့သည်။ သို့သော်လည်း စောစော အိပ်မပျော်ခဲ့ပါ။ အကြောင်းကား . . . ရုပ်မြင်သံကြားမှလာသော အစီအစဉ်တစ်ခုက သူတို့နှစ်ဦး၏အာရုံကို ဆွဲခေါ်သွားလေသည်။

ပထမတော့ ဘာရယ်မဟုတ် ကြည့်မိသော်လည်း နောက်မှ တဖြည်းဖြည်းသဘောပေါက်လာကာ စိတ်ဝင်စားလာရခြင်းဖြစ်သည်။

လူတစ်ယောက်၏နောက်ကို သတင်းသမားတွေ အသည်းအသန်လိုက်နေပါ၏။ ထိုလူမှာ သူနှင့်အသက်မတိမ်းမယိမ်းလောက်ရှိပေမည်။ သတင်းသမားတစ်ယောက်က . . .

"လက်ဆက်ပွဲတော်မှာ ပြိုင်ပွဲဝင်အတွဲသစ်တစ်တွဲတိုးလာတာနဲ့ပတ်သက်ပြီး အာမင် ဘယ်လိုခံစားရပါသလဲ"



"ပြိုင်ဘက်တစ်ယောက် ထပ်တိုးလာတယ်ဆိုတာကလွဲပြီး ဘာမှ မခံစားရပါဘူး"

"ညှော်သည်တွေကို ဒီလိုပြိုင်ပွဲဝင်ပြိုင်ခွင့် ပေးထားတဲ့အပေါ်မှာရော ဘယ်လိုသဘောထားပါသလဲ"

"ဘယ်လိုမှ သဘောမထားပါဘူး။ ညှော်သည်ပဲပြိုင်ပြိုင်၊ အိမ်ရှင်ပဲပြိုင်ပြိုင် အဓိကက ပြိုင်ပွဲမှာအနိုင်ရအောင် ကြိုးစားနိုင်ဖို့ပါပဲ"

မိန်းမသတင်းထောက်တစ်ယောက်က ဝင်မေးသည်။ မိန်းမဆိုတော့ သိတယ်မလား . . . ရှေ့နောက်မဆင်မခြင် မေးခွန်းတွေပေါ့။

"အခုအသစ်တိုးလာတဲ့စုံတွဲကိုရော အာမင်တို့နှစ်ယောက် အနိုင်ယူနိုင်ပါ့မလား"

တီဗီဖန်သားပြင်ပေါ်မှာပင် အာမင်တစ်ချက်ပြုံးသွားသည်ကို တွေ့ရသည်။

"ဒါကတော့ ပြိုင်ပွဲပြီးမှ သိမှာပါ"

"ဇီနီနဲ့ဂျူဂျူးတို့နှစ်ယောက်ကို အာမင်နဲ့ကိတ်တို့က အဓိကပြိုင်ဘက်တွေလို့ မှတ်ယူထားသလား"

"ပြိုင်ပွဲမှာ ဝင်ပြိုင်သမျှစုံတွဲတိုင်းဟာ ကျွန်တော်တို့ရဲ့ အဓိကပြိုင်ဘက်တွေပါ။ သူတို့နှစ်ယောက်မှမဟုတ်ပါဘူး . . . အရင်စာရင်းရှိပြီးသားလူတွေလည်း ကျွန်တော်တို့ရဲ့ အဓိကပြိုင်ဘက်တွေပါပဲ"

အာမင်ဆိုသူမှာ စကားပြောပါးရည်နပ်ရည်ရှိကြောင်း မိနီတွေးမိသည်။ ထိုသတင်းထောက်ကဆက်၍ . . .

"အာမင် အခုဘယ်သွားမှာလဲ"

"ပြိုင်ပွဲအတွက် သွားလေ့ကျင့်မှာပါ"

"အာမင်တစ်ယောက်ထဲလား၊ ကိတ်ရော မပါဘူးလား"

"ကျွန်တော့်အဖွဲ့နဲ့ကျွန်တော် လေ့ကျင့်မှာပါ။ သူမပါဘူး"

ပြောပြီး အာမင်က ကားပေါ်တက်သွားသည်။ ထိုသတင်းထောက်မှာ နောက်ဆုတ်သွားပါ၏။ ထိုစဉ်မှာပင် တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com

အလျှင်စလိုဖြင့် . . .

"နောက်ဆုံးမေးခွန်းလေးပေါ့နော်။ ဇီနီနဲ့ဂျူဂျူးက လက်တွေ့ ပဓာနဝါဒ ကောလုခ်လွှတ်လိုက်တဲ့ ကောလုခ်မိတ်ဆွေတွေလို့ ဆိုပါတယ်။ အဲဒါ . . . "

ထိုသတင်းထောက်စကားပင် မဆုံးလိုက်ပါ။

"ကျွန်တော် လုံးဝမယုံပါဘူး"

နောက် ကားမှန်ကိုပိတ်ပြီး မောင်းထွက်သွားလေသည်။ တစ်ဖက်မှလည်း . . .

"ကိတ်တစ်ယောက်တည်းသွားမှာလား . . . အာမင်မပါဘူးလား"

"မပါပါဘူး။ ကျွန်မတစ်ယောက်တည်း သွားလေ့ကျင့်မှာပါ။ ဟိုမှာတော့ ကျွန်မအဖွဲ့တွေရှိပါတယ်"

"ဒီပြိုင်စုံတွဲတွေဆို နှစ်ဦးနှစ်ဖက် စည်းစည်းလုံးလုံးနဲ့လေ့ကျင့်ပြီးမှ ပြိုင်ပွဲဝင်လေ့ရှိကြပါတယ်။ အခု အစ်မတို့က တစ်ယောက်တစ်ကွဲစီ လေ့ကျင့်ကြတာ ဘာဖြစ်လို့ပါလဲ"

"သူတို့တွေက ချစ်သူတွေလေ။ စေ့စပ်ပြီးသား ဇနီးမောင်နှံလောင်းတွေ။ ကျွန်မတို့က ချစ်သူတွေမှမဟုတ်တာ။ အတူတူလေ့ကျင့်လို့ မဖြစ်နိုင်ပါဘူး"

"ဒါဆို ပြိုင်ပွဲမှာ အစ်မတို့နှစ်ယောက်က အပေးအယူမျှနိုင်ပါ့မလား"

"ဒါကတော့ ပြိုင်ပွဲရောက်မှသာ ကြည့်ပါတော့"

ထိုစဉ် မိန်းကလေးတစ်ယောက်က ဝင်မေးသည်။ မိန်းကလေးဆိုတော့ သိတယ်မလား။ သူများမဖြေချင်တာမျိုးကိုမှ လက်မထောင်ပြီး မဆင်မခြင်မေးတတ်တယ်လေ။

"ချစ်သူတွေမဟုတ်ပဲ နှစ်ဦးသဘောတူ စာရင်းပေးပြီးပြိုင်တာ အကြောင်းတစ်ခုခုများရှိနေလား"



"အမှန်ပါပဲ"

"သိခွင့်ရှိမလား မသိဘူး"

"အာမင့်ကို သွားမေးရင်တော့ ဖြေကောင်းဖြေနိုင်ပါတယ်"

"စာရင်းပေးပြီး ပြိုင်ပွဲဝင်တယ်ဆိုတော့ တကယ်ယှဉ်မှာပေါ့"

"အခုအချိန်အထိ ကျွန်မ အာမင်နဲ့ စကားဆယ်ခွန်းပြည့်အောင် မပြောဖူးသေးဘူး"

"လက်ဆက်ပွဲတော်မှာ ပထမရမယ်လို့ရော ယုံကြည်ပါသလား"

"ယုံကြည်ပါတယ်"

"ဒါဆို အစောကြီးကတည်းက ရှင်နဲ့အာမင် နားလည်မှုယူထားတယ်နဲ့တူတယ်နော်။ ဒါကြောင့်မို့လည်း နှစ်ယောက်ပေါင်းရဲ့ရလဒ်ကို ယုံကြည်ထားတာနေမှာပေါ့"

မေးခွန်းက ရှီးရှီးလေးနှင့်လှလေသည်။ သတင်းထောက်ပီသသောမိန်းကလေးဖြစ်ကြောင်း ဇီနီနှင့်ဂျူဂျူး ယုံကြည်လိုက်သည်။ ဒါပေမဲ့ . . .

"ရှင်နဲ့ရှင့်ချစ်သူရော လက်ထပ်ပြီးမှ အတူတူနေမယ်လို့ နားလည်မှုယူထားလား။ ဒါဆို ရှင်တို့နှစ်ယောက်ရဲ့ရလဒ်ကရော ဘာဖြစ်မယ်ထင်လဲ"

ထိုသို့ပြော၍ ကိတ်မှာ ကားပေါ်တက်မောင်းထွက်သွားပါသည်။ ရုပ်မြင်သံကြားမှာလည်း အခြားအစီအစဉ်တစ်ခုသို့ ပြောင်းသွားပါ၏။

ဇီနီ တွေဝေစွာနဲ့ပဲ တီဗီဖန်သားပြင်ကို ဆက်ကြည့်နေမိသည်။ သူထင်ထားတာထက်ပင် ပြိုင်ပွဲက ပိုမို၍အသက်ပါနေပေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## XV

နောက်တစ်နေ့မနက်တွင်တော့ သူတို့နှစ်ယောက် မအေးဆေးနိုင်တော့ပါ။ မနက်ဖြန်ဆိုလျှင် နှစ်ကုန်ပြီမဟုတ်ပါလား။ မနက်ဖြန်တွင် မနှိုက်ရပေတော့မည်။ သန်ဘက်ခါတွင် ပြိုင်ပွဲ။

ယခုအချိန်အထိ ဘာမျှမပြင်ဆင်ရသေး။ ဒီနေ့တွင်ရော သူတို့ဘာလုပ်မည်လဲ။ ညကတစ်ညလုံး စဉ်းစားခဲ့သည်ကတော့ အဖြေတစ်ခုသာထွက်သည်။ အဲဒါက ကော့လုစ်။

ကော့လုစ်ဆိုသောအဘိုးကြီးကြောင့် သူတို့ ဒီမြို့သို့ရောက်ခဲ့သည်။ ယခုကဲ့သို့ အစစအရာရာအဆင်ပြေခဲ့သည်။ ရှင်းရှင်းပြောရလျှင် ကော့လုစ်သည် သူတို့နှစ်ယောက်ရဲ့ကျေးဇူးရှင်။ ကော့လုစ်ဘာဆိုတာမသိပေမင့် သူ၏အရှိန်အဝါဖြင့် လက်ဆက်ပွဲတော်မှာ ဝင်ပြိုင်ခွင့်ရခဲ့သည်။



Anonymous တစ်ယောက်၏အဆိုတစ်ခုကို ကြားဖူး၏။

"ယခုဘဝ၌ ဖြစ်ပျက်သမျှအရာအားလုံးသည် ရှေးဘဝက သင်ပြုခဲ့သော ကောင်းမှုမကောင်းမှု၏ ရောင်ပြန်ဟပ်သော ရေစက်ဆုံမှုတွေပင်။

ထိုရေစက်တွေမကုန်သရွေ့တော့ ရန်သူကိုလည်း သင်ဆက်လက်ပတ်သက်ရမည်။ မိတ်ဆွေကိုလည်း ဆက်လက်ပတ်သက်ရမည်"

ထိုစကားအတိုင်းဆိုလျှင် ကော့လုစ်နှင့်သူတို့နှစ်ယောက် ပတ်သက်မှုက ရေစက်ဆုံမှုလား။ သေချာစဉ်းစားကြည့်လျှင် ဟုတ်သလိုလိုတော့ရှိသည်။ ဒါဆို ထိုရေစက်ကရော ခန်းခြောက်သွားပြီလား၊ ဆက်လက်စီးဆင်းနေဆဲလား။

ဘာပဲပြောပြော ပတ်သက်မှုရေစက်ရှိနေဆဲလို့တော့ ထင်သည်။ ရှေးဘဝကရေစက်ကြောင့် သူတို့နှင့်ကော့လုစ်ဆုံတွေ့ခဲ့သည်။ ပတ်သက်ခဲ့သည်။ ကော့လုစ်ကြောင့် အစစအရာရာအဆင်ပြေခဲ့သည်။

ယခုထိုရေစက်က မကုန်သေး။ ဒါဆိုလျှင် ကော့လုစ်နှင့်ပတ်သက်နေဦးမည်။ ဆက်စပ်နေဦးမည်ပေါ့။

လက်ဆက်ပွဲတော်အတွက် သူတို့နှင့်ကော့လုစ် ဘယ်လိုပတ်သက်မှုမျိုးတွေနဲ့ အဆင်ပြေနိုင်မလဲ။

အဲဒါက . . .



www.burmeseclassic.com

www.burmeseclassic.com

# XVI

## "နက္ခတ် ဗေဒ ဌာန"

ကြီးမားခန့်ထည်သော အဆောက်အဦကြီးဖြစ်သည်။ ကွင်းပြင်ထဲတွင်တည်ဆောက်ထားသည့်အတွက် အဝေးကြီးကတည်းက ထီးထီးကြီးမြင်နေရလေသည်။

အမယ်အို၏လမ်းညွှန်မှုဖြင့် သူတို့ရောက်လာကြခြင်းဖြစ်သည်။ လက်ဆက်ပွဲတော်ပြိုင်ပွဲဝင်ခွင့် ကတ်ပြပါက ဌာနမှူးမှတစ်ဆင့် အကူအညီရယူနိုင်ကြောင်းကိုလည်း ပြောလိုက်သည်။ ဒါပေမဲ့ ရောက်သာရောက်လာရသည် ဘယ်လိုရည်ရွယ်ချက်မျိုးဖြင့်ရောက်လာမှန်း သူတို့ကိုယ်သူတို့ မသိ၊ မရေရာသော ယုံကြည်မှုတစ်ခုကိုအားကိုးရင်း ရောက်လာကြခြင်းဖြစ်ပါသည်။



ဌာနထဲဝင်ဝင်ချင်း ဌာနဝန်ထမ်းတွေအားလုံး အလျှင်စလိုလှုပ်ရှားပြေးလွှားနေကြသည်ကို တွေ့ရသည်။ သူတို့ဝင်လာသည်ကိုပင် ဘယ်သူမျှဂရုမစိုက်အား။ တစ်ခန်းနှင့်တစ်ခန်း၊ တစ်ခုံနှင့်တစ်ခုံ၊ အပေါ်နှင့်အောက် လူးလားခေါက်ပြန် လှုပ်ရှားနေကြ၏။

အရေးပေါ် အကြောင်းကိစ္စတစ်ခု အရေးတကြီးဖြစ်ပျက်နေကြောင်း ရိပ်စားမိသည်။ ဇီနို ဝင်ပေါက်ဘေးတွင်ထိုင်နေသော ဝန်ထမ်းမိန်းကလေးတစ်ဦးဆီသို့ သွားလိုက်ပါ၏။ ထိုမိန်းကလေးမှာလည်း ကွန်ပျူတာတစ်လုံး၊ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသူဖြစ်သည်။ အားနာနာနှင့်ပင် ထိုမိန်းကလေးနားသွားလိုက်ကာ လက်ဆက်ပွဲတော်ပြိုင်ပွဲဝင်ခွင့်ကတ်ကိုထုတ်ပြရင်း . . .

"ဌာနမှူးနဲ့တွေ့ချင်လို့ပါ"

မိန်းကလေးက မော့ကြည့်သည်။ ပြီး လက်ထဲမှကတ်ကိုကြည့်ကာ ခဏတာကြောင်အမ်းသွားပါ၏။ နောက်မှ အားနာသလို ချွန်စူးစူးအသံဖြင့် . . .

"အခုလောလောဆယ်တော့ တွေ့လို့ရမှာမဟုတ်ဘူးရှင်။ ကျွန်မတို့ဌာနတစ်ခုလုံး အလုပ်ရှုပ်နေလို့ပါ။ စောင့်နိုင်မယ်ဆိုရင်တော့ ဌာနမှူးရုံးခန်းကို လမ်းညွှန်လိုက်ပါ့မယ်"

"ဟုတ်ကဲ့ . . . ရပါတယ်ဗျာ။ စောင့်နိုင်ပါတယ်"

မစောင့်လို့ရော ဘာလုပ်မည်နည်း။ ရောက်သာရောက်လာသည် ဘာရည်ရွယ်ချက်မျှမရှိပဲ ရောက်လာခြင်းဖြစ်သည် မဟုတ်ပါလား။ ဌာနမှူးနှင့်တွေ့လျှင်ရော ဘာပြောလို့ပြောရမှန်းမသိ။ ဒါပေမဲ့ တစ်ခုခုကိုတော့ သူယုံနေသည်။ နောက်ဆုံး ဘာမှဖြစ်မလာသည့်အဆုံး စကားပြောရင်းနှင့် ကော့လုစ်အကြောင်း နှိုက်ကြည့်မည်ဟု တွေးရင်းနဲ့သာ။

ဝန်ထမ်းအမျိုးသမီးကတော့ အလုပ်မအားသည့်ကြားမှပင် သူတို့နှစ်ဦး၏ခန္ဓာကိုယ်ကို ကွန်ပျူတာဖြင့် စစ်ဆေးပေးနေ၏။ ပြီးတော့ . . .

"S-601 တတိယထပ် ညာဘက်ဆုံးက အခန်းထဲမှာ စောင့်နေပါ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ ဌာနမှူးကို အကြောင်းကြားထားပေးပါ့မယ်"

• • •

အခန်းတံခါး၀အပေါ်မှ ရေးထိုးထားသော နံပါတ်ကိုကြည့်၍ ဒီအခန်းပဲဟု သိလိုက်သည်။ ထို့ကြောင့် တံခါးလက်ကိုင်ကိုလှည့်ဖွင့်လိုက်သောအခါတွင်မတော့ . . .

သူတို့နှင့်မျက်နှာချင်းဆိုင်တည့်တည့်တွင် တွေ့လိုက်ရသည်ကား ပန်းချီကားကြီးတစ်ချပ်။ အသက်ရှိသယောင်ထင်ရအောင် အနုပညာပါသောလက်ရာအောက်မှ ပုဂ္ဂိုလ်က ကော့လုခ်။ ခန့်ညားသော အပြုံးလိုလို၊ အောင်နိုင်သော အပြုံးလိုလိုနှင့် ကော့လုခ်မှာ ပန်းချီကားထဲတွင် ထည်ဝါနေပါ၏။

ဇီနိုနှင့်ဂျူဂျူး အံ့ဩသွားရသည်။ ဒီပုံထဲတွင်တော့ ခပ်သေးသေးကောင်လေးမပါချေ။ ပန်းချီကားအောက်ရှိ စားပွဲခုံမှာက လူလွတ်နေသည်။ အခန်းထဲတွင်လည်း တစ်ယောက်မျှမရှိ။ ပြောလိုက်သည့်စကားအတိုင်း ထိုင်စောင့်နေရန်အတွက် အခန်းထဲသို့ ဇီနိုနှင့်ဂျူဂျူး ဝင်ခဲ့ပါသည်။

ဒီလိုဌာနမျိုးတွင် တခမ်းတနားချိတ်ဆွဲထားသော ပန်းချီကား၏ အရှိန်အဝါကို ကြည့်ရုံမျှဖြင့် ကော့လုခ်ဘာဆိုတာ ရေးတေးတေးလေးတော့ သဘောပေါက်ခဲ့သည်။ ကြားနေရသော လူတွေ၏ပြောစကား၊ ပြီးတော့ ဒီအခန်းထဲမှာချိတ်ဆွဲထားသော ပန်းချီကား။

ဆက်စပ်ကြည့်လျှင်တော့ ကော့လုခ်မှာ နက္ခတ်ဗေဒနှင့်ပတ်သက်၍ ပညာရှင်တစ်ယောက်ဖြစ်မည်ဆိုတာ သံသယဖြစ်စရာမလို။ သေချာသွားသည်။ နောက်တစ်ခုရှိသည်က ဤနက္ခတ်ဗေဒဌာနပေါ်တွင် ကော့လုခ်၏သက်ရောက်မှု အတိုင်းအတာ။

ထိုအခိုက်မှာပင် . . .

သူတို့နှစ်ယောက်မှာ ပန်းချီကားနှင့် အနီးဆုံးနေရာသို့ရောက်



သွားလေသည်။ ပန်းချီကားရှေ့တွင်ရပ်ကြည့်ရင်း နောက်ထပ်ထူးခြားမှု တစ်ခုကို ထပ်တွေ့လိုက်ရသည့်အခါမှာတော့ . . .

"ဟင် . . . "

"ဟော့တော် . . . "

ဖျင်းခနဲ ကြက်သီးတို့သီးသွားသည်။ ရင်ခုန်သံတစ်ချက်မှာလည်း လေဟာပြင်တွင် မောင်းထုလိုက်သလို ဒိန်းခနဲမြည်သွားပါ၏။ ခေါင်းမွေးတို့ထောင်သွားကာ နှစ်ဦးစလုံးပင် ဘုရားတမိသွားတော့သည်။

မှားနေပြီ။ တစ်ခုခုတော့ မှားနေပေပြီ။ ဇီနို ပန်းချီကားကို သေချာပြန်မော့ကြည့်သည်။ သေချာပါသည်။ ကော့လုခ်မှ ကော့လုခ်အစစ်။ ဒါဆို ဘာကြောင့် . . .

တင်းကြပ်သွားသော အတွေးတစ်စက်နောက်မှာ ဤမြို့သို့ ရောက်သည်မှစ၍ သင်္ကာမကင်းဖြစ်နေသော အကြောင်းအရာတွေက သူ့ခေါင်းထဲသို့ တန်းစီကာဝင်လာတော့သည်။

သူတို့နှင့်ကော့လုခ်ပတ်သက်မှုကို လုံးဝမယုံကြည်သော မြို့သူမြို့သားများ . . . ။

ကော့လုခ်ဆိုသောနာမည်ကြားသည်နှင့် စိုးရွံ့ပျက်ပြားသွားကြသော မျက်နှာတွေ . . . ။

ယခု ပဋ္ဌမဒလိုင်းလာမာ၏ဘိုးတော် တတိယ ဒလိုင်းလာမာ၊

သူကိုယ်တိုင်ပေးခဲ့သော နန်းစဉ်ရတနာဆွဲကြိုး၊

ကော့လုခ်နှင့် ဝင်ခွင့်မရမြို့ပတ်သက်မှုကို သူတို့အားဖုံးကွယ်ထားရခြင်း၏နောက်ကြောင်း၊

ရောက်စက ကော့လုခ်လွှတ်လိုက်တယ်ဆိုတာကို မယုံကြည်၍ အမျိုးမျိုးစမ်းသပ်ခဲ့သည့် ဒလိုင်းလာမာ၊

နောက်ပြီးတော့ လက်တွေ့ပမာနဝါဒ ကော့လုခ်၊ နက္ခတ်ပညာရှင် ကော့လုခ်။

အခုနောက်ဆုံး ဒီနက္ခတ်ဗေဒဌာနမှ တခမ်းတနားချိတ်ဆွဲထား



www.burmeseclassic.com

www.burmeseclassic.com

သော ကော့လုစ်၏ပုံတူပန်းချီကား၊

သံသယတွေအားလုံးအား တံခါးဖွင့်ပေးလိုက်သည့် ထိုပန်းချီကားပေါ်မှ . . .

ခုနစ် သက္ကရာဇ် တစ်စုံ၊

ခုနစ် သက္ကရာဇ် တစ်စုံ . . .

ခုနစ် သက္ကရာဇ် တစ်စုံ . . .

ပန်းချီကားရှေ့မှာ မတ်တပ်ရပ်ရင်း ကြက်သေသေသွားခဲ့သော သူတို့နှစ်ယောက်မှာ 'ကျွီ'ခနဲ တံခါးဖွင့်သံတစ်ချက်ကြောင့် နောက်သို့ လှည့်ကြည့်လိုက်တော့ . . .

ပျက်ယွင်းသွားသော မျက်နှာတစ်ခုနှင့်အတူ မျက်မှန်ထူထူတပ်ထားသော ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့လိုက်ရသည်။

"ဇီနီနဲ့ဂျူဂျူးဆိုတာလား . . ."

"ဟုတ်ပါတယ်"

ပျက်မှိုင်းမှိုင်းမျက်နှာဖြင့် ကော့လုစ်၏ပန်းချီကားကို တစ်ချက်ကြည့်ကာ ထိုလူက အခန်းထဲသို့ဝင်လာသည်။ ပန်းချီကားကို ဇီနီတို့ တွေ့သွားသည့်အတွက် များစွာ စိတ်မသက်သာဟန်ရှိနေကြောင်း ရိပ်စားမိသည်။

"ကျွန်တော် နက္ခတ်ဗေဒဌာနရဲ့ ဌာနမှူးပါ"

"ဩော် . . ."

သူတို့ ဘာပြောရမှန်းမသိသေးခင်မှာပင် ထိုလူက ပန်းချီကားအောက်မှ စားပွဲတွင်ဝင်ထိုင်ရင်း . . .

"ခင်ဗျားတို့ ဒီပန်းချီကားကို သေချာကြည့်ပြီးသွားပြီနဲ့တူတယ်"

နှစ်ဦးစလုံး ခေါင်းညိတ်ပြလိုက်သည်။ သူတို့စိတ်ထဲမှာ ဒီပန်းချီကားနှင့်ပတ်သက်၍ သိချင်စိတ်တွေ အဆမတန် ဖြစ်ထွန်းနေသည် မဟုတ်ပါလား။ သို့သော် . . .



"ခင်ဗျားတို့စိတ်ထဲမှာ ဘာတွေရှိနေတယ်ဆိုတာ **ကျွန်တော်** သဘောပေါက်ပါတယ်။ နားလည်း နားလည်ပါတယ်။ **ဒါပေမဲ့ အခု** လောလောဆယ်သိဖို့ အချိန်စောနေပါသေးတယ်"

"ဒါဆို ကျွန်တော်တို့က ဘယ်တော့မှသိရမှာလဲ"

ထိုလူက သက်ပြင်းတစ်ချက်ကို မသိမသာချကာ . . .

"လက်ဆက်ပွဲတော်ပြီးသွားတဲ့ တစ်ချိန်ချိန်မှာပေါ့"

ဒီတော့မှပင် သူတို့ လာရင်းကိစ္စကို အစပေါ်သွားသည်။

"ခင်ဗျားတို့ဌာနတစ်ခုလုံး အရေးပေါ်ကိစ္စ ပေါ်နေတယ်ထင်တယ်။ အကုန်လုံး ပြေးလွှားနေကြလို့"

"အမှန်ပါပဲ။ ဒီသတင်းကိုလည်း မကြာခင်ကမှ ကျွန်တော်တို့ တွက်ချက်လို့ရတာပါ။ ရရချင်းပဲ နေ့လယ်ခင်း သတင်းအစီအစဉ်မှာ ထည့်ဖို့ လုံးပမ်းနေကြတာ။ လက်ဆက်ပွဲတော်နေ့ကျမှ ကံဆိုးတာပဲ"

နောက် ဌာနမှူးက/သူတို့ နက္ခတ်ဗေဒဌာနမှ တွက်ချက်ရထားသော သတင်းတစ်ပုဒ်ကို အတိအကျပြောသည်။

ထိုသတင်းကို ကြားလိုက်ရသည့်အခိုက် . . .

ဇီနီ့ရင်တစ်ခုလုံး ပွင့်ထွက်သွားမတတ်ကို ဝုန်းဒိုင်းကျဲသွားရပေါ့တော့၏။ ဦးနောက်အစိတ်အပိုင်းတွေလည်း လက်ဆက်ပွဲတော်အတွက် ဖျစ်ဖျစ်မြည်သွားသည်။ နှလုံးခုန်သံနှင့် အသက်ရှူသံတွေရော တွေခြမ်းဆန်သွားပြီး ကော့လုစ်ဆိုသော အဘိုးကြီးကို စိတ်ညွတ်တမ်းတလိုက်ပြီးနောက် . . .

"ကျွန်တော်တို့ ကံကောင်းသွားပြီ"

အဆုံးအစမရှိပြောလိုက်သော သူ့စကားကြောင့် ဌာနမှူးကြောင်သွားသည်။ ပြီး မျက်လုံးပြူးပြူးဖြင့် သူ့ကိုကြည့်ကာ . . .

"ဘာလဲဗျ . . . ဘာကံကောင်းတာလဲ"

"ဒီသတင်းက သေချာလား"

"သေချာတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဖြစ်မယ့်အချိန်ကရော . . . "

"နေ့လယ် ၁၂း၃၈ ကနေ ၁၂း၅၀ အတွင်း"

" Ok . ဂျူဂျူး . . . ကို အကြံရပြီ"

သူ့စကားကြောင့် ဂျူဂျူးမျက်နှာဝင်းသွားကာ ဌာနမှူးကတော့ ခေါင်းကုတ်သွားသည်။

"ဟောဒီကတ်နဲ့ဆိုရင် ခုနသတင်းကို တားလို့ရတယ်မလား"

ဌာနမှူးက ပြာပြာသလဲပင်။

"ဟာ . . . ဘယ်လိုလုပ် ရမှာပဲဗျ။ သူ့ဘာသာဖြစ်လာမှာ။ ဘယ်လိုတားတား တားလို့မရဘူး"

"ကျွန်တော်ပြောတာ အဲဒီလိုမဟုတ်ဘူး။ ခုနလွှင့်မယ်ဆိုတဲ့ သတင်းအစီအစဉ်ကို တားလို့ရမလားလို့မေးတာ"

"ဒီသတင်းကို . . . "

"အင်း . . . "

"ခင်ဗျားဆိုလိုတာက ရုပ်သံအစီအစဉ်တွေအကုန်လုံးမှာ မလွှင့်နဲ့လို့ပြောတာလား"

"ဟုတ်တယ် . . . ဖြစ်နိုင်ရင် ဒီဌာနနဲ့ကျွန်တော်တို့ နှစ်ယောက်ကလွဲပြီး ဘယ်သူမှမသိလေကောင်းလေပဲ"

ဌာနမှူး တွေဝေသွားလေသည်။ ဇီနိုကပင်ဆက်၍ . . .

"လက်ဆက်ပွဲတော်မှာ အသုံးပြုချင်လို့ပါ"

တောင်းပန်သံပျော့ပျော့ဖြင့် ပြောလိုက်သော ဇီနိုစကားကြောင့်–

"မလွယ်ဘူးနော်"

ဇီနို ခေါင်းညိတ်သည်။

"ကျွန်တော်သိပါတယ်။ ဒါပေမဲ့ ကြိုးစားကြည့်ချင်တယ်"

ဌာနမှူး ငြိမ်သွားသည်။ အတော်ကြာတော့မှ သက်ပြင်းတစ်ချက်ကိုချကာ . . .

"ပြိုင်ပွဲဝင်ခွင့်ကတ်နဲ့ဆိုရင်တော့ ခင်ဗျားပြောသလို လုပ်ပေးလို့



ရပါတယ်။ ဒါဆို ကျွန်တော်တို့လည်း အပြစ်မရှိဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ပြိုင်ရမယ်။ နံပါတ်စဉ်နဲ့ အဲဒီအချိန် သွားတိုက်ဆိုင်ဖို့တော့ မလွယ်ဘူး"

"ကံတရားပေါ့ဗျာ"

ဇီနို့စကားကြောင့် . . .

"ကောင်းပြီလေ။ ခင်ဗျားတို့ စိတ်ထက်သန်နေရင်လည်း ဒီသတင်းကို ဘယ်သူမှမသိအောင် အုပ်ထားပေးပါ့မယ်။ မနက်ဖြန် မဲနှိုက်ရင်သာ အချိန်ကွက်တိကျပါစေ ဆုတောင်းပေါ့"

ဒီလိုနှင့် ဇီနိုတို့နှစ်ယောက် သဘောတူညီမှုရသွားခဲ့သည်။ ပြီးတော့ ဌာနမှူးကဖုန်းဆက်၍ အစည်းအဝေးတစ်ရပ်ကို ချိန်းသည်။ နောက် သူတို့နှစ်ဦးကို . . .

"ကျွန်တော် ဘာကူညီပေးရဦးမလဲ"

"ဒီမြို့မှာ အကောင်းဆုံး ပြဇာတ်အဖွဲ့တစ်ဖွဲ့လောက်နဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးလို့ဖြစ်မလား"

ဌာနမှူးက အတန်ကြာစဉ်းစား၍ . . .

"ဖြစ်ပါတယ်"

• • •

ထိုနေ့တစ်နေ့လုံး ဌာနမှူးမိတ်ဆက်ပေးသော ပြဇာတ်အဖွဲ့နှင့် ဇီနိုတို့နှစ်ယောက် အသေးစိတ်ဆွေးနွေးကြသည်။ ပြဇာတ်အဖွဲ့၏အမည်မှာ ဇီးရိုး (Zero) ဖြစ်ပါ၏။ ဇီနိုလိုချင်သော ပစ္စည်းပစ္စယများ၊ အသုံးအဆောင်များအားလုံးလည်း ရှိသည်။ အဖွဲ့သားများလည်း လုံလုံလောက်လောက် ရှိပါ၏။

ဝါရင့်ပြဇာတ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့်အတွက် အဖွဲ့သားများမှာလည်း သရုပ်ဆောင် ပိုင်နိုင်ကြသည်။

ပြီးတော့ လက်ဆက်ပြိုင်ပွဲအတွက် အကုန်လုံး ပြင်ဆင်နေကြ



www.burmeseclassic.com

www.burmeseclassic.com

ကာ အစွမ်းရှိသလောက်ကြိုးစားမည်ဟု ကတိပေးသည်။ ဒီလောက်နှင့်ပင် ပြည့်စုံသွားခဲ့ပါပြီ။ နောက်တော့ . . .

ညနေအိမ်ပြန်ချိန်မှာ နှစ်ယောက်စလုံး ပင်ပန်းနေကြပါပြီ။ နည်းလွန်းလှသည့် ပြင်ဆင်ချိန်ကို အကျိုးရှိရှိ လုံ့လစိုက်ခဲ့ကြသည်မဟုတ်ပါလား။ သူတို့နှစ်ယောက်မှာ တွေးပူစရာတစ်ခုပဲရှိတော့သည်။ အဲဒါက . . .

မနက်ဖြန် မဲနှိုက်ချိန်တွင် ကံတရားက သူတို့နှစ်ယောက်ဘက်မှာ ရှိမရှိ။

ပင်ပန်းချည့်နဲ့စွာပြန်လာသော ဇီနိုနှင့်ဂျူဂျူးကို အိမ်ထဲမှ တစ်စုံတစ်ရာက စောင့်ကြိုနေသည်။

အမယ်အို မဟုတ်ပါ။

မြို့တော်ဝန် မဟုတ်ပါ။

Media ခေါင်းစဉ်အောက်မှ နည်းနည်းမေး ကြီးကြီးဖွသမားများ။ ဇီနိုလှည့်ကြည့်ပြီး စိတ်ပျက်သွားသည်။

သတင်းထောက်မိန်းကလေးများ ပါလာသောကြောင့် ဖြစ်ပါ၏။ မိန်းမဆိုတော့ သိတယ်မလား အလွန်လျှာရှည်မယ်လေ။

ᴥ ᴥ ᴥ



ကံက ကြိုးစားလေ့လာသူကိုမှ
မျက်နှာသာပေးတာပါ။

လူဝီပါစချား



www.burmeseclassic.com

www.burmeseclassic.com

မြို့ထဲတွင်တော့ လက်ဆက်ပွဲတော်နှင့်ပတ်သက်၍ အသံပေါင်းစုံထွက်နေသည်။ မျိုးစုံလည်း ထင်ကြေးပေးကြသည်။

အာမင်နှင့်ကိတ်တို့အတွဲသာ ပထမရမည်ဟု အများစုက ယုံကြည့်နေကြသော်လည်း အချို့က ဇီနီနှင့်ဂျူဂျူးအတွဲက သာသွားနိုင်တယ်ဟု ပြောသည်။

ဇီနီနှင့်ဂျူဂျူးသည် နာမည်ကြီး ဇီးရိုးပြဇာတ်အဖွဲ့နှင့် လျို့ဝှက်စွာလေ့ကျင့်နေကြောင်း၊ ကော့လုမ်မိတ်ဆွေတွေဖြစ်သည့်အတွက် ပညာတော်နိုင်ကြောင်း၊ ပွဲတော်ရက်နီးကပ်မှ ဝင်ရောက်လာသည်ကို ကြည့်ခြင်းအားဖြင့် သူတို့တွင် အားကိုးတစ်စုံတစ်ရာရှိနိုင်ကြောင်း၊ လေ့ကျင့်ရက်နီးသော်လည်း အာမင်နှင့်ကိတ်တို့အတွဲကို ကျော်ဖြတ်သွားနိုင်ကြောင်း အမျိုးမျိုး ထင်ကြေးပေးကြသည်။



အာမင်နှင့်ကိတ်တို့ဘက်မှလည်း ဤမျှ ပယောဂဆန်သော ထပ် ဆက်ပွဲသည် မရှိဘူးကြောင်း၊ သူတို့ပြိုင်ဆိုင်ခြင်းသည် ဆုအတွက်မဟုတ် ပဲ မိသားစုနှစ်ခု၏ ကလဲ့စားချေမှု၊ ကြွေးဟောင်းဆပ်မှုတစ်ခုဖြစ်နိုင် ကြောင်း၊ စကားပင် ဆယ်ခွန်းပြည့်အောင်မပြောဖူးသည့် လူနှစ်ယောက် မှာ ဘယ်လိုပုံစံတွေနှင့် ပြိုင်ပွဲဝင်လာမည်မသိကြောင်း၊ ထိုသို့အကြောင်း အရာတိုင်း စိတ်ဝင်စားဖို့ကောင်းနေသည်ကပင် ပရိသတ်ကို အကြိုက် တွေ့စေမည်ဖြစ်ကြောင်း၊ ဘယ်လိုပဲတွေးတွေး အာမင်နှင့်ကိတ်တို့အတွဲ မှာ သာနေသည့်အတွက် သူတို့ပင် ပထမရမည်ဖြစ်ကြောင်း . . . ။

လူတွေ၏ထုံးစံအတိုင်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ထင်ကြေး ပေးကြသည်။

တချို့တွေဆိုလျှင် ဇီနီတို့အတွဲရှုံးမည်ဟုပင် ယတိပြတ်ပြောနေ ကြပါ၏။ အာမင်နှင့်ကိတ်တို့၏ ဘာရယ်ညာရယ်မဟုတ်သော နာမည် ကွက်ကြီးနေမှုကို မကျေမချမ်းဖြစ်နေသူအချို့ကတော့ ဘယ်လိုပင်ပြိုင်ပြိုင် ဇီနီနှင့်ဂျူဂျူးတို့ကို အားပေးမည်ဟုပြောသည်။

ထိုအထဲတွင် ပြိုင်ပွဲဝင်သုံးတွဲမှ မိသားစုများ၊ အသိုင်းအဝိုင်းများ ပါ၏။

အစဉ်အလာရှိသော မျိုးရိုးနှစ်ခုမှ ဆင်းသက်လာသူနှစ်ယောက် နှင့် ကော့လုမ်၏နာမည်အောက်မှ ညှော်သည်နှစ်ယောက်၏ပြိုင်ပွဲ။

ဝင်ခွင့်မရမြို့၏ အကြီးကျယ်ဆုံးပြိုင်ပွဲတစ်ခုပင် ပြောကုန်ကြ တော့သည်။

ဘာပဲပြောပြောပါ။

လက်ဆက်ပွဲတော်ကတော့ ပြိုင်ဆိုင်မှုအရှိန်အဝါပြင်းပြင်းနှင့် စတင်တော့မှာ သေချာနေပေတော့သည်။

⁂



www.burmeseclassic.com

www.burmeseclassic.com

# XVIII

ဖုန်းမြည်လာသည်ကြောင့် ဇီနို သွားကိုင်လိုက်သည်။

"ဟယ်လို . . ."

"သူရဲကောင်းကြီးနိုးပြီလား"

ဇီနိုကြောင်သွားသည်။ ခနဲ့တဲ့တဲ့ထွက်လာသော ယောကျ်ားသံတစ်ခုပင် မဟုတ်ပါလား။ အသံကတော့ လူငယ်သံပင်ဖြစ်ပေသည်။ ဇီနိုဖုန်းကိုင်၍ တွေဝေသွားစဉ်မှာပင် . . .

"လေ့ကျင့်ချိန်နှစ်ရက်နဲ့ ပထမရအောင် ကြိုးစားမယ့်သူတွေကို သူရဲကောင်းလို့ခေါ်လိုက်တာ မလွန်ပါဘူးနော်"

မျက်မှောင်ကြုတ်သွားမိပါ၏။ တစ်ဖက်မှ ဖုန်းပြောသူကို သူမသိပါ။ ဒါပေမဲ့ ဦးနှောက်အစိတ်အပိုင်းတစ်ခုက ဘယ်သူဆိုတာကို ရေးရေးလေး ပုံထင်ပြသည်။



"ဘယ်သူလဲ . . ."

ဇီနိုမေးလိုက်တော့ . . .

"အင်း . . . လက်ဆက်ပွဲတော်မှာ ပထမရမယ့်အတွဲဆိုပါတော့"

ပြုံးသွားပါသည်။ ဒါပေမဲ့ ထိုအပြုံးက မဲ့ပြုံး။ အာမင်မှလွဲ၍ တခြားမရှိနိုင်ပြီ မဟုတ်ပါလော။

"အကြောင်းကိစ္စရှိလား"

သူ၏မေးသံဆုံးတော့ . . .

"အင်း . . . ရှိတယ်ဆိုပါတော့။ မင်းညက အင်တာဗျူးဖြေရတာ မောများမောနေသေးလားလို့"

ဇီနို သဘောပေါက်လိုက်သည်။ ညကလွှင့်သော အင်တာဗျူးအစီအစဉ်အားကြည့်၍ ယခုကဲ့သို့ အာမင်တိုက်ခိုက်ခြင်းဖြစ်နိုင်သည်။ ထိုစဉ်မှာပင် အာမင့်စကားသံက ဆက်ထွက်လာ၏။

"ဘာလဲကွ . . . မင်းတို့က ဇီးရိုးပြဇာတ်အဖွဲ့နဲ့ လေ့ကျင့်နေတယ်ဆိုတော့ ပြဇာတ်ကမလို့လား . . . အဟား . . . ဟား"

ဇီနို ပြန်မဖြေပါ။ ညကအင်တာဗျူးတွင် သူ ထိုအတိုင်းပြောခဲ့လေသည်။

"စိတ်တော့ဝင်စားတယ်ကွာ။ လေ့ကျင့်ချိန်နှစ်ရက်နဲ့ အကောင်းဆုံးလုပ်ပြမယ်ဆိုတဲ့ မင်းတို့ မင်္ဂလာဆောင်ကို ငါကြည့်ချင်တယ်။ ဒါပေမဲ့ တစ်ခုတော့ မင်းဆုတောင်းထားနော်။ မနိုက်တဲ့အခါကျရင် ငါတို့အတွဲနဲ့ နံပါတ်စဉ်ဝေးပါစေလို့။ မဟုတ်ရင် ပရိသတ်တွေ မင်းတို့ပြဇာတ်ကို ဝိုင်းဆဲလိမ့်မယ်"

ဇီနိုကတော့ တိတ်ဆိတ်လျက်ပင် ရှိနေပါသည်။ ထို့ကြောင့် –

"တိတ်လှချည်လား သူရဲကောင်းကြီးရ။ ဘာလဲ အဓောမငြိ သေးဘူးလား။ စကားလေးဘာလေး ပြန်ပြောပါဦး"

တစ်ခွန်းတော့ ပြန်ပြောလိုက်ပါသည်။ ပြီးတော့ ဖုန်းချလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

"ငါ့မှာ ပြောစရာမရှိဘူး"

• • •

'၉'နာရီမှ မဲနှိုက်ရမည်မို့ စောနေသေးသည်။ ထို့ကြောင့် မီနို တီဗီဖွင့်ကြည့်လိုက်ပါ၏။ တီဗီတွင်တွေ့ရသည်က . . .

"ကျွတ်"

ယခုတင် အာမင်နဲ့ဖုန်းပြောထားရာ စိတ်ပျက်ပြီး တခြားလိုင်းပြောင်းပစ်လိုက်သည်။ လက်ဆက်ပွဲတော်ပြိုင်ပွဲဝင် စုံတွဲငါးတွဲ၏ အားနည်းချက်၊ အားသာချက်များကို ကိုယ်မြင်တာကိုယ်တွေးပြီး ဝေဖန်နေကြခြင်းဖြစ်သည်။ ဒီတစ်လိုင်းကလည်း မကြိုက်သည်မို့ ထပ်ပြောင်းလိုက်ပြန်သည်။

ဒီတစ်ခါတော့ သူအနည်းငယ် စိတ်ဝင်စားသွားသည်။ ယနေ့သည် နှစ်ကုန်ရက်ဖြစ်ပေသည်။ ထို့ကြောင့် မနက်ဖြန်နှစ်သစ်သို့ကူးမည့် နှစ်သစ်ကူးပွဲတော်ညအတွက် ပျော်ပွဲရွှင်ပွဲအစီအစဉ်တွေကို ကြိုတင်ရိုက်ပြထားခြင်းဖြစ်သည်။

စိတ်ဝင်စားဖွယ် ကစားနည်းမျိုးစုံ၊ ပျော်ရွှင်ဖွယ်ရာသမျိုးစုံနှင့် ကစားနည်းအသစ်အဆန်းတွေလည်း တွေ့ရသလို၊ Romantic ဆန်ဆန် လူငယ်တွေအတွက် သီးသန့်ဖန်တီးမှုလေးတွေကိုလည်း တွေ့ရပါ၏။

ယခုနှစ်အတွက် ပြင်ဆင်ထားမှုကိုပြလိုက်၊ အရင်နှစ်ပွဲတော်ဆင်နွှဲမှုကိုညှပ်ပြလိုက် ဖြစ်သည့်အတွက် ကြည့်လို့ကောင်းသည်။ ထိုအထဲတွင် 'ချစ်သူရှာပွဲတော်' ဟူသော ခေါင်းစဉ်အောက်မှ ကစားနည်းလေးတစ်ခုကို သဘောကျမိသည်။

အဲဒါက ပါဝင်ကစားမည့် မိန်းကလေးနှင့်ယောကျ်ားလေးများကို မျက်လုံးတွင် အဝတ်များစည်းပေးထားသည်။ ပြီးတော့ မီးပုံဆောင်တွင်



မိန်းကလေးများကို တန်းစီရပ်စေကာ ယောကျ်ားလေးများကို တစ်ယောက်ချင်းစီခေါ်၍ မိန်းကလေးများရှိရာကို လွှတ်သည်။

ထိုယောကျ်ားလေးလက်နှင့် ပထမဆုံးထိသည့် မိန်းကလေးတို့သည် ထိုညတစ်ညလုံး နှစ်ယောက်အတူတူ စကားပြောရမည်ဖြစ်သည်။ မျက်လုံးမှစည်းထားသောအဝတ်ကို လုံးဝ မဖွင့်ကြည့်ရ။

မိုးလင်း၍ ဖွင့်ကြည့်ချိန်ရောက်မှသာ ဖွင့်ကြည့်ရမည်ဖြစ်သည်။ ဤကစားနည်းလေးမှာ စိတ်ဝင်စားဖို့ကောင်းပါ၏။ ပျော်ဖို့လည်းကောင်းသလို ရင်ခုန်ဖို့လည်းကောင်းသည်။ မနက်ရောက်မှဖွင့်ကြည့်၍ အဆင်ပြေကာ ချစ်သူဖြစ်သွားသူတွေရှိသလို ချက်ချင်းထွက်ပြေးသွားသူတွေလည်းရှိသည်။

မီနို ထိုကစားနည်းလေးအား သဘောကျကာ ကြည့်နေမိရင်းမှ ကစားနည်းနောက်တစ်ခုသို့ ပြောင်းသွားသည်။ ယခုတွေ့ရသည့်ကစားနည်းက . . .

"အတွေးအခေါ်ဥယျာဉ်မှ ကြိုဆိုပါတယ်ရှင်"

မိန်းကလေးတစ်ယောက် ဦးညွှတ်အရိုအသေပေးရင်း ပြောကာ နောက်မှရေးထိုးထားသော 'အတွေးအခေါ်ဥယျာဉ်'ဆိုသော ဆိုင်းဘုတ်ကို ရိုက်ပြသည်။ ဤမျှသာဖြစ်ပါ၏။ ကစားနည်းလည်းမပါ။ မနှစ်က ကစားပုံတွေလည်းမပါ။

ဒါပေမဲ့ မီနိုစိတ်ဝင်စားသွားပါသည်။ နာမည်လေးကပင် ဆွဲဆောင်မှုရှိနေသည်မဟုတ်ပါလား။

"အတွေးအခေါ်ဥယျာဉ်"

ထိုစဉ် . . .

"ကို . . . . '၉' နာရီထိုးခါနီးပြီ သွားရအောင်။ တော်ကြာ နောက်ကျနေဦးမယ်"

ထိုသို့ပြောရင်း ဝင်လာသောဂျူဂျူးကြောင့် မီနို နာရီကိုငုံ့ကြည့်လိုက်သည်။ '၉'နာရီထိုးဖို့ (၁၀)မိနစ်သာလိုပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com

ဇီနီ TV ဝိတ်ကာ ထရပ်လိုက်ပါသည်။ ပြီးတော့ . . .

• • •

ဒလိုင်းလာမာကိုယ်တိုင်ရှိနေသည်မို့ လာရောက်ကြည့်ရှုသူတွေ များပြားလှသည်။ တချို့တွေကလည်း ဇီနီတို့အတွဲကို မြင်ဖူးချင်၍ တမင်သက်သက် လာကြည့်ကြခြင်းဖြစ်ပါ၏။

ဇီနီရောက်သွားတော့ လူက တော်တော်စုံနေပါပြီ။ ဇီနီနှင့်ဂျူဂျူးကိုမြင်တော့ ဒလိုင်းလာမာ ကျေနပ်အားရစွာပြုံးပြသည်။ ဇီနီ တရိုတသေပြန်လည်ပြုံးပြရင်း မဲနှိုက်ရာဆင်မြင့်ဆီသို့ ဦးဆောင်လမ်းပြသူတွေနောက်မှ လိုက်သွားလိုက်ပါ၏။

တစ်ခါမှ မထိတွေ့ဖူးသော မြို့သူမြို့သားများနှင့် အစိမ်းသက်သက်ပွဲတော်မို့ ဂျူဂျူး စိတ်လှုပ်ရှားနေကြောင်း အေးစက်နေသော သူမလက်ဖဝါးက သက်သေခံနေသည်။ ပရိသတ်အလယ်တွင် စင်မြင့်တစ်နေရာလုပ်ထားကာ ထိုစင်မြင့်ပေါ်တွင် ဖလားတစ်လုံးတင်ထားပါ၏။ မဲလိပ်ထည့်ထားသော မဲနှိုက်ရန်ဖလားဖြစ်ရပေမည်။

သူတို့ကိုတော့ ထိုစင်မြင့်နှင့် အနီးဆုံးနေရာတွင် နေရာပေးသည်။ အတွဲတွဲထိုင်ရခြင်းမဟုတ်။ အမျိုးသားတစ်တန်း၊ အမျိုးသမီးတစ်တန်းဖြစ်ရာ ဂျူဂျူးက သူ့နောက်တည့်တည့်တွင် သွားကျသည်။ အခြားပြိုင်ပွဲဝင်စုံတွဲတွေလည်း ထိုအတိုင်း။

အာမင်နှင့်ကိတ်တို့ အတွဲကိုတော့ ရှာစရာမလိုပါ။ ဟိုဘက်ထောင့်စွန်းတန်းမှ ခနဲ့ပြုံးလိုလို၊ မချိပြုံးလိုလို၊ ခုနဖုန်းဆက်၍ ရိထားသောစကားတွေနှင့် လိုက်ဖက်စွာ မျက်နှာတစ်ခုကိုတွေ့ရသည်။ ဇီနီဥပေက္ခာပြုရင်း စိတ်ကိုလျှော့ထားလိုက်ပါ၏။

လေက တဖြူးဖြူးတိုက်ခတ်နေရာ လွန့်လူးလှုပ်ယမ်းနေသောလေနှင့်တကွ ဇီနီ့စိတ်တွေလည်း လှုပ်ရှားယမ်းခါနေပါ၏။ ဇီနီ စိုးရိမ်



နေသည်။ အထူးသဖြင့် မဲနှိုက်ရမှာကို ကြောက်နေခြင်းဖြစ်သည်။ သောဘကြီးကပေးသော လက်ဆောင်။ အလွန်ရှားပါးသော တစ်ခါတစ်ရံမှသာဖြစ်တတ်သည့် သဘာဝအပြောင်းအလဲအချိန်နှင့်လွဲသွားမှာ စိုးရိမ်မိသည်။ ထိုအချိန်သည်။ သူတို့နှစ်ဦး၏အသက်ပင် မဟုတ်ပါလား။

နက္ခတ်ဗေဒဌာန၏ တွက်ချက်မှုအရ ကမ္ဘာကြီး၏ပတ်လမ်းကြောင်း၊ လ၏ပတ်လမ်းကြောင်း၊ နေ၏ပတ်လမ်းကြောင်းသည် မနက်ဖြန်နေ့လယ် ၁၂း၃၈ မှ ၁၂း၅၀ အတွင်း အလှည့်အပြောင်းတစ်ခုဖြစ်သွားမည်ဖြစ်သည်။ ထိုအချိန်နှင့် သူတို့ပြိုင်ပွဲဝင်ရမည့်အချိန် တိုက်ဆိုင်ပါမှ . . .

ဇီနီစိုးရိမ်စိတ်ဖြင့် တွေးနေဆဲမှာပင် နံပါတ် (၁)အတွဲအား ခေါ်လိုက်သံကြားရ၏။ အာမင် စင်မြင့်ပေါ်သို့တက်သွားလေသည်။ သူတို့က နံပါတ် (၅)မှ မဲနှိုက်ရမည်ဖြစ်ရာ လိုသေးသော်လည်း ရင်ခုန်နေသည်။ မဲနှိုက်ရမည့်လက်တိုင်းသည် သူတို့လိုချင်သောအချိန်နှင့်လွဲဖို့ လိုနေသည်မဟုတ်ပါလား။

အာမင်က စင်ပေါ်တက်ခါနီးမှာပင် သူ့ကို ခနဲ့ပြုံးတစ်ချက်ပြုံးသွားသေး၏။ ထိုစဉ်မှာပင် ကြေငြာသူ၏အသံထွက်လာသည်။ အာမင်နှင့်ကိတ်တို့၏ ပြိုင်ပွဲဝင်နံပါတ်သည်။ (၄)။ အချိန်က (၁၁း၃၀) မှ (၁၂း၃၀)။

ဇီနီ ရင်ခုန်သွားသည်။ သိသိလေးလွဲသွားခြင်း မဟုတ်ပါလား။ ဒါဆို သူတို့လိုချင်သောအချိန်သည် နံပါတ် (၅)ဖြစ်ဖို့ သေချာသွားပေပြီ။

ဘုရား . . . ဘုရား . . . နံပါတ် (၅)ကို ဘယ်သူမှမရပါစေနှင့်။

နောက်တစ်တွဲက နံပါ (၂)၊ (၉း၃၀) မှ (၁၀း၃၀)။ ဟုတ်နေသေးသည်။ ကံကောင်းနေသေးသည်။ သူတို့ကံ ဆက်ကောင်းပါစေ။ ကံဆက်ကောင်းနိုင်ပါစေ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ . . .

လေတွေတိုက်နေသည်။ ဇီနီနှင့် ဂျူဂျူးတို့၏ ရင်ခုန်သံတွေလည်း . . .

နောက်တစ်တွဲ မဲနှိုက်လိုက်ပြန်သည်။ နံပါတ် (၃)၊ (၁၀း၃၀) မှ (၁၁း၃၀)။ ဇီနီ့ရင်ခုန်သံတွေ အထွတ်အထိပ်သို့ ရောက်သွားတော့သည်။ မဲနှိုက်ရန် နှစ်တွဲသာကျန်တော့သည်။ ကျန်နေသည့်နံပါတ်က (၁) နှင့် (၅)။

ယခုမဲနှိုက်မည့်အတွဲမှာ (၅)ကျလျှင်တော့ သွားပေပြီ။ သူတို့ဘာကိုမျှ လုပ်လို့ရမှာမဟုတ်တော့။ ခေါင်းငိုက်စိုက်ရင်း ဒီမြို့မှပြန်တော့ရုံသာရှိတော့သည်။

သူတို့နှစ်ယောက်ပင် ရင်ခုန်နေသည်လား၊ မဟုတ်။ စင်မြင့်ပတ်ပတ်လည် ပရိသတ်များကြားထဲမှ ဇီးရိုးအဖွဲ့သားများသည်လည်း ရင်ခုန်နေကြသည်။ (၁၂း၃၀) မှ (၁၂း၅၀) သည် သူတို့အသက်၊ သူတို့ဘဝပင် မဟုတ်ပါလား။

ကျန်သည့်လူတွေကတော့ သူတို့အဖြစ်ကို သိမည်မဟုတ်ပါ။ သူတို့မှာတော့ . . .

ရှေ့မှမဲနှိုက်မည့်တစ်ယောက်မှာ စင်ပေါ်သို့တက်သွားပေပြီ။ ဇီနီ့ရင်ခုန်သံတွေက ထိုလူ့ကိုကြည့်ကာ တဒိတ်ဒိတ်။ ထိုလူ နံပါ(၅)မဲသာရသွားပါက မြို့စိမ်း၊ ပတ်ဝန်းကျင်စိမ်းမှာ အရှက်နှင့်သိက္ခာကို ပူဇော်ခဲ့ရတော့မည်။ ဤဝင်ခွင့်မရမြို့ကို အရှုံးပေးလိုက်ရတော့မည် မဖြစ်ပါစေနဲ့။ အဲလိုမျိုး လုံးဝမဖြစ်ပါစေနှင့်။

စင်ပေါ်တက်သွားသူကတော့ တစ်လှမ်းချင်း၊ တစ်ရွေ့ချင်း။

လေတွေက တိုက်သည်ထက်တိုက်လာသည်။ သူသည်လည်း ရင်ခုန်သည်ထက် ခုန်လာသည်။ နောက် လေတွေထပ်တိုက်လာသည်။ ပြီးတော့ . . .

မဲဖလားအတွင်းသို့ လက်ကျသွားပြီးသည့်နောက် . . .



ဇီနီ မျက်လုံးမှိတ်သွားသည်။ နောက် ပါးစပ်မှ ဘယ်လိုမှထင်မှတ်မထားသော စကားတစ်ခွန်း လွတ်ခနဲထွက်သွားလေတော့သည်။

"ကော့လုခ် . . . ကယ်ပါ . . ."

"ဟင် . . ."

ဝုန်းခနဲပင် လေတစ်သုတ်က ပြင်းထန်သွားကာ . . .

"ဟာ . . ."

"ဟင် . . ."

"အို . . ."

"လေထဲပါသွားပြီ၊ လေထဲပါသွားပြီ"

ပတ်ဝန်းကျင်မှာ ချက်ချင်း ယောက်ယက်ခတ်သွားပါ၏။ အာမေဍိတ်သံတွေ၊ တအံ့တသြအော်ဟစ်သံတွေ ဆူညံသွားသည်။ အတုံးအရုံး စုပြုံအုံကြွသွားမှုကြောင့် ဇီနီ မျက်လုံးဖွင့်ကြည့်လိုက်တော့ . . .

စင်ပေါ်တွင် မဲနှိုက်သူက ထီးထီးကြီးရပ်နေသည်။ သူ့လက်ထဲတွင် မဲလိပ်မရှိ။ အစီအစဉ်ကြေညာသူကလည်း ဆက်လက်မကြေညာနိုင်သေး။ လေကတော့ တဟူးဟူးတိုက်နေသည်။

"ဟင် . . ."

သူဘာဖြစ်သွားမှန်းမသိ။ ကြောင်အ,သွားရကာ . . .

"မဲလိပ်လေထဲပါသွားပြီ၊ ဘယ်ရောက်သွားမှန်း မသိတော့ဘူး"

ရင်ခုန်သံတစ်ချက်က ဒုန်းခနဲပင် မြည်သွားတော့သည်။

"ကော့လုခ် . . ."

တိုးဖွဖွရည်ရွတ်လိုက်သော သူ့စကားကြောင့် နောက်မှ ဂျူဂျူးက . . .

"ဘာလဲ"

ဇီနီ ကြက်သီးတို့ထွေးသွားလေပြီ။ ကော့လုခ် တကယ်သိလိုက်သလား။ သူပြောတာကို ကော့လုခ် တကယ်ကြားလိုက်သလား။ [illegible] ရေ . . . ဝုန်းဒိုင်းကြဲသွားသော စိတ်ထင်ယောင်မှုတို့၏ နောက်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com

ဘာတွေဖြစ်ကုန်ပြီလဲ။

အကုန်လုံးကြောင်အ,ကာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေဆဲ။ ဒလိုင်းလာမာက ဇီနို့ကို ကျန်သည့်မဲအား တက်နှိုက်ခိုင်းသည်။ ဇီနို့ကျသည့်နံပါတ်ကိုကြည့်၍ နံပါတ် (၄)အတွဲကို ဆုံးဖြတ်ပေးမည့်သဘော။

သူ၏ကံကြမ္မာကို သူပဲ ဆုံးဖြတ်ရပေတော့မည်။ သူပဲ အဆုံးသတ်ရပေတော့မည်။

စင်ပေါ်တက်ခါနီး ဂျူဂျူးက သူ့လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်သည်။ လက်ဖဝါးမှတစ်ဆင့် နှလုံးသားထဲထိတိုင်အောင် ဝင်ရောက်လာသော ချစ်သူအင်အားများ။ ပြီးတော့ အားပေးမှု၊ နွေးထွေးမှု။

လေပြင်းတိုက်ခတ်သံက တရှဲရှဲပင် မြည်လာပါ၏။ ဇီနို့ရင်ခုန်သံတို့မြန်နေသည်။ စင်အောက်မှ ဇီးရိုးပြဇာတ် အဖွဲ့ခေါင်းဆောင်က အော်ဟစ်အားပေးသည်။

"ဇီနို အောင်မြင်ပါစေ"

ချစ်သူကိုလှမ်းကြည့်တော့ တောက်ပစွာပြုံးပြသည်။ လေတစ်ချက်က ဇီနို၏ပါးကို လာတိုးဝေ့၏။ ကော့လုခ်၏အငွေ့အသက်လိုလိုကို ရလိုက်သည်။ ထို့နောက်မှာတော့ . . .

လက်ထဲမှမဲလိပ်အား ဖြည်နေသောလက်သည် သေမိန့်ပေးမည့်တရားသူကြီးစကားအား နားထောင်နေရသလို တွန့်လှုပ်တုန်ခါနေကာ–

ဖြူလွှလွှစက္ကူသားက တစ်စွန်းတစ်စပေါ်လာသည်။ ပြီးတော့ ဖြူနေသေးသည်။ အက္ခရာမထင်သေး။ နောက် . . .

တဖြည်းဖြည်း . . .

တဖြည်းဖြည်းဖြင့် . . .

"နံပါတ် (၁)ဗျို့၊ နံပါတ် (၁)"

ဖြန်းခနဲကြားလိုက်ရသော အသံဝါဝါကြီး၏နောက်မှာ လူက တွန့်ခနဲခွေသွားပြီ ရင်တစ်ခုလုံး လှစ်ခနဲ အေးသွားသည်။

ယားကျိကုတ်စွဲလိုက်ရသလို နှလုံးသားမျက်နှာစာက ဆတ်ခနဲ



တုန်သွားပြီးသည့်နောက် . . .

လက်ထဲမှစာရွက်သည် အသက်ရှင်သွားတော့၏။

နံပါတ် (၅)။

'ဟေး' ခနဲအော်လိုက်ကြသော ပရိသတ်နောက်မှာ ဘာမှန်းမသိသော အပြုံးတစ်ခုကိုတော့ မပီမသပြုံးမိသွားတော့သည်။

နံပါတ် (၁)ဟူသော အော်လိုက်သံသည် လွင့်သွားသော မဲလိပ်အား ပြန်ရှာတွေ့၍ ပရိတ်သတ်တစ်ယောက်က အော်လိုက်သံဖြစ်ရာ . . .

သူ့လက်ထဲမှ မဲလိပ်နံပါတ်သည်ကား . . .

"ဟူး . . . "

ပင်ပန်းလိုက်သည့်ဖြစ်ခြင်း။

မဲနှိုက်ပြီးသွားတော့ ဒလိုင်းလာမာကိုယ်တိုင် ပြိုင်ပွဲစည်းကမ်းများကိုပြောသည်။ ပြန်ခါနီးအချိန်တွင် အာမင်က သူ့နားသို့ရောက်လာကာ . . .

"ညက မင်းအင်တာဗျူးကို ကြည့်လိုက်ရတယ်။ မဆိုးပါဘူး။ လူအထင်ကြီးအောင် ပြောတတ်သားပဲ။ ဒါပေမဲ့ တစ်ခုတော့ မင်းသိထား သူငယ်ချင်း။ ပထမဆုက မင်းအတွက်မဟုတ်ဘူး"

ဗလိုင်း (Blind)ကြီးလာငြိခြင်းဖြစ်သည်။

"အေးဆေးနေပါ သူငယ်ချင်းရာ။ လူတွေကြားထဲမှာ ငါ့စကား မများချင်ဘူး"

ဇီနို လေသံခပ်အေးအေးဖြင့် ပြောလိုက်သော်လည်း . . .

"ငါကလည်း စကားများချင်လို့ပြောနေတာ မဟုတ်ပါဘူး။ လေတစ်လုံးမိုးတစ်လုံးပြောပြီးမှ မနက်ဖြန်ပြိုင်ပွဲကိုမလာပဲ ပြန်ပြေးသွားမှာစိုးလို့"

"စိတ်ချစမ်းပါကွာ။ ကြီးနေတဲ့နာမည်နဲ့တန်မတန် မင်းတို့ပွဲကို ငါလာကြည့်မှာပါ။ ဒါပေမဲ့ မင်းသိထားဖို့က လူတွေကို တစ်ခါခဲထိမ်



www.burmeseclassic.com

www.burmeseclassic.com

လို့ရမယ်နော်"

"ဘာကွ . . ."

အာမင်၏အသံကျယ်သွားသည်။ ဇီနို မတ်တတ်ထရပ်လိုက်ကာ အာမင့်ကို စေ့စေ့ကြည့်၍ . . .

"မနက်ဖြန်ပွဲတော်မှာ တွေ့ကြမယ် သူငယ်ချင်း။ မင်းငါ့ကိုမရှုံးပါစေနဲ့"

"ဘာ . . . "

ရဲတွတ်သွားသော မျက်နှာနှင့်အတူ အာမင့်အသံက ထပ်ထွက်လာသည်။ ဇီနို ခပ်ထေ့ထေ့တစ်ချက်ပြုံးလိုက်ပြီးနောက် . . .

နှုတ်မှတစ်လုံးချင်း . . .

"မင်းငါ့ကို မရှုံးပါစေနဲ့"

အာမင် ဘယ်လိုပုံစံမျိုးနဲ့ကျန်ခဲ့မည်လဲ မသိတော့ပါ။ သူနှင့်ဂျူဂျူးကတော့ လှည့်ထွက်လာခဲ့လိုက်သည်။ ဒါတောင် သူတို့နှစ်ယောက်နောက်မှ သတင်းသမားတစ်ယောက်က အသည်းအသန်လိုက်၍မေးသေးသည်။

"အာမင်နဲ့ကိတ်တို့ ဒီလောက်နာမည်ကြီးနေတာ ဘာကြောင့်လို့ထင်ပါသလဲ"

"အဲဒီမေးခွန်းက လှည့်တွေးလိုက်ရင် နည်းနည်းနီးစပ်မယ် ထင်တယ်"

"ဘယ်လိုလဲ . . . "

"တမင်တကာ နာမည်ကြီးအောင် နှစ်ယောက်ပေါင်းပြီးလုပ်နေတာရော မဖြစ်နိုင်ဘူးလား"

"ဗျာ . . . "



# XIX

ခန္ဓာကိုယ်တစ်ခုလုံးက မီးစနှင့်အတို့ခံထားရသလို ပူလောင်နေသည်။ ဇီနို အိပ်ရာပေါ်တွင် လူးလိမ့်နေမိပါ၏။ အိပ်လို့လည်းမရ၊ ရေသောက်လို့လည်းမပြေ။ တော်တော်ကြီးကို ခံရခက်လှသည်။

ဇီနို ထထိုင်လိုက်သည်။ ဂျူဂျူးကတော့ နံဘေးတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေ၏။ သူ ညနေကအစားများခဲ့သည် ထင်သည်။ ခန္ဓာကိုယ်တစ်ခုလုံးပူလောင်နေကာ အသက်ရှူကျပ်သလိုပင် ဖြစ်နေမိသည်။

"ဂစ်"

ညဥ့်ငှက်တစ်ကောင်က စုတ်ပွဲစွာ အသံပေးသွားသည်။ အပြင်တွင် မည်းမှောင်သော ညကမ္ဘာက ချောက်ချားဖွယ်ကောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဇီနီ အခန်းထဲတွင်နေရသည်မှာ အသက်ရှုမဝသလို ဖြစ်လာသည့်အတွက် အိမ်ပြင်သို့ထွက်ပြီး လေတိုက်ခံရန် စဉ်းစားမိသည်။ ထို့ကြောင့် အခန်းတံခါးကို အသံမမြည်အောင်ဖွင့်၍ အောက်ထပ်သို့ဆင်းခဲ့ပါ၏။ အိမ်ရှင်အမယ်အိုလည်း အိပ်နေလောက်ပြီထင်သည်။

ထို့ကြောင့် ခြေကိုဖွဖွနင်းကာ အိမ်ခန်းတံခါးကိုဖွင့်ရင်း ခြံထဲသို့ဆင်းခဲ့ပါသည်။ ညဥ့်လေအေးက တဟူးဟူးနှင့် နေချင်စဖွယ်တိုက်ခတ်နေပေရာ ယခုမှပင် နေရထိုင်ရ အနည်းငယ်သက်သာသွားသည်ဟု ထင်မိသည်။ ဇီနီ ခြံထောင့်မှ ပုခက်ဒန်းပေါ်တွင်ထိုင်ကာ တစ်ကိုယ်လုံး ဖြေလျှော့ရင်း မျက်လုံးကို မှေးစင်းထားခိုက် . . .

"လူလေး . . ."

အဝေးကြီးမှ လေစီးနှင့်မျောပါလာသလို တုန့်ရီသောအသံတစ်သံက နားထဲသို့ မောဟိုက်စွာ တိုးဝင်လာသည်။

"ဟင် . . ."

ဇီနီ တစ်ချက်ဆုန်သွားကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။ သို့သော် အသံမှာ ထင်ယောင်ထင်မှားလို၊ စိတ်ထင်မှုလိုလိုနှင့် ပျောက်သွားသည်။ ဇီနီ ဘေးဘီသို့ဝေ့ကြည့်ရင်း စိတ်ထင်မှုဟုမှတ်ယူကာ မျက်လုံး ပြန်မှိတ်ထားလိုက်ပါ၏။

လေအေးက ညင်ညင်လေး တိုးတိုက်လာစဉ် . . .

"လူလေး . . ."

ရင်ခုန်သံပြင်းပြင်းတစ်ချက် ဆောင့်ခုန်သွားကာ မတ်တပ်ထရပ်လိုက်တော့သည်။ သေချာသွားပေပြီ။ ခေါ်သံမှ ခေါ်သံစစ်စစ်။ စိတ်ထင်ယောင်မှားမှုမဖြစ်နိုင်တော့။

"လူလေး . . ."

နားထဲသို့ထပ်ဝင်လာသော ခေါ်သံ၏နောက်မှာ သူ၏အကြည့်တွေက ခြံတံခါးဝသို့ . . .

"ဟင် . . ."



ကြက်သီးများပင် ဖျင်းခနဲသီးသွားကာ နှုတ်မှ လွှတ်ခနဲထွက်သွားမိသည်ကား . . .

"အဘ ကော့လုခ်"

ဟုတ်ပေသည်။ ခြံတံခါးဝတွင်ရပ်နေသည်ကား အဘိုးအိုကော့လုခ်နှင့် ခပ်သိမ်သိမ်ကောင်လေး။

ဇီနီ ပြေးသွားလိုက်သည်။ အနီးရောက်တော့ သူ့မျက်စိပင် သူမယုံနိုင်အောင် ဖြစ်သွားရတော့သည်။ အကြောင်းကား . . .

သူတို့နှင့်တွေ့ခဲ့သည့် အချိန်ကထက် ယခု အဘိုးအိုကော့လုခ်မှာ များစွာအိုမင်းသွားသည်ဟု ထင်မိ၏။ ပျော့အိလျော့တွဲနေသော မျက်နှာပြင်အရည်ပြားတို့မှာ မထင်ရအောင်ကိုပင် ပြောင်းလဲနေ၏။ ထို့စဉ်မှာပင် အဘိုးအိုကော့လုခ်က တုန်ခါနေသော လေသံပျော့ပျော့ဖြင့် . . .

"မနက်ဖြန် ပြိုင်ပွဲဝင်ရတော့မယ်ဆို"

"ဟုတ်ကဲ့ အဘ"

အဘိုးအို ဘယ်လိုများသိလိုက်သလဲဟု တွေးမိရင်းနဲ့ပဲ အဖြေပြန်ပေးလိုက်သည်။

"အေး . . . လူလေးတို့ကို အဘစိတ်မချလို့လိုက်လာတာ"

"ဗျာ . . ."

"လူလေးတို့နှစ်ယောက် အနိုင်ရတာကို အဘမြင်ချင်တယ်"

"ဟုတ်ကဲ့ပါအဘ။ ကျွန်တော်တို့ ကြိုးစားပါ့မယ်။ နောက်ပြီး အဘရဲ့ကျေးဇူးကိုလည်း မမေ့ပါဘူး။ ပြန်ဆပ်နိုင် . . ."

သူ့စကားမဆုံးခင် အဘိုးအိုကော့လုခ်က လက်ကာ၍ . . .

"အဘကျေးဇူးကို တကယ်သိတတ်ရင်၊ တကယ်ဆပ်ချင်ရင်၊ အဘကို တကယ်ချစ်ရင် မနက်ဖြန်ပြိုင်ပွဲမှာ ပထမရအောင်လုပ်ပါ။ အဲဒါ အဘကို ကျေးဇူးဆပ်တာပဲ"

ဇီနီ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်မိသွားသည်။

"စိတ်ချပါအဘ"



www.burmeseclassic.com

www.burmeseclassic.com

"အေး . . . အရေးကြီးဆုံးတစ်ခုပြောမယ်။ အရာရာမှာသည်းခံပါ၊ ဆန္ဒမစောပါနဲ့၊ ဒါပဲ။ အဘသွားတော့မယ်"

"ဟာ . . . အဘနေပါဦး၊ အိမ်ထဲဝင်ပါဦး"

ကမန်းကတန်းတားရင်း ဓိနို ခြံတံခါးဖွင့်သည်။ သို့သော် . . .

ဆော့ခနဲတိုက်သွားသော လေပြည်တစ်ချက်နှင့်အတူ အဘိုးအိုကော့လုံမှာကား . . .

လွင့်ကာ . . . လွင့်ကာ . . . နှင့် . . .

"ဟာ . . . အဘ နေပါဦး . . . အဘ . . . နေပါဦး . . . အဘ"

"အဘ . . . "

"အဘ . . . "

ᕯ ᕯ ᕯ



# XX

ဝုန်းခနဲထထိုင်လိုက်တော့ အထိတ်တလန့်ဟန်နှင့် ဂျူဂျူးက သူ့ကိုကြည့်နေသည်။ ရင်တွေ တလှပ်လှပ်ခုန်ကာ ချွေးသီးတွေပင် ထွက်နေပါ၏။

"ကို . . . ဘာဖြစ်တာလဲ"

စိုးရိမ်တကြီးမေးသော ဂျူဂျူးအသံကြောင့် မောနေသောရင်ကို ဖိရင်း . . .

"အိပ် . . . အိပ်မက် မက်နေတာနဲ့တူတယ်"

ဂျူဂျူးက သက်ပြင်းကိုချကာ ကပျာကရာ သောက်ရည်တစ်ခွက်သွားခပ်သည်။ ရေသောက်လိုက်ပြီးမှပင် နှလုံးခုန်အနည်းငယ် နှေးသွားပါ၏။ ဂျူဂျူးက နဖူးမှစိုနေသော ချွေးတို့အားသုတ်ပေးရင်း အိပ်မက်အကြောင်းကိုမေးသော်လည်း သူမပြောတော့ပါ။

ဒါပေမဲ့ ရင်ထဲမှာတော့ အဘိုးအိုကော့လုံပြောခဲ့သော စကားများက ပဲ့တင်ထပ်၍ကျန်ခဲ့သည်။ သူတို့နှစ်ဦး ညနေစာစားပြီးနေသော ခဏတစ်ဖြုတ် အနားယူရင်း အိပ်ပျော်သွားကြခြင်းဖြစ်သည်။ ပြင်ပလောကတွင် အမှောင်ထုက ကြီးစိုးနေပြီဖြစ်ပါ၏။

www.burmeseclassic.com

ထိုစဉ် . . .

"ဒေါက် . . . ဒေါက် . . . "

တံခါးခေါက်သံထွက်လာကာ တံခါးခေါက်သံနှင့်အတူ . . .

"လူလေးတို့ . . . ဒီည လျှောက်လည်ကြမလို့ဆို။ လမ်းပေါ်မှာ လူတွေတောင်ပြည့်နေပြီ။ ပျော်ပွဲရွှင်ပွဲတွေလည်းစတော့မယ်။ မသွားကြတော့ဘူးလား"

အိမ်ရှင်အမယ်အို၏ သတိပေးသံကြောင့် သူတို့နိုးထသွားရကာ–

"ဩော် . . . ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . သွားမှာအမေ။ အခုပဲသွားကြတော့မလို့"

နောက် အိမ်ရှင်အမယ်အိုက . . .

"အေး . . . အေး . . . "

ဟုအသံပြုရင်း ပြန်ဆင်းသွားသည်။ ဟုတ်ပေသားပဲ။ ဒီနေ့နှစ်သစ်ကူးညဖြစ်ပေသည်။

ယနေ့ည ဆယ့်နှစ်နာရီကျော်လျှင် နှစ်သစ်၏ ပထမနေ့ရက်သို့ ရောက်ပြီမဟုတ်ပါလား။ ယခုမှပင် အိမ်ရှေ့လမ်းမပေါ်မှ ဆူဆူညံညံအသံတွေကို သတိထားမိသည်။

ထို့နောက်တော့ သူတို့နှစ်ယောက်မှာ အဝတ်အစားလဲ၍ အပြင်ထွက်ခဲ့တော့သည်။

ပြင်ပလေ၏ပွတ်တိုက်မှု၊ မီးရောင်စုံထွန်းညှိထားသော လမ်းချိုး၊ လမ်းသွယ်တို့နှင့် စိတ်ကြည်နူးဖွယ် လူသူလှုပ်ရှားမှုတို့ကြောင့် မကြာခင်မှာပင် ဇီနို လန်းဆန်းလာပါသည်။

လမ်းဘေးဆိုင်တန်းတချို့ဆီမှ မြူးမြူးကြွကြွ ဂီတသံများနှင့် အနုပညာဆန်သော အပြင်အဆင်များကြောင့်လည်း ဇီနို၏ ခုနမက်ခဲ့သောအိပ်မက်မှာ ခဏတာပျောက်ကွယ်သွားသည်။

မနက်က TV တွင် ကြည့်ခဲ့ရသကဲ့သို့ပင် ပျော်ရွှင်ဖွယ်ကောင်းလှသည်။ ပျော်ပွဲရွှင်ပွဲအချို့မှာ စနေပြီဖြစ်ရာ ကလေးများပါဝင်ကစားနေ



ကြသည်။ ကလေးများသာဖျော်ဖြေသော Free show အသေးလေးတွေကို လည်း တွေ့ရသည်။

သူတို့လျှောက်လာကြရင်းမှ တစ်နေရာတွင် ဆယ်ကျော်သက်များစုရုံးနေကြသည်ကို တွေ့ရ၏။ မေးကြည့်ရာ 'ချစ်သူ့ရှာပွဲတော်' ကစားမလို့စောင့်နေတာဟု ပြောသည်။ မီးပုံကြီးတစ်ပုံကိုလည်း အလယ်မှာ ဖိုထားသေး၏။

ဇီနိုမနက်က TV တွင် ကြည့်ခဲ့ရသည်ကိုအမှတ်ရကာ ကလေးများကိုယ်စား ကြည်နူးသွားမိသည်။ သူသာလူပျိုဆိုပါက ဝင်ကစားမှာပဲဟုလည်း တွေးမိသည်။ 'ချစ်သူ့ရှာပွဲတော်' ကို ဂျူဂျူးက နားမလည်သည့်အတွက် ရှင်းပြရသေး၏။

ဒီလိုနှင့်လျှောက်လာကြရင်း တစ်နေရာအရောက်မှာတော့ သူမနက်ကတည်းက စိတ်ဝင်စားခဲ့သော အရာတစ်ခုနှင့် ထိပ်တိုက်သွားတိုးတော့သည်။ အဲဒါက . . .

"အတွေးအခေါ်ဥယျာဉ်မှ ကြိုဆိုပါတယ်ရှင်"

TV တွင်ကြည့်ခဲ့ရသည့်အတိုင်း မိန်းကလေးတစ်ယောက်က ဦးညွှတ်အရိုအသေပေးရင်း ပြောသည်။ ထို့နောက်မှာက မီးရောင်စုံဖြင့် ခြယ်သထားသော 'အတွေးအခေါ်ဥယျာဉ်' ဆိုသည့်ဆိုင်းဘုတ်။

ဇီနို စိတ်ဝင်စားသွားရပါသည်။ ခေါင်းစဉ်ကအစ ဆွဲဆောင်မှုရှိနေသည်မဟုတ်ပါလား။

ဆိုင်းဘုတ်၏အောက်တည့်တည့် ဥယျာဉ်ထဲသို့ဝင်သွားရသော လမ်းနှစ်လမ်းရှိသည်။ မိန်းကလေးက . . .

"ကြိုက်ရာလမ်းက ဝင်သွားလို့ရပါတယ်ရှင်။ နှစ်လမ်းလုံး အတူတူပါပဲ"

ဂျူဂျူးက သူ့ကိုမော့ကြည့်ရင်း . . .

"ကို . . . ဝင်ကြည့်ချင်နေတယ်မဟုတ်လား။ ဝင်ကြည့်ကြမယ်လေ အပျော်ပေါ့။ စိတ်ဝင်စားဖို့ကောင်းမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့်ပဲ သူတို့နှစ်ယောက်ဝင်ခဲ့ကြပါသည်။ ဥယျာဉ်ထဲရှိ သစ်ပင်ငယ်အချို့တွင် အလှဆွဲမီးသီးများ ချိတ်ဆွဲထားသည့်အတွက် ညအမှောင်ထဲမှာ တစ်မျိုးလေးဖြစ်နေ၏။ ဒါပေမဲ့ သူတို့နှစ်ယောက် မကြာခင်မှာပင် အတွေးအခေါ်ဥယျာဉ်၏သဘောကို နားလည်လိုက်တော့သည်။

အတွေးအခေါ်ဥယျာဉ်သည် သာမန်ဥယျာဉ်ငယ်တစ်ခုအား လူတွေဖန်တီး စိတ်ဖြာထားခြင်းဖြစ်၏။ ဥယျာဉ်ကို နှစ်ပိုင်းပိုင်းထားသည်။ ဝင်ပေါက်နှစ်ခုထားခြင်းမှာလည်း ထိုကိစ္စကြောင့်ဖြစ်ပါ၏။

အလယ်တွင် လူတစ်ရပ်သာသာ ပိတ်ဖြူတစ်ချပ်ခြားထားကာ ထိုပိတ်ဖြူရှေ့တွင် ထိုင်ခုံငယ်လေးတွေကို တန်းစီချထားသည်။ ဟိုဘက်ခြမ်းတွင်လည်း ဤအတိုင်းပင်ဖြစ်သည်။ စိတ်ပါဝင်စားသူ၊ ပါဝင်ကစားလိုသူများက ထိုင်ခုံတွင် ဝင်ထိုင်နေရမည်။ ကစားပွဲအချိန်ရောက်လျှင် ရှေ့မှ ပိတ်ဖြူကြီးမှ အောက်သို့ အနည်းငယ်လျောကျလာပေမည်။

ဒါပေမဲ့ ဟိုဘက်ဒီဘက်ထိုင်နေသူတွေ တစ်ယောက်ကိုတစ်ယောက် မမြင်ရ။ မတ်တပ်ရပ်လျှင်တော့ မြင်နိုင်သည်။ ကစားပွဲစဖို့ အချက်ပေးသည်နှင့် မျက်နှာချင်းဆိုင်ထိုင်နေသူတွေ တစ်ဖက်နှင့်တစ်ဖက် အတွေးအခေါ်ပြိုင်ရမည်ဖြစ်သည်။

မဖြေနိုင်သူက အများမြင်သာအောင် မတ်တပ်ရပ်ပြရမည်။ တစ်ဦးနှင့်တစ်ဦး မဖြေနိုင်တော့သည်အထိ မေးရမည်။ မဖြေနိုင်တော့မှသာ နောက်တစ်ဦးသို့ ပြောင်းမည်ဖြစ်သည်။

စိတ်ဝင်စားဖို့ကောင်းပါ၏။ ရင်ခုန်ဖို့လည်း ကောင်းသည်။ ကိုယ့်အရည်အချင်းကိုယ် စစ်ဆေးရာလည်းရောက်ပေရာ . . .

သူနှင့်ဂျူဂျူး တိုင်ပင်စရာမလိုတော့။

"လာ . . . တို့တွေလည်း ဝင်ကစားရအောင်"

အဲသည့်နောက်မှာတော့ . . .

ပထမမျက်နှာချင်းဆိုင် တစ်တွဲကစားပြီးစဉ်၌ပင် ယှဉ်ပြိုင်ရသည့် အတွေးအခေါ်သဘောတရားကို နားလည်လိုက်၏။ ကိုယ်၏



အတွေးဆုံးဖြတ်ချက်ကို တိကျမှန်ကန်မှု ရှိမရှိစမ်းသပ်သော **ဆိုတ်တို** ဆန်ဆန် အတွေးအခေါ်ကစားနည်းတစ်မျိုး ဖြစ်သည်။ ဒီလို **ဆိုတ်တို** သဘောတရားမျိုးကို သူ လေ့လာဖူးသည်။

မေးသူက ပုစ္ဆာအကြောင်းအရာတစ်ခုနှင့် ထိုအကြောင်း**အရာ**ကို အခြေတည်ထားသော ကောက်ချက်နှစ်ခုသုံးခုကို ရွတ်ပြရသည်။ ဖြေသူက ပုစ္ဆာနှင့်ကောက်ချက်ကို ဆက်စပ်၍ အဖြေပေးရခြင်းဖြစ်သည်။

ပထမနှစ်ယောက်တွင် ဇီနိုတို့ဘက်ခြမ်းမှလူနိုင်သွားရာ ဟိုဘက်ခြမ်းမှ မတ်တပ်ရပ်ပြရသည်။ မိန်းကလေးတစ်ယောက်ဖြစ်ပါ၏။

ဒုတိယအတွဲတွင် သူတို့ဘက်ခြမ်းမှနိုင်သည့်အတွက် **အရင်မေး**ရသည်။ ဇီနိုမှာ တတိယမြောက်ထိုင်ခုံတွင်ထိုင်နေရာ ပြီးလျှင် သူ့အလှည့်ဖြစ်ပါ၏။

ပထမမေးလိုက်သည်တွင် ဟိုဘက်ခြမ်းမှ ဖြေနိုင်ပါ၏။ မိန်းကလေးပဲဖြစ်သည်။ သို့သော် ထိုမိန်းကလေးမေးခွန်းကို သူတို့ဘက်ခြမ်းမှလူ မဖြေနိုင်။

မေးခွန်းမှာ ဤသို့ဖြစ်သည်။

"အတွေးအခေါ်ဥယျာဉ်သို့လာသော လမ်းမပေါ်၌ ဆိုင်ခန်းအချို့သာ မီးချောင်းထွန်းကြသည်။

သို့သော် ဆိုင်တိုင်းတွင် ပန်ကာရှိသည်။ ထို့ကြောင့်

(a) ဈေးဆိုင်များတွင် မီးချောင်း (သို့) ပန်ကာများရှိကြသည်။

(b) အချို့ဆိုင်များတွင် မီးချောင်းရော ပန်ကာများပါရှိကြသည်။

(a)နှင့် (b)မှ အဖြေမှန်ရွေးရမည်ကို မှားဖြေလိုက်ခြင်းဖြစ်ပါ၏။ ထို့ကြောင့် မတ်တပ်ရပ်ပြလိုက်ရသည်။

ယခုတစ်ခါအလှည့်သည် ဇီနို့မျက်နှာချင်းဆိုင်မှ ဘယ်သူမှန်းမသိသူ့အလှည့်။ သူတို့ဘက်ခြမ်းမှ ရှုံးထားသည့်အတွက် ဟိုဘက်ခြမ်း



www.burmeseclassic.com

www.burmeseclassic.com

မှ အရင်ဆေးရမည်။ ယောက်ျားလေးနှင့်မိန်းကလေး မည်သူဖြစ်မည်မှန်း မသိသေး၊ ဒါပေမဲ့ ရှေ့ကပြိုင်ပြီးသွားသည့် နှစ်ယောက်လုံးမိန်းကလေး ဖြစ်နေရာ ဒီတစ်ခါ ယောက်ျားလေးဖြစ်နိုင်သည်ဟု တွေးမိသည်။

ရင်မခုန်သော်လည်း ရင်တထိတ်ထိတ်ဖြင့် ထွက်လာမည့်အသံကို စောင့်နေခိုက် . . .

သူ့အထင်မှန်သွားသည်။

တည်ငြိမ်သော ယောက်ျားတစ်ဦး၏ လေသံနှင့်မေးခွန်း။

လာဆာမြို့သည် ဂိမ်းမီးရပ်(စ်)မြို့၏ အရှေ့မြောက်အရပ်တွင် တည်ရှိသည်။

လူးကပ်(စ်)မြို့သည် လာဆာမြို့၏ အရှေ့မြောက်အရပ်တွင် တည်ရှိသည်။ ထို့ကြောင့် . . .

(a) လူးကပ်(စ်)မြို့သည် လာဆာနှင့် ဂိမ်းမီးရပ်(စ်)မြို့ ထက် နီးသည်။

(b) လာဆာမြို့သည် လူးကပ်(စ်)မြို့၏ အနောက်တောင် အရပ်တွင်ရှိသည်။

(c) လူးကပ်(စ်)သည် ဂိမ်းမီးရပ်(စ်)မြို့နှင့် နီးသည်။

ဘယ်အဆိုမှန်သလဲ ဖြေပါ"

ဓိနို စဉ်းပင်မစဉ်းစားလိုက်ပါ။

"b"

"မှန်ပါတယ်"

နောက် ဓိနိမေးရမည့်အလှည့်ရောက်လာသည်။ တစ်ဖက်မှလူကို စမ်းသပ်သည့်သဘော အနည်းငယ်မြင့်သော မေးခွန်းတစ်ခုမေးကြည့်လိုက်သည်။

"အစိမ်းရောင် ရေပုံးသည် လေးသည်။

အနီရောင် ရေပုံးက ပေါ့သည်။

အဝါရောင် ရေပုံးကလည်းပေါ့ပြီး အပြာရောင်ရေပုံးက မလေး



မပေါ့ရှိသည်။ သို့သော် အစိမ်းရောင်ရေပုံးကပေါ့ပြီး (သို့) အဝါရောင်က လေးခဲ့သော် . . .

(a) အစိမ်းရောင်ရေပုံးသည် မလေးမပေါ့ရှိလိမ့်မည်။

(b) အဝါရောင်ရေပုံးနှင့် အနီရောင်ရေပုံးတို့ပေါ့လိမ့်မည်။

(c) အနီရောင်ကပေါ့ပြီး အပြာရောင်က မလေးမပေါ့ရှိ လိမ့်မည်။

ဘယ်အဆိုမှန်သလဲ ပြောပါ။

တစ်ဖက်မှ အနည်းငယ်စဉ်းစားသွားပါ၏။ ဒါပေမဲ့ မကြာပါ။

"c"

ဓိနို အနည်းငယ်တော့ ကျွတ်ကျွဲသွားသည် တစ်ဖက်မှလည်း ဉာဏ်ရည်မနိမ့်သည် မဟုတ်ပါလား။ ထိုစဉ်မှာပင် မေးခွန်းသံထွက်လာပါ၏။

"သင်ကားမောင်းနေသည်။ ဘရိတ်နင်းလိုက်လျှင် သင့်ကားကို နောက်မှ ကုန်တင်ကားကြီးက ဝင်တိုက်လိမ့်မည်။ သင်ကား ဘရိတ်မနင်းခဲ့လျှင် သင့်ကားက ရှေ့တွင်လမ်းဖြတ်ကူးနေသော အမျိုးသမီးကို ဝင်တိုက်လိမ့်မည်။

ထို့ကြောင့် . . .

(a) ခရီးသွားတို့သည် မော်တော်ကားကို ရှောင်ကြဉ်ဖို့သင့်သည်။

(b) နောက်မှ ကုန်တင်ကားက အရှိန်ပြင်းလွန်းသည်။

(c) သင်၏ကားကို ကုန်တင်ကားအတိုက်ခံပါ။

(သို့)

သင်က လမ်းမပေါ်မှ အမျိုးသမီးကို ဝင်တိုက်လိမ့်မည်။"

တစ်ဖက်လူ၏ မေးခွန်းလည်း လိုက်မြင့်လာပါ၏။ ဒါပေမဲ့ -

"b"

သွေးခုန်နှုန်းတို့ အနည်းငယ်မွှေးလာပေပြီ။ ပြိုင်ပွဲသည် အရှိန်



www.burmeseclassic.com

www.burmeseclassic.com

ရစပြုနေပြီ မဟုတ်ပါလား။ ဒီတစ်ခါသည့် ဇီနို့အလှည့်၊ ဇီနို ခပ်ပေါ့ပေါ့လေးသာ လွှတ်လိုက်သည်။

"စတုဂံများတွင် ထောင့်များပါသော ပုံသဏ္ဌာန်ရှိကြသည်။

ဤပုံတွင် ထောင့်များမရှိ။ ထို့ကြောင့် . . .

(a) ဤရုပ်ပုံသည် စက်ဝိုင်းပုံသဏ္ဌာန်ရှိသည်။

(b) မည်သည့်အဖြေမှ မပေးတတ်။

(c) ဤရုပ်ပုံသည် စတုဂံမဟုတ်။

"c"

အဖြေစကားက မေးခွန်းဆုံးသည်နှင့် ထွက်လာသည်။ ဇီနို သဘောပေါက်လိုက်လေပြီ။ လျော့တွက်လို့မရတော့ပါ။ ထင်သည့်အတိုင်းပင်။ ယခုတစ်ပွဲ၌ ဇီနိုကျုပ်သွားသည်။

သူတို့နှစ်ယောက်ပွဲမှာ တဖြည်းဖြည်းနှင့်ကြီးလာသလို ပါဝင်ကစားသူအားလုံးလိုလိုလည်း စိတ်ဝင်စားနေကြပြီဖြစ်သည်။ ဟိုဘက်ခြမ်းမှလူသည် မည်သူနည်းဟုတွေးမိသလို ဟိုဘက်မှလည်း သူ့အတိုင်းတွေးနေမှာသေချာသည်။

အကုန်လုံးက အဖြေကို ငံ့လင့်နေကြ၏။ ဘာပဲပြောပြောပါ၊ လူတွေ၏ထုံးစံအတိုင်းတော့ ကိုယ့်ဘက်ခြမ်းမှလူကို ကိုယ်နိုင်စေချင်ကြသည် မဟုတ်ပါလား။ ဒါပေမဲ့ ဇီနိုဖြေလိုက်နိုင်ပါသည်။

တစ်ဖက်မှ 'မှန်ပါတယ်'ဟု အသံထွက်လာတော့ ဇီနို့ဘက်ခြမ်းမှ အားပေးသံတွေဆူညံသွားသည်။ ဇီနို ထင်ပင်မထင်မိတော့ပါ။ သူ့တွင် အားပေးသောပရိသတ်ရှိနေပြီ မဟုတ်ပါလား။

ဂျူဂျူးက သူ့လက်ကိုလှမ်းကိုင်ရင်း . . .

"ကို . . . တကယ်တော်တယ်"

ဟုပြောသည်။

ချစ်သူ၏ ချီးကျူးမှုအဆုံးမှာတော့ ဒီကမ္ဘာက သူ့ကမ္ဘာဆိုတာ . . .



ဇီနိုမေးခွန်းတစ်ခုကို မေးလိုက်သည်။

တစ်ဖက်မှ တွေဝေငြိမ်သွားစဉ် သူ့ဘက်ခြမ်းမှအားလုံး ရင်ဘတ်ကို လက်ဖြင့်ဖိကုန်ကာ . . .

အကုန်လုံး ရင်ခုန်နေပါပြီ။

မဖြေနိုင်ပါစေနဲ့။ မရပါစေနဲ့။ အချိန်မြန်မြန်စေ့ပါစေ။

သို့သော် . . .

ထင်သလို ဖြစ်မလာခဲ့ပါ။

တစ်ဖက်မှလူက အဖြေမှန်ကိုဖြေသွား၏။ တစ်ဖက်ခြမ်းမှာလည်း အားပေးမှုတွေ ဆူညံသွားသည်။ ထိုစဉ် ဂျူဂျူးက . . .

"ကို . . . နိုင်မယ်ဆိုတာ ဂျူဂျူးယုံကြည်နေပါတယ်။ နိုင်အောင်ကစားပေးမယ်မလား"

ဇီနို ပြုံးမိသွားတော့သည်။ အားပေးသူအယောက်တစ်ရာထက် ဒီလိုချစ်သူမျိုးတစ်ယောက် ဘေးမှာရှိနေသည်ကား . . .

တစ်ကမ္ဘာနှင့်တစ်ယောက်ပင် ဖြစ်စေဦးတော့ . . .

ဒါပေမဲ့ ဇီနိုနိုင်မှာလား။ ရှေ့ဆက် ဘာတွေထပ်ဖြစ်လာမည်နည်း။ ထိုစဉ် . . .

"ရှေ့သို့ချီတက်ခြင်းဖြင့် နာမည်ကောင်းနှင့် အသက်သေရမည် မဟုတ်။

နောက်ပြန်ဆုတ်ခြင်းသည် အသက်ရှင်မည်။ သို့သော် နာမည်ပျက်မည်။

ထို့ကြောင့် . . .

(a) နောက်ပြန်ဆုတ်ခြင်းသည် နာမည်ကောင်းခြင်း အသက်သေမည်။

(b) ရှေ့သို့ချီတက်ခြင်းသည် အသက်မသေ၊ သို့သော် နာမည်ပျက်မည်။

(c) ရှေ့သို့ချီတက်ခြင်းသည် အသက်သေသော်လည်း နာမည်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမည်။

ဘယ်အဆိုမှန်သလဲ ဖြေပါ"

ကြားလိုက်ရသောမေးခွန်းကြောင့် ရင်တစ်ချက်ခုန်သွားကာ စိတ်ထဲတွင်ထင့်သွားသည်။ ဇီနီမေးခွန်းကို သေချာပြန်စစ်ကြည့်လိုက်သည်။ ဘယ်လိုလဲ။ တစ်ဖက်မှလူ ညစ်လိုက်ပြီလား။

မေးခွန်းက အနည်းငယ်ထူးခြားနေသည်။ ဇီနီ မျက်မှောင်ကြုတ်ကာ မေးခွန်းကို သေချာထပ်စဉ်းစားကြည့်သည်။ သို့သော် . . .

တစ်ခုခုလွဲနေတာတော့ သေချာပေပြီ။ ထို့ကြောင့် . . .

"အဖြေမှန်ကို ရွေးပေးရမှာလား"

"ဟုတ်တယ်"

သူ၏အမေးဆုံးတော့ တစ်ဖက်မှ သံပြတ်ဖြင့်ပြန်ဖြေသည်။ ထူးခြားသွားသော အခြေအနေကြောင့် အားလုံး၏အာရုံတွေက . . .

သေချာသွားပေပြီ။ တစ်ဖက်မှလူ ညစ်လိုက်ခြင်း။ ဒါပေမဲ့ ကိစ္စတော့မရှိပါ။ အဖြေမှန်မဟုတ်ပေမဲ့ မှန်အောင်ဖြေပေးလို့ ရနေသည်လေ။

"ခင်ဗျားပေးတဲ့ အဆိုသုံးခုစလုံး တစ်ခုမှမမှန်ပါဘူး"

"ဟင် . . . "

"ဟာ . . . "

"ဘယ်လိုကြီးလဲ"

ကိုယ်စီကိုယ်စီ တိုးငှအံ့သြစွာဖြင့် ပွင့်ထွက်သွားကြသော အာမေဋိတ်သံတွေ၏ နောက်မှာတော့ . . .

"ဘာလဲကွ . . . ဒါ တမင်သက်သက်ညစ်တာလား"

"အေးလေ . . . အဖြေမှန်မပါပဲနဲ့ ဘာလို့ အဖြေမှန်ကို ရွေးခိုင်းတာလဲ"

" . . . . ညစ်ပတ်တာ"

"အပျော်ကစားတာကို ဒါမျိုးမလုပ်သင့်ဘူး"

စသော မြည်တွန်တောက်တီးသံတွေ ဇီနီ့ဘက်ခြမ်းဆီမှ ထွက်



လာတော့သည်။ ဇီနီဘာလုပ်ရမည်လဲ။ ဆက်မေးရမည်လား။

ရပ်လိုက်ရမှာလား။

ညစ်ပဟာမေးခွန်းမှန်းသိလျက်နှင့် ဆက်မေးလျှင် . . .

ထိုလူဘယ်သူလဲ။

ထိုမေးခွန်းက ရင်ထဲမှာ ထပ်တလဲလဲပဲ့တင်ထပ်ကာ အော်မြည်နေပါ၏။

ဇီနီပင်မဟုတ်။ အကုန်လုံးက 'ဘယ်သူလဲ' ဆိုတာ သိချင်နေတာ သေချာသည်။ ဒါဆို သူဘာလုပ်ရမည်လဲ။

တွေးမနေတော့ပါ။ ရှုံးလျှင်တော့ မတ်တပ်ရပ်ပြရပေမည်။ ဒါသည် ထုံးစံ။ ဒီတော့ . . .

ဇီနီ အသက်တစ်ချက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်ရင်းဖြင့် . .

"ရိုန်းဂျားတပ်စိတ်သည် ရန်သူနှင့်တိုက်ပွဲဖြစ်ပြီး သုတ်သင်ခြင်းခံကောင်းခံလိုက်ရသည်။

No. X07 သည် ရိုန်းဂျားတပ်စိတ်မှ တပ်သားတစ်ဦးဖြစ်သည်။ သူသည် ဆေးရုံ၌ ပြန်လည်နေကောင်းလာပါသည်။

ထို့ကြောင့် . . .

(a) ရိုန်းဂျားတပ်စိတ်မှ ကျန်တပ်သားအားလုံး သုတ်သင်ခံရသည်။

(b) ရိုန်းဂျားတပ်စိတ်မှ တပ်သားအားလုံး သုတ်သင်ခံရသည်။

(c) ရိုန်းဂျားတပ်စိတ်မှ တပ်သားအားလုံး သုတ်သင်ခြင်းမခံလိုက်ရပါ။

အဆိုမှန်တစ်ခုကို ဖြေပေးပါ"

ဇီနီမေးပြီး မကြာခင်မှာပင် ပေါက်ကွဲသံစဉ်တစ်ခုက မထင်မရှားဝုန်းခနဲ။ ဟုန်းခနဲ။

ပြီးတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ရှင်ရော့ . . . ဘာထူးလို့လဲ"

"ဟင် . . . "

"ဟာ . . . မိန်းမသံ"

ခီနို့ဘက်ခြမ်းမှလူတွေ အကုန်လုံး ဒိန်းခနဲဖြစ်သွားကြကာ ကြောင်ငေးအံ့သြသွားခိုက် . . .

ကြီးမားသော အာမေဍိတ်သံကြီးက အားလုံးစုပေါင်းကာ တစ်ပြိုင်နက် ထွက်လာပါတော့သည်။

"ကိတ်"

လုံးဝကို လန့်ဖျပ်သွားပါ၏။ မခံနိုင်ဒေါသရောင်တို့ဖြင့် ရှိန်းရှိန်း လက်ကာ မတ်တပ်ရပ်နေသည်ကား 'ကိတ်'။

ခီနိုနှင့် ဂျူဂျူးတို့အား မြင်ပြီးသွားသည့်နောက်မှာ ဖျတ်ခနဲ ပြောင်းသွားသော မျက်နှာရောင်စဉ်တစ်ချက်နှင့်အတူ . . .

မထင်မှတ်မှုတွေ၊ အံ့သြမှုတွေ၊

လက်မခံနိုင်မှုတွေ ရောပြွန်းသွားစဉ်မှာပဲ . . .

ဦးနှောက်က ခန္ဓာကိုယ်ကို ဆတ်ခနဲလှုပ်နိုးသွားသည်။ ရှေ့မှ ပုဂ္ဂိုလ်က ဘယ်သူလဲ။ ဂျူဂျူးရှေ့မှာက ကိတ်။

ဒါဆို သူ့ရှေ့မှာက . . .

ဝုန်းခနဲ မတ်တပ်ထရပ်လိုက်စဉ် . . .

တစ်ဖက်မှလည်း မတ်တပ်ထအရပ်၊

မျက်နှာချင်းဆိုင်အတွေ့၊ ပြီးတော့ မျက်လုံးချင်းအတွေ့၊

အကြည့်ချင်းအခွေ့၌

"အဟင်း . . . သိလိုက်ပါတယ်"



# XXI

"ဘယ်တွေလျှောက်သွားနေတာလဲကွ . . . မိုးတောင် လင်းတော့မယ်"

လုခ်အဘိုးအိုအမေးကြောင့် 'ဘကြီးအတွက် ကြိုးစားနေတာပါ' ဟု ဖြေချင်သော်လည်း လှီးလွှဲဖြေလိုက်သည်။

"ဒီလိုပါပဲဗျာ။ မရောက်ဖူးတဲ့နေရာတွေ လျှောက်သွားကြည့်နေတာ"

ဝိုဒင်၏အဖြေကြောင့် လုခ်အဘိုးအိုက သူ့ကိုသေချာကြည့်ကာ . . .

"မင်းလက်ထဲက ဘာကြီးလဲကွ"

ဝိုဒင် ဖျတ်ခနဲ လက်ထဲမှအရာအား နောက်သို့ကွယ်လိုက်ရင်း—

"ဘာမှမဟုတ်ပါဘူး။ ဖဲကြိုးလေးတစ်စပါ"



www.burmeseclassic.com

www.burmeseclassic.com

လုခ်အဘိုးအိုက ဆက်မမေးတော့ချေ။ တိုင်ကိုကျောမှီချရင်း တစ်နေရာကိုငေးသွားသည်။ လုခ်အဘိုးအို ငေးနေသောနေရာသည် သစ်ရာပင်ကြီးဖြစ်ပါ၏။

ညှင်းသွဲ့သွဲ့လေ၏ တိုက်ခတ်မှုကြောင့် သစ်ရွက်လေးတွေက လှုပ်လီလှုပ်လဲ့နှင့် ယိမ်းနွဲ့လျက်ရှိသည်။

"ဖဲကြိုး . . . ဖဲကြိုး . . . "

တိုးသဲ့သဲ့ပြောနေသော လုခ်အဘိုးအို၏စကားကြောင့် ဝိုဒင် ကြောင်ကာကြည့်နေလိုက်သည်။

"ဩော် . . . တကယ်တော့ တို့မြင်တွေ့နေရတဲ့ အရာဝတ္ထုတွေ အားလုံးက သေချာစမ်းစစ်ကြည့်ရင် ဂုဏ်ရည်တွေပါပဲ"

ဝိုဒင် သဘောပေါက်စွာ ကျောမှီထိုင်ချလိုက်သည်။ လုခ်အဘိုး အို၏အတွေးအမြင် တစ်စုံတစ်ရာကို နားထောင်ရတော့မည် မဟုတ်ပါလား။

"အရာဝတ္ထုတစ်ခုကို မင်းကြည့်ကြည့်လိုက်။ ငါတို့မြင်နေရတာ က အဲဒီအရာဝတ္ထုမဟုတ်ဘူး။ အရာဝတ္ထုရဲ့ ဂုဏ်ရည်ကိုသာမြင်ရတာ။ မင်းခုနပြောတဲ့ ဖဲကြိုးဆိုပါတော့။ ငါတို့တိုက်ရိုက်မြင်နေရတာ ရုပ်ဝတ္ထု မဟုတ်ဘူး။ ဖဲကြိုးလို့ခေါ်တဲ့ရုပ်ဝတ္ထုကို အမှီပြုပြီးတည်နေတဲ့ ဂုဏ်ရည်"

ဝိုဒင်နားမရှင်းမှန်း သဘောပေါက်ကာ လုခ်အဘိုးအိုက ဆက်ပြောသည်။

"ဥပမာ သစ်ပင်တစ်ပင်ဆိုပါတော့ကွာ။ ဒီ သစ်ရာပင်ကြီးပဲဆို ပါတော့။ သစ်ရွက်တွေကစိမ်းနေတယ်။ ပင်စည်က ညိုမှိုင်းမှိုင်းဖြစ်နေ တယ်။ အကိုင်းအခက်တွေက လူတစ်ယောက်မတ်တပ်ရပ်ပြီး လက်ကို ဆန့်တန်းထားတာနဲ့ တူနေတယ်။ အဲဒါတွေအကုန်လုံးကို သေချာလေ့ လာကြည့်လိုက်။ သစ်ပင်ဆိုတာ ဘာကိုခေါ်တာလဲ။ သစ်ရွက်ကိုခေါ်တာ လား၊ ပင်စည်ကိုခေါ်တာလား၊ အကိုင်းအခက်ကိုခေါ်တာလား . . . မဟုတ်ဘူး . . . အားလုံးကိုစုပေါင်းပြီး သစ်ပင်လို့ခေါ်တာ။ အဲတော့



သစ်ပင်မှာတင် ငါပြောသလောက် ဂုဏ်ရည်သုံးမျိုးရှိတယ်။ ဂုဏ်ရည် တစ်မျိုးစီကို လေ့လာကြည့်ဦး။ ကိုယ်ထည်ကြီးက ညိုမှိုင်းမှိုင်းအရောင် ဖြစ်နေတယ်။ ဒါကို ငါတို့က ပင်စည်လို့နာမည်တတ်တယ်။ အဲတော့ ပင်စည်ဆိုတာ ကိုယ်ထည်တစ်ခုလုံးရဲ့ ဂုဏ်ရည်ပဲပေ့ါ။ ဒါပေမဲ့ အဲဒီ ဂုဏ်ရည်ဆိုတာချည်းက သူ့ဘာသာမရပ်တည်နိုင်ဘူး။ ရုပ်ဝတ္ထုကိုအမှီ ပြုပြီး ရပ်တည်နေရတာ။ ဒါကြောင့် ပြင်ပလောကမှာ ငါတို့တွေမြင်နေရ သမျှအားလုံးက သူ့ဘာသာမရပ်တည်နိုင်တဲ့ ဂုဏ်ရည်တွေပါပဲ"

ဝိုဒင် စဉ်းစားကြည့်သည်။ မမှားပါ။ သူတို့ကိုယ်တိုင်ပင် ရုပ် ခန္ဓာကြီး၏ဂုဏ်ရည် 'လူ' ဖြစ်နေရသည် မဟုတ်ပါလား။

"လောကကြီးမှာရှိတဲ့ လူတွေအားလုံးလည်း ဒီအတိုင်းပဲကွ။ ပေါင်းသင်းဆက်ဆံနေကြသမျှတွေက ဂုဏ်ရည်ကိုသာပေါင်းကြတာ၊ ဂုဏ်ရည်ကိုသာခင်ကြတာ၊ ဂုဏ်ရည်ကိုသာ အရေးထားကြတာ။ ဒါပေမဲ့ သူတို့အရေးပေးပေါင်းသင်းနေတဲ့ ဂုဏ်ရည်ဆိုတာကြီးက သူ့ဘာသာ မရပ်တည်နိုင်တဲ့ အတုအယောင်ကြီးပါလားဆိုတာ သူတို့မသိကြဘူး"

တော်တော်တာသွားသော စကားစုဖြစ်သည်။ ဝိုဒင် သဘော ကျသွားရပါ၏။ လုခ်အဘိုးအိုအပေါ်တွင်တော့ လေးစားပြီးလေးစားရင်း သာ ဖြစ်နေတော့သည်။

နောက်တော့ သူတို့စကားမဆိုမိကြတော့ပါ။ ကိုယ်စီကိုယ်စီ စိတ်ကူးတွေဖြင့် ငြိမ်သက်မိန်းမောနေကြရင်းမှ တားမရသောအချိန်တွေ သည် . . .

တဖြည်းဖြည်း၊

တဖြည်းဖြည်းနှင့် . . .

မကြာခင် အရှေ့ဆီမှ ရောင်နီဦးသန်းလာပေတော့မည်။

ထိုအခိုက် . . .

မထင်မရှားကြားလိုက်ရသော လှုသံအချို့၊

နှစ်ဦးစလုံး ခေါင်းထောင်ကာကြည့်မိလိုက်သော . . .



www.burmeseclassic.com

www.burmeseclassic.com

သစ်ရာပင်ကြီးအောက်သို့ရောက်နေသော လူတစ်စု။

သူတို့ နှစ်ယောက်ကို မမြင်ပါ။ အချင်းချင်းသာ စကားတီးတိုးပြောနေကြသည်။ နားစွင့်ကြည့်လိုက်မိတော့ . . .

ဇီနိုနှင့် ဂျူဂျူးဆိုတာလည်း ပါသည်။

ဘယ်ကိုသွားမှန်းမသိဘူးဆိုတာလည်း ပါသည်။

ထိုစကားသံတို့ ကြားလိုက်မိစဉ်မှာပင် တစ်စုံတစ်ယောက်မှာ ဝမ်းသာအားရ တိုးတိတ်ဆုတောင်းလိုက်သည်။

ဆုတောင်းသူက ဝိုဒင်။

"သစ်ပင်ပေါ်မှာ တွေ့ပါစေ"



ရင်ကိုထိစေသော စကားမှာ အနုပညာပါသည်။

ရင်ကိုထိစေသော စာမှာ အနုပညာပါသည်။

ရင်ကိုထိစေသော အနမ်းတစ်ချက်မှာ အနုပညာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXII

## လက်ဆက်ပွဲတော်

(သို့)

## လူတွေပြောနေကြသော ဝင်ခွင့်မရမြို့၏ အကြီးမားဆုံးပြိုင်ပွဲ

လူတွေ ကြိတ်ကြိတ်တိုးနေပါ၏။ လက်ဆက်ပွဲတော်ကျင်းပရာ ဝင်ခွင့်မရမြို့၏ အကြီးဆုံးပန်းခြံထဲတွင် မြင်မကောင်းအောင် လူတွေများပြားနေသည်။ လက်ဆက်ပြိုင်ပွဲ ကျင်းပနေပြီဖြစ်ရာ အော်ဟစ်အားပေးသံတွေ ဆူညံလျက်ရှိပါ၏။

ယှဉ်ပြိုင်ရသောကွက်လပ်၏ ဘေးပတ်ပတ်လည်တွင် ထိုင်ခုံများနှင့် တန်းစီထိုင်နေသူတွေရှိသလို ထိုင်ခုံများနောက်မှ မတ်တပ်ရပ်အားပေးနေသူတွေမှာလည်း တစ်ခဲနက်။

ဒါပေမဲ့ ထိုလူတွေအားလုံးတို့၏စိတ်ထဲမှာ တစ်ခုခုကို ဘဝင်မကျဖြစ်နေသည်။ အဲဒါက . . .



ပန်းခြံထဲရှိ သစ်ပင်အချို့နှင့် နေရာတော်တော်များများတွင် **ချိတ်**ဆွဲထားသောစာတန်းများ၊ ထုံးစံအရ မင်္ဂလာမောင်နှံများက **မိမိတို့၏** မင်္ဂလာဆောင်ကို နာမည်တပ်၍ စာရင်းပေးရသည်။ ထိုနာမည်ကို **ယှဉ်**ပြိုင်ရမည့် နံပါတ်စဉ်အလိုက် ရေးထိုးချိတ်ဆွဲထားခြင်းဖြစ်ပါ၏။

ဒါပေမဲ့ စုံတွဲငါးတွဲရှိရာမှ နာမည်လေးခုကိုသာ တွေ့ရသည်၊ အဲဒါက . . .

၁။ ကမ္ဘာဆုံးထိ နိုးပြေးမယ်

၂။ အစောကြီး အိပ်မယ့်သူ

၃။ နေမြင့်မှ နိုးကြမယ်

၄။ စစ်တုရင်ကကြိုး

ဟူ၍ဖြစ်လေသည်။ မနေ့ကမဲနှိုက်ထားသော နံပါတ်အတိုင်း စီထားခြင်းဖြစ်ရာ နံပါတ်ငါးအတွဲမှာ ပျောက်နေပါ၏။ ထိုအတွဲက အားလုံးသိကြတဲ့အတိုင်း ဇီနီနှင့်ဂျူဂျူး။

"No.5 အတွဲက မပြိုင်တော့ဘူးလား။ နာမည်ပေးမထားဘူး"

"ညက နှစ်သစ်ကူးပွဲတော်မှာ အာမင်တို့နဲ့ဘာဖြစ်တယ်ဆိုလားမသိဘူးကွာ။ သတင်းသဲ့သဲ့တော့ကြားတယ်။ ငါလည်း သေချာမသိဘူး၊ အဲဒါကြောင့်များ ဝင်မပြိုင်တော့တာလားမသိဘူး"

"အဲလိုဆိုရင်တော့ သွားပါပြီကွာ။ ငါက ပွဲကြီးပွဲကောင်းကြည့်ချင်လို့လာတာ"

"ဒါဆို အခုပွဲက အာမင်နဲ့ကိတ်တို့ပွဲ ဖြစ်သွားပြီပေါ့"

"မသိပါဘူးကွာ"

ပရိသတ်များဆီမှ ထိုသို့အသံတွေထွက်လာပါ၏၊ **အကုန်လုံး**ကလည်း ထိုကိစ္စကို စိတ်ဝင်စားနေကြသည်။ ဒုတိယစုံတွဲပြီးသွားသည့် တတိယစုံတွဲအလှည့် ရောက်နေပြီဖြစ်သည်။ ဇီနီနှင့်ဂျူဂျူးတို့၏ **အချိန်** အယောင်ကိုမမြင်ရသေး။



www.burmeseclassic.com

www.burmeseclassic.com

ဒလိုင်းလာမာကိုယ်တိုင် မနေနိုင်တော့စွာ ဇီနိုတို့တည်းသော အိမ်မှ အိမ်ရှင်အမယ်အိုကို ခေါ်မေးနေပြီဖြစ်သည်။ အကုန်လုံးက စိတ်ပူပန်စွာ စိုးရိမ်တကြီးမေးကြသော်လည်း အိမ်ရှင်အမယ်အိုကတော့ အေးဆေးစွာပင် . . .

"သူတို့ လာပြိုင်ပါလိမ့်မယ်။ အချိန်မကျသေးလို့ပါ"

ဒီလိုနှင့် အချိန်တွေက တဖြည်းဖြည်း ကုန်လာသည်။ ပြိုင်ပွဲကလည်း ကောင်းနေဆဲ။ ဒါပေမဲ့ ကြည့်ရှုသူပရိသတ်တိုင်းလိုလိုက အကြိုက်မတွေ့ပါ။ တတိယစုံတွဲတိုင်အောင် ပရိသတ်တို့ စိတ်အားမည်သူမျှ ဆွဲခေါ်မသွားနိုင်သည် မဟုတ်ပါလား။

ပရိသတ်များထဲတွင်တော့ ပြိုင်ပွဲကိုလည်း စိတ်မဝင်စား။ ဇီနိုနှင့်ဂျူဂျူးအတွက်လည်း စိုးရိမ်သူများထဲတွင်မပါသူ နှစ်ယောက်ရှိသည်။ ထိုနှစ်ယောက်က . . .

နက္ခတ်ဗေဒဋ္ဌာနမှူးနှင့် ဇီးရိုးပြဇာတ်အဖွဲ့ခေါင်းဆောင်။ နက္ခတ်ဗေဒဋ္ဌာနမှူးမှာ ကွန်ပျူတာတစ်လုံးနှင့် အလုပ်ရှုပ်နေသလို ဇီးရိုးပြဇာတ်ခေါင်းဆောင်မှာလည်း တစ်စုံတစ်ရာကို စိတ်ပူနေသည်။ ပြဇာတ်ခေါင်းဆောင်မှာ ဘေးမှတပည့်ဖြစ်ဟန်တူသူကို လှည့်မေးသည်။

"ဆင်တွေက စိတ်ချရရဲ့လား"

"စိတ်ချရပါတယ်"

ထိုသို့ အဖြေစကားကြားရသော်လည်း စိတ်ပူနေတာသေချာ၏။

**ထိုစဉ်မှာပင် တတိယစုံတွဲ၏မင်္ဂလာပွဲမှာ ပြီးဆုံးသွားတော့**သည်။ ထူးထူးဆန်းဆန်းမဟုတ်ပါ။ ရှေး ခေါမတိုင်းသားတို့၏ မင်္ဂလာလက်ထပ်ပွဲမျိုး ပုံတူဖန်တီးသွားခြင်းဖြစ်သည်။ အမှတ်ပေးဘုတ်ကို လှမ်းကြည့်လိုက်တော့ အမှတ်က သိပ်တက်မလာ။ ရှေ့ကနှစ်တွဲနှင့် မတိမ်းမယိမ်းသာ အမှတ်ရလိုက်သည်။

သုံးတွဲလုံးအမှတ်က နှစ်ဆယ်သာသာ။



ယခုအလှည့်ကျသည်ကား တစ်မြို့လုံးတောင့်တနေကြသော အာမင်နှင့် ကိတ်တို့အလှည့်။

ပြိုင်ပွဲက တမုဟုတ်ချင်း နွေးသွားပါ၏။ အာမင်နှင့်ကိတ်တို့ မင်္ဂလာပွဲကျင်းပရာ ကွက်လပ်ဆီသို့ ဝင်လာပြီမဟုတ်ပါလား။

ရောမစစ်တုရင် ကစားခုံကြီးတစ်ခုလို ကစားကွက်တွေက မြေပြင်ပေါ်မှာထင်းနေသည်။ ထိုစစ်တုရင်ကွက်ကြီးကို မြင်ကတည်းက အကုန်လုံး စိတ်ဝင်စားနေကြခြင်းဖြစ်ပါ၏။

အားလုံးပေါင်း လူသုံးဆယ့်နှစ်ယောက်ရှိမည်။

အာမင်ဦးဆောင်သော ယောကျ်ားလေး ဆယ့်ခြောက်ယောက်နှင့်၊ ကိတ်ဦးဆောင်သော မိန်းကလေး ဆယ့်ခြောက်ယောက်။

"ဟာ . . ."

တွေ့လိုက်ရသောလူများနှင့်အတူ ပရိသတ် အံ့သြသံတွေက ဟိန်းခနဲ။

အကုန်လုံး မှင်သက်သွားလေပြီ။

ဘာတွေလဲ။ ဘာလုပ်ကြမှာလဲ။

ပရိသတ်တွေအကုန်လုံး ငြိမ်သက်တိတ်ဆိတ်သွားပါ၏။ အကြောင်းကား စစ်တုရင်ကွက်များဆီသို့ ဆင်းလာကြသောလူများ။

အဝတ်အစားတွေက ဆန်းပြားနေသည်။ အာမင်ဦးဆောင်သော ယောကျ်ားလေး ဆယ့်ခြောက်ယောက်က အနက်ရောင်ဝတ်စုံများကို ဝတ်၍ ကိတ်ဦးဆောင်သော မိန်းကလေး ဆယ့်ခြောက်ယောက်ကတော့ အဖြူရောင်ဝတ်စုံတွေကို ဝတ်ထားသည်။ ပြီးတော့ ထူးခြားနေသည့် ခေါင်းဆောင်းများ။

မကြာခင်မှာပင် ထိုသုံးဆယ့်နှစ်ယောက်သောသူများက စစ်တုရင်ကွက်များပေါ်သို့ သက်ဆင်းနေရာယူလိုက်ကြတော့သည်။ အာမင်ဦးဆောင်သော ဝတ်စုံနက်ကတစ်ဖက်၊ ကိတ်ဦးဆောင်သော ဝတ်စုံဖြူကတစ်ဖက်။



www.burmeseclassic.com

www.burmeseclassic.com

စစ်တုရင်ကစားရုပ်တွေအတိုင်း အကွက်ပေါ်ရပ်နေသူတွေက ဆိုင်ရာဆိုင်ရာ ခေါင်းဆောင်းတွေကို ဆောင်းထားသည်။ Bishop ကွက်ပေါ်ရပ်နေသူက Bishop ပုံခေါင်းဆောင်း၊ Knight ကွက်ပေါ်ရပ်နေသူက မြင်းပုံခေါင်းဆောင်း။ ပြီးတော့ Castle ပုံခေါင်းဆောင်း။

Pawn ကွက်ပေါ်ရပ်နေသူများကတော့ ဘာမျှမဆောင်းထားကြ။ အာမင်နှင့်ကိတ်တို့ နှစ်ယောက်စလုံးကတော့ Queen ခေါင်းဆောင်းကို ဆောင်းထားကြ၏။

"ဘာလဲဟ . . . သူတို့ကိုယ်တိုင် စစ်တုရင်ဝင်ရွှေ့မှာလား"

"အေးလေ . . . သူတို့ပဲ ဝင်ကစားကြမှာ။ ဒါ အာမင်နဲ့ကိတ်တို့ရဲ့ပြိုင်ပွဲပါ"

"ဘယ်လိုပြိုင်ပွဲလဲ"

"အခု စစ်တုရင်ပွဲမှာ အာမင်က နိုင်အောင်ကစားနိုင်မှ ကိတ်က လက်ထပ်မှာ။ ရှုံးရင် လက်မထပ်ဘူး"

ဓီးရိုးအဖွဲ့ခေါင်းဆောင်ပင် စိတ်ဝင်စားသွားရပါ၏။ ကြည့်နေကြသော ပရိသတ်တွေအကုန်လုံးလည်း စစ်တုရင်ကွက်တွေနား ပြုဆင်းလာကြသည်။ စိတ်ဝင်စားဖို့ကောင်းရုံတင်မဟုတ်၊ ဆန်းကြယ်နေသည် မဟုတ်ပါလား။

ဘာပဲပြောပြောပါ။ ခုန ဓီနီနှင့်ဂျူဂျူးတို့ဆီရောက်နေသော စိတ်တွေအားလုံး ခဏတာပျောက်ကွယ်ကုန်တော့သည်။

ထိုစဉ် လွှင့်ခနဲပျံ့လာသော တီးလုံးသံတစ်ခုနဲ့အတူ အဖြူရောင်ဝတ်စုံတစ်ယောက်က စတင်လှုပ်ရှားသွားတော့သည်။

"ဟာ . . . "

"လှလိုက်တာ"

ကကြိုးတစ်ခုကိုဖန်တီး၍ ရှေ့တစ်ကွက်တက်သွားခြင်းဖြစ်ပေသည်။ အဖြူရောင်ဝတ်စုံတွေအကုန်လုံးလည်း ပျံ့စီးလာသောတီးလုံးသံနှင့်အတူ ကကြိုးတွေဆင်ကုန်ကြတော့သည်။ နောက် အမည်းရောင်



ဝတ်စုံတွေဘက်မှတစ်ကွက်။

"မိုက်တယ်ဟေ့"

ပရိသတ်တွေဆီမှ ဆူညံသွားသည်။ သူတို့အမြင်မှာ စစ်တုရင်ရုပ်တွေအကုန်လုံး တီးလုံးသံနှင့်အတူ ကနေကြပါပြီ။

"ဟာ . . . တကယ်ကောင်းတဲ့ စစ်တုရင်ကကြိုးတွေပဲ"

"တော်လိုက်ကြတာ"

ချီးကျူးသံတွေ၏နောက်မှာ ကွင်းထဲမှ စစ်တုရင်ကကြိုးတွေက တစ်ကွက်ပြီးတစ်ကွက် ရှေ့တိုးနောက်ဆုတ်၊ ဘယ်ညာခုန်ကျော် လှုပ်ခတ်ရင်းနှင့် အပြင်းထန်ဆုံး စစ်တုရင်ပွဲကို ဖန်တီးနေကြသည်။

အစားခံရသည့် အရုပ်ကထွက်၍ စားသည့်အရုပ်က တစ်ကွက်ထပ်တက်သည်။ ကကြိုးအရှိန်ကို တဆင့်ထပ်မြှင့်သည်။ ကကြိုးတီးလုံးကို တစ်ဆင့်ထပ်တိုးသည်။

လုံးဝကို အသက်ရှူမှားလောက်သော ရွှေ့ကွက်ကကြိုးတွေပင်။ ကစားကွက်ထဲမှ အာမင်နှင့်ကိတ်မှာလည်း ကရင်းရွှေ့ရင်း၊ ရွှေ့ရင်းကရင်းနှင့် ပွဲကိုထိန်းနိုင်အောင် ကြိုးစားနေကြသည်မှာ အလွန်ပင်ကြည့်လို့ကောင်းလှပါ၏။

ပညာပါသည်။ အနုပညာဆန်သည်။

အပြင်မှာ ကစားသလို စစ်တုရင်ရုပ်တွေကို ကစားသူက ထိန်းချုပ်ခြင်းမဟုတ်။ စစ်တုရင်ရုပ်တွေက ကစားကွက်ကို အပြန်အလှန်နားလည်မှု အချိတ်အဆက်တွေနှင့် ထိန်းချုပ်နေကြခြင်းဖြစ်သည်။

တစ်ခါမှမမြင်ဘူးသော လူကိုယ်တိုင်ဝင်ကစားသည့် စစ်တုရင်ပြိုင်ပွဲ။ လက်ဆက်ပွဲတော်၏ အထူးခြားဆုံးပွဲ။

"ဟာ . . . အာမင် Bishop ကို စားသွားတာ ဒီအကွက်ထူး"

ပညာရှင်တွေချည်း သီးသန့်ကြည့်ရှုရာ ထိုင်ခုံတစ်နေရာမှ ထွက်လာခြင်းဖြစ်သည်။ ပညာရှင်တစ်ယောက်က ပေါင်ပေါ်တင်ထားသော ကွန်ပျူတာမှ ကစားကွက်တစ်ကွက်ကို အားမှတစ်ယောက်အား ထောက်



www.burmeseclassic.com

www.burmeseclassic.com

ပြနေခြင်းဖြစ်၏။

"အဲဒါဆို ကိတ်စားသွားတဲ့ အကွက်ကရော . . . "

"အဲဒီအကွက်က ခုနငါမှတ်ထားတယ်။ ဒီမှာ . . . "

လုံးဝ ဆန်းပြားနေပေပြီ။ သာမန်ကြည့်ရှုသူတွေအဖို့ စိတ်လှုပ်ရှားမှုနှင့် လှပမှုကိုသာ မြင်တွေ့ကြသော်လည်း ပညာရှင်တွေအဖို့မှာတော့ . . .

"အကောင်းဆုံးပဲ . . . ဒီမင်္ဂလာဆောင်က အကောင်းဆုံးပဲ။ ဒီထက်ကောင်းတာ မရှိနိုင်တော့ဘူး"

အမှတ်ပေးဘုတ်မှာ အမှတ်တွေက တဖြည်းဖြည်း တက်လာသည်။ ကြည့်ရှုနေသူအားလုံးလည်း ရင်သပ်ရှုမောနေရသလို ကစားကွင်းထဲမှ ကိုယ်တိုင်ကကြိုးဆင်နေသူတွေမှာလည်း . . .

"ဓိနိုတို့ . . . အနိုင်ယူနိုင်ပါ့မလား"

ပြဇာတ်ခေါင်းဆောင် စိုးရိမ်နေပေပြီ။ နက္ခတ်ဗေဒဌာနမှူးကတော့ ဘယ်ကိုမျှ အာရုံမရောက်။ သူ့ရှေ့မှ ကွန်ပျူတာဆီကိုသာ။

သူတို့နှစ်ယောက်ကတော့ အနုပညာရှင်တွေချည်းပဲ။ သီးသန့်အားပေးရာနေရာမှာ ထိုင်နေကြခြင်းဖြစ်သည်။ ပြဇာတ်ခေါင်းဆောင် စိုးရိမ်မည်ဆိုလည်း စိုးရိမ်လောက်သည်။ အမှတ်ပေးဘုတ်မှ အမှတ်တွေက ပထမအတွဲတွေနှင့် ဘာမျှမဆိုင်စွာ တက်လာနေသည့်အပြင် ပြိုင်ပွဲဝင်နေသော အာမင်နှင့်ကိတ်တို့မှာလည်း ကြောက်ခမန်းလိလိ စစ်တုရင်ကွက်တွေကို အသုံးပြုပြိုင်ဆိုင်နေကြသည် မဟုတ်ပါလား။

အကွက်အရည်အတွက်တွေ တဖြည်းဖြည်းများလာသလို အချိန်တွေလည်း တဖြည်းဖြည်း ကုန်ဆုံးလာပြီဖြစ်သည်။ တီးခတ်နေသော ဂီတသံတွေလည်း ပြင်းသည်ထက်ပြင်းလာကာ ကြည့်ရှုသူပရိသတ်တွေအကုန်လုံးလည်း အသက်ရှူတွေမြန်ကုန်ကြပြီ။

အကြောင်းကား ပရိသတ်ကြီးအလယ်၌ အမြင့်မားဆုံး ကကြိုးတွေနှင့် အပြင်းထန်ဆုံး တိုက်စစ်ဆင်နေသူတို့မှာ အနည်းငယ်သာကျန်



တော့သည်။

"မဟုတ်တော့ဘူး . . . မဟုတ်တော့ဘူး . . . ကွန်ပျူတာမှာ ရှိပြီးသားအကွက်တွေ မဟုတ်တော့ဘူး။ ပိုမြင့်သွားပြီ"

ထိုတစ်ယောက်ပြောလို့မှမဆုံးသေး နောက်တစ်ယောက်က –

"ခင်ဗျားက အခုမှသိတာလား။ ကျုပ်က သိတာကြာလို့ သူတို့ကစားကွက်တွေကို လိုက်မှတ်ထားတာ အကွက်နှစ်ဆယ်လောက်ရှိနေပြီ။"

ကွန်ပျူတာခလုတ်တွေကို နှိပ်ရင်း ထိုတစ်ယောက်ကပြောသည်။

"ဟာ . . . "

ကွန်ပျူတာကိုကျော်ထားသည့် စစ်တုရင်ကွက်တွေလား၊ ခေတ်ကိုလွန်ထားသော အမြင့်မားဆုံးပြိုင်ပွဲကြီးလား . . .

ဘယ်လိုပဲဆိုဆို ကြည့်ရှုသူတွေအားလုံးမှာ စိတ်လှုပ်ရှားမှု၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ်ကို ရင်တွေပူလာကြပါပြီ။

စစ်တုရင်ကွက်တွေပေါ်မှ အာမင်နှင့်ကိတ်ကတော့ တကယ့်ပြိုင်ဘက်တွေအဖြစ် ကနေဆဲ၊ ပြိုင်နေဆဲ၊ သူတို့၏ဘုရင်ကို ကာကွယ်နေဆဲ၊ ပြိုင်ဘက်ဘုရင်ကို ပွဲသိမ်းတိုက်နိုင်ရန် ကြိုးစားနေကြဆဲပါ။

ဒါပေမဲ့ . . .

ပရိသတ်ကြီးမှာ ရင်တွေခုန်သထက်ခုန်လာသည်။ ပူသထက်ပူလာသည်။ မင်္ဂလာပွဲနှင့်မဆိုင်အောင်ကို တစ်မျိုးရသတွေ ခံစားနေရတော့သည်။ အာမင်နှင့်ကိတ် ဘယ်လိုပွဲသိမ်းမည်လဲ၊ ဘယ်လိုအဆုံးသတ်မည်လဲ။

သိချင်လာသည်။

မြန်မြန်ပွဲသိမ်းစေချင်လာသည်။

ရင်ခုန်သံတွေက အမြန်ဆန်ဆုံးအနေအထား ရောက်နေပြီ။ ဒီထက် မမြန်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com

ပြိုင်ပွဲအချိန်စေ့ဖို့ နီးကပ်လာသည်နှင့်အတူ ကြားနေရသော တီး
လုံးသံက အမြန်ဆန်ဆုံး၊ အပြင်းထန်ဆုံး။

ပြီးတော့ . . .

ကကြိုးတွေက အမြင့်မားဆုံး၊

ရွှေ့ကွက်တွေက အမာထန်ဆုံး၊

နောက်တော့ . . .

အဲဒီနောက်တော့ . . .

"မိပြီ . . . နောက်တစ်ကွက်ဆိုရင် ကိတ်ရဲ့ဘုရင်ကိုမိပြီ။ ကိတ်
ကလည်း ဆက်ရွှေ့လို့မရတော့ဘူး။ ပိတ်မိသွားပြီ။

ဟုတ်ပေသည်။ ကိတ်လည်း အာမင်၏ကစားကွက်မှာ ပိတ်မိ
သွားသလို ကိတ်၏ဘုရင်မှာလည်း နောက်တစ်ကွက်မှာတင် . . .

ပွဲပြီးသွားပေပြီ။ ပွဲပြီးသွားမှန်း လူအချို့မှလွဲ၍ ဘယ်သူမျှမသိ
လိုက်ကြ။ သူတို့၏ရွှေ့ကွက်တွေကြောင့် ရင်တွေမှာပူလောင်နေသလို၊
ပွဲသိမ်းကွက်ကို မမြင်လိုက်သူလည်းရှိသည်။ မသိလိုက်သူလည်းရှိသည်။

အကြောင်းကား . . .

စိတ်လှုပ်ရှားမှုတို့ ပြင်းထန်သွားကာ ပူလောင်နေကြသော
ကြောင့် . . .

တိခနဲရပ်သွားသော တီးလုံးသံကြားမှသာ ပြီးဆုံးသွားကြောင်း
သိလိုက်ရတော့ . . .

လက်ခုပ်သံတွေ၊ အားပေးသံတွေ တစ်ခဲနက်ထွက်လာပါတော့
၏။ ဒါပေမဲ့ အကုန်လုံး၏ရင်ထဲမှာကား ယခုအချိန်အထိ လှုပ်ရှားနေ
ဆဲ၊ ပူလောင်နေဆဲ။

အမှတ်ပေးဘုတ်မှာ အမှတ်တစ်ရပ်က ထင်းခနဲပေါ်လာသည်။

"၉၉"

• • •



(12 : 35)

နောက်တစ်ပွဲစဖို့ အချိန်ရောက်ပေပြီ။ ဒါပေမဲ့ ပြိုင်ပွဲဝင်နှုန်း
ပေါ်မလာသေး။ ယှဉ်ပြိုင်ကွင်းထဲသို့ ဝင်မလာသေး။

ဘယ်လိုလဲ၊ မပြိုင်တော့ဘူးလား။

ကိုယ်စီကိုယ်စီစိတ်ထဲ၌ ထိုသို့အတွေးတွေဝင်နေသော်လည်း
လက်လွှတ်စပယ် မပြောနိုင်သေး။ အာမင်နှင့် ကိတ်တို့စုံတွဲကတော့
ပရိသတ်အကြိုက်တွေ့ ပွဲတစ်ပွဲဖြစ်သွားပေပြီ။ ယခု ဇီနီနှင့်ဂျူးဂျူးကရော
ဘယ်လိုလဲ၊ ဂုဏ်ယူပြုံးဖြင့် ဝှံကြွားနိုင်မည်လား၊ နှစ်သိမ့်ပြုံးဖြင့် ကျေနပ်
ရမည်လား။

အမှတ်ပေးဘုတ်မှာတော့ အာမင်တို့အတွဲက တစ်ဆွဲနေပေပြီ။
ပရိသတ်တွေအကုန်လုံးက ယှဉ်ပြိုင်ကွင်းဆီသို့ကြည့်လိုက်၊ ဒလိုင်းလာ
ထိုင်နေရာဆီကိုကြည့်လိုက်၊ သူတို့ချင်း တီးတိုးပြောလိုက်နှင့် အလုပ်ရှုပ်
နေသည်။ တွေးကြည့်စရာမလိုပါ။ ဇီနီတို့အတွဲကို မျှော်နေခြင်းဖြစ်သလို
ထင်ကြေးမျိုးစုံပေးနေကြခြင်း ဖြစ်ပါ၏။

နံပါတ်ငါးအတွဲက အသို့နည်း?

(12 : 38)

ကွန်ပျူတာစလုတ်တွေကို တဒေါက်ဒေါက်နှင့်ရိုက်နှိပ်ရင်း လူ
တစ်ယောက် ချွေးပြန်နေပေပြီ။ ကောင်းကင်ကိုမော့ကြည့်လိုက်၊ နာရီကို
ကြည့်လိုက်၊ ပေါင်ပေါ်မှ ကွန်ပျူတာကိုကြည့်လိုက်နှင့် ရှုပ်ထွေးသော
အလုပ်တွေနှင့် ပူပန်နေသူကား . . .

နက္ခတ်ဗေဒဌာနမှူး။

သူတို့တစ်ဌာနလုံးမှ ယူဆချက်က မှားများမှားနေပြီလား၊ သူ
ချက်မှုတွေအရတော့ မှန်ကန်သည်။ ဒီနေ့ ဒီအချိန် သေချာပေါက်ပြစ်မှာ
ဒါပေမဲ့ ဘာလို့ယခုအချိန်ထိ ငြိမ်နေတာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကို မော့ကြည့်ပြန်သည်။ သူ၏ခန္ဓာကိုယ်တစ်ခုလုံးတွင် စိုးရိမ်မှုဓာတ်ခွေးတွေနှင့် ပေကျံနေပြီဖြစ်သည်။ သူ့နံဘေးမှ ဇီးရိုးအဖွဲ့ခေါင်းဆောင်သည်လည်း မျက်နှာပျက်စပြုလာပါပြီ။ ပတ်ဝန်းကျင်မှ မထင်မရှားရှိနေသော သူ့လူတွေအကုန်လုံးမှာလည်း ဆရာ၏အမိန့်နှင့်အတူ အခြေအနေတစ်ခုကို စောင့်နေရသည်မှာ ရင်တထိတ်ထိတ်။

(12 : 40)

"ဇီနိုတို့ မလာတော့ပါဘူး"

"မင်းကို ဘယ်သူပြောလဲ"

"နောက် (၅)မိနစ်ဆို ပြိုင်ပွဲစည်းကမ်းအရ ဝင်ပြိုင်ခွင့်မရှိတော့ဘူး။ (၁၅) မိနစ်ပြည့်လို့မှရောက်မလာရင် ပြိုင်ပွဲက အလိုလိုနှုတ်ထွက်ပြီးသားဖြစ်သွားပြီ။

ဟုတ်ပေသည်။ လက်ဆက်ပွဲတော် ယဉ်ပြိုင်ခွင့်စည်းကမ်းအရ ပြိုင်ရမည့်အချိန်ထက် (၁၅)မိနစ်နောက်ကျလို့မှ မင်္ဂလာပွဲမစတင်ရသေးလျှင် ထိုအတွဲမှာ အကျုံးမဝင်ဖြစ်သွားမည်ဖြစ်၏။

"ဒီပန်းခြံရဲ့တစ်နေရာမှာတော့ ရှိနေမှာပါ။ အာမင်တို့မင်္ဂလာပွဲကိုကြည့်ပြီး ဝင်မပြိုင်ရဲတော့တာနဲ့တူတယ်"

"တော်စမ်းပါ။ နင်တို့ဟာက မင်္ဂလာပွဲမှမဟုတ်တာ။ အကပြိုင်ပွဲကြီး။ ကြည့်နေ . . . ဇီနိုတို့အတွဲက အနိုင်ယူပြလိမ့်မယ်"

ထိုစကားကိုပြောသူက ဇီနိုတို့၏အိမ်ရှင် အမယ်အို။

အကုန်လုံး လှုပ်လှုပ်ရှားရှား ဖြစ်လာကြပေပြီ။ ပြိုင်ပွဲအချိန်ကာစေ့တော့မည်။ ဒီအတိုင်းဆို ပထမဆုက အာမင်တို့အတွဲရမယ်ဆိုတာ သေချာနေပါ၏။

ဘယ်လို လုပ်မည်လဲ၊

ဘယ်လို အနိုင်ယူမည်လဲ၊



ဇီနိုတို့ ဘာလို့မလာကြသေးတာလဲ၊

သူများတွေပြောသလို ဝင်မပြိုင်ကြတော့ဘူးလား . . . ။

"မဟုတ်ဘူးကွ။ ဇီနိုတို့ အရင်ထဲကဝင်ပြိုင်ဖို့ ဆန္ဒမရှိတာမင်္ဂလာနာမည်ပေးမထားတာကို ကြည့်ပါလား"

"ဟုတ်တယ် . . . သူတို့ပြိုင်မှာ မဟုတ်တော့ဘူး။ သေချာတယ်"

"ဒါဆို တအောင့်နေရင် ဆုကြေညာပေးတော့မှာပေါ့"

(12 : 43)

ထူးထူးခြားခြား ဘဝင်မကျနေသူတစ်ယောက်ရှိသည်။ အဲဒါက အာမင်။ ဇီနိုဝင်ပြိုင်မည်ဆိုတာ သူသေချာကိုသိနေသည်။ ဘာကိစ္စ အခုထိမတွေ့သေးတာနည်း။ ဇီနိုဘာဆိုတာ သူသိထားသလို ဇီနို၏အရည်အချင်းကိုလည်း ယုံကြည်ထားသည်။

ညကပင် သူတို့ ထိပ်တိုက်တွေ့ခဲ့ကြသေးသည်မဟုတ်ပါလား။ အရှုံး၊ အနိုင်မပေါ်ခဲ့ပေမယ့် ဇီနို့အကြောင်းကို ကောင်းကောင်းသိခဲ့ရသည်ဆိုလျှင် မမှား။

ဇီနိုသည် သာမန်ပျော့ညံ့ညံ့ ယောကျ်ားတစ်ယောက်မဟုတ်ပါ။ ပြိုင်ဆိုင်ရဲ၊ ယှဉ်နိုင်ရဲသော လူတစ်ယောက်ဖြစ်သည်။

ပြင်ဆင်ချိန်သိပ်မရခဲ့ပေမဲ့ ဇီနိုအကောင်းဆုံး ပြိုင်နိုင်မည်ဆိုတာ အရင်ကတည်းက တွက်ထားမိခဲ့သည်။ ဒါပေမဲ့ . . .

ယခု အဘယ်ကြောင့် . . .

(12 : 44)



www.burmeseclassic.com

www.burmeseclassic.com

နဖူးမှ တရွှဲရွှဲကျနေသောချွေးကို လက်မောင်းဖြင့်ပင့်သုတ်ရင်း ကောင်းကင်ကို မော့ကြည့်လိုက်သည်။ ဖျတ်ခနဲပြောင်းလဲသွားသော အခြေအနေတစ်ခုကြောင့် ဆတ်ခနဲခုန်သွားသော ရင်ခုန်သံတစ်ချက်နဲ့အတူ၊

လက်ချောင်းများက ကွန်ပျူတာခလုတ်ပေါ်သို့ တဖျောက်ဖျောက်။ နောက်ဆုံးသောခလုတ်အား ဒေါက်ခနဲ ရိုက်ခေါက်လိုက်သည့် အဆုံးမှာတော့ . . .

ဌာနမှူးမျက်နှာ ပြုံးသွားလေသည်။

သူတို့ မရှုံးနိုင်တော့ပြီ။

ဒုတိယမ္ပိ ကောင်းကင်ကိုမော့ကြည့်ပြီးသည့်နောက်မှာ စိုးရိမ်တကြီးကြည့်နေသော ဓီးရိုးအဖွဲ့ခေါင်းဆောင်ဘက်သို့လှည့်လိုက်၍ . .

ဓီးရိုးအဖွဲ့ခေါင်းဆောင် မြင်လိုက်ရသည်ကား ဝံ့မားသောအပြုံးနှင့် တည့်မတ်စွာထောင်နေသော လက်မတစ်ခု။

အဲသည့်နောက် . . .

"ဆုကြေငြာပါတော့။ ပထမဆုရတဲ့စုံတွဲကို ကြေငြာပေးပါတော့"

"ဆုကြေငြာပေးပါတော့ဗျို့"

တစ်ခဲနက်အော်ဟစ်ကြသော ပရိသတ်တို့၏ အသံများနောက်မှာ . . .

လင်းချင်းဝင်းဖြာနေသော ပတ်ဝန်းကျင်က ဟုတ်ခနဲ . . .

"ဟာ . . ."

"အို . . ."

"ဟင် . . ."

"ဘယ်လိုဖြစ်သွားတာလဲ"

"အကုန်လုံး မည်းမှောင်သွားပါလား"

ပတ်ဝန်းကျင်ကြီးတစ်ခုလုံးက ရုတ်ခြည်း မှောင်ကျသွားပါသည်။ နေ့မှညသို့ ကူးပြောင်းသွားခြင်းလား။ မဟုတ်။ ဒါဆို ဘာဖြစ်



www.burmeseclassic.com

သွားတာလဲ"

"နေကြတ်သွားတာလား မသိဘူး"

လူတစ်ယောက်က ထအော်သည်။

"ဟုတ်မယ် . . . နေကြတ်သွားတာနဲ့တူတယ်။ ဒုက္ခပဲ . . .

ဘာမှမမြင်ရတော့ဘူး"

ထိုစဉ် . . .

'ကျီ'ခနဲ ဆွဲဆွဲငင်ငင်အော်လိုက်သော တောရိုင်းတိရစ္ဆာန်တစ်

ကောင်၏ အသံကျယ်ကြီးနှင့်အတူ . . .

ဝင်းခနဲဖြာကျလာသော မီးမောင်းတစ်ခု။ ပြီးတော့ နီးစပ်ရာ

သစ်ပင်တို့တွင် ချိတ်ဆွဲထားသော စာတန်းတစ်တန်း။

## 5. ဧဒင်၏ ပထမအနမ်း

ပြိုင်ပွဲဝင်မင်္ဂလာနာမည်တွေ၏ အောက်တည့်တည့်မှ စိမ်းစန်း

ဝင်းဝင်းဖြင့် ထင်ပေါ်လာခြင်းဖြစ်သည်။

"ဟာ . . . ဓိနိုရဲ့မင်္ဂလာနာမည်က အခုလိုမှောင်သွားမှ ဘာ

လို့ပေါ်လာတာလဲ"

"မှောင်သွားမှပဲ ပေါ်လာမှာပေါ့။ အနုမြူနဲ့ရေးထားတာကိုး"

"ဒါဆို သူတို့က နေကြတ်မှာကို ကြိုသိနေလို့လုပ်တာပေါ့"

ထိုစဉ် . . .

"ဟာ . . . ဒီမှာလည်း အနုမြူနဲ့ရေးထားတယ်ဟေ့၊ ဧဒင်

ဥယျာဉ်'တဲ့"

ကြားလိုက်ရသော အော်သံကျယ်ကြီးကြောင့် မှောင်ကြီးထဲမှ

အားလုံး၏မျက်လုံးတွေမှာ အသံလာရာဆီသို့။

ဟုတ်ပါသည်။ ပန်းခြံအဝင်ဝ ဆိုင်းဘုတ်၏

ရေးထားခြင်းဖြစ်ပါ၏။ လူတွေအကုန်လုံးက ပန်းခြံထဲတွင်



www.burmeseclassic.com

www.burmeseclassic.com

သည့်အတွက် ဆိုင်းဘုတ်နောက်ကျောမှရေးထားသော စာတန်းကရှင်း နေသည်။

"ဒါဆို ဒီပန်းခြံကြီးက ဧဒင်ဥယျာဉ်ပေါ့။ မင်္ဂလာပွဲနာမည်က ဧဒင်၏ ပထမအနမ်း"

ပရိသတ်အားလုံးမှာ ချက်ချင်း ညကမ္ဘာမှ ဧဒင်ဥယျာဉ်ထဲရောက် သွားသလို နှလုံးသားတိုင်းတွင် ခံစားသွားရတော့သည်။ လုံးဝကို မျော သွားကြပါပြီ။ ဇီနိုနှင့်ဂျူဂျူး ဘာအထူးအဆန်းတွေ ဖန်တီးလာမည်လဲ။

ထိုအခိုက် လင်းခနဲဖြာကျလာသော မီးမောင်းကြီးတစ်ခု၏ နောက်မှာ တောတွင်းဂီတသံတစ်ခုက ဖြည်းဖြည်းလေးထွက်ပေါ်လာ သည်။ အာဖရိကတိုက်သားတို့၏ ဗုံသံနှင့် နည်းနည်းဆင်သော တော တွင်းဂီတသံတစ်ခုဖြစ်သည်။ ပျော်ပွဲရွှင်ပွဲများတွင်တီးလေ့ရှိသော အာဖရိက လက်သံတစ်ခုလိုလို . . .

"ဟယ် . . . ဆင်ကြီးစီးပြီးတော့ . . . "

တအံ့တသြ ရေရွတ်သံတွေ ဆူညံသွားစဉ် စွယ်စုံဆင်ဖြောင် ကြီးပေါ်မှ ဇီနိုမှာတော့ . . .

ကျားရည်ဝတ်ရုံကိုဆင်မြန်းရင်း ကျောပေါ်တွင်ပါလာသည့် သူ့ ပုံစံက ကမ္ဘာဦးအစလူသားတစ်ယောက်လို အဆင်အပြင်တွေနှင့်။ သူ စီးလာသောဆင်ကြီး၏ နံဘေးနှင့်နောက်တို့မှာက လူဝံ၊ ခြင်္သေ့၊ မျောက် သမင်၊ ဒရယ်စသော တောတွင်းတိရစ္ဆာန်ကောင်တွေလည်း ပါလာကြ သည်။

ဒါပေမဲ့ ထိုအကောင်တို့မှာတော့ အရည်ခြုံထားသော လူများ ဖြစ်ကြောင်းသိသာသည်။ ဇာတ်ပွဲတို့တွင်သုံးလေ့ရှိသော ပုံစံတူဝတ်စုံများ ကို ဝတ်ဆင်ထားကြသည် မဟုတ်ပါလား။

ပြီးတော့ ထိုအကောင်တွေက လေးဘက်မထောက်ပဲ လူအတိုင်း လမ်းလျှောက်လာကြပါ၏။

ဇီနိုစီးလာသောဆင်ကြီး၏ နံဘေးတစ်ချက် တစ်ဖက်တွင်



'အာဒံ' ဟုရေးထားသည်။ ဒါဆို ဇီနိုက 'အာဒံ'ပေါ့။

ဇီနိုက 'အာဒံ'ဆိုလျှင် 'ဧဝ' က . . .

ထိုအခိုက် ဆန့်ကျင်ဘက်အရပ်ဆီမှ ထိုးကျလာသော မီးမောင်း ကြီးတစ်ခု၏ အောက်မှာလည်း . . .

"ဟိုမှာ . . . ဂျူဂျူး . . . "

"ဟယ် . . . ဂျူဂျူးကလည်း ဆင်ကြီးနဲ့"

ဟုတ်ပေသည်။ ဂျူဂျူးသည်လည်း ဇီနိုနည်းတူပင်ဖြစ်လေတော့ သည်။ သူ၏နောက်မှာလည်း လူဝင်ကနေသော တောတွင်းတိရစ္ဆာန်များ ဆန့်ကျင်ဘက်အရပ်မျက်နှာ နှစ်ဖက်စီမှလာနေသော သူတို့နှစ်ယောက် ကို လူတွေအားလုံးက မှောင်ကြီးထဲမှာတင် အထူးအဆန်းတိုးဝှေ့လမ်း ဖယ်ပေးနေကြသည်။

မီးမောင်းကြီးနှစ်ခုက သူတို့နှစ်ဦးအပေါ်မှ အုပ်မိုးထိုးပြထားရာ မှောင်ကြီးထဲတွင် ကောင်းကင်မှဆင်းလာသော နတ်ဘုရင်မောင်နှံနှင့်ပင် တူနေသေးတော့၏။ နောက်ခံတီးလုံးအဖြစ် အာဖရိကဗုံသံကလည်း ပျံ့ လွင့်နေသလို . . .

ညကမ္ဘာထဲမှ ဧဒင်ဥယျာဉ်၊
ပြီးတော့ စီးတော်ဆင်နှင့် ဧဒင်ဇနီးမောင်နှံ၊
နောက်လိုက်နောက်ပါ ဘက်တော်သားများနှင့်၊

အာဒံ ၊ ဧဝ

ဒလိုင်းလာမာအပါအဝင် ကြည့်နေသူအကုန်လုံးမှာ တကယ်တို့ ဧဒင်ဥယျာဉ်ထဲသို့ ရောက်နေသလို ခံစားနေကြရ၏။ ပရိသတ်အားလုံး ၏ရင်ထဲမှာလည်း ကြည်နူးနေသည်။ သူတို့ကြည့်နေသောအရာမှာ ကမ္ဘာဦးဇနီးမောင်နှံ၏ လက်ထပ်ပွဲ (သို့) တောတွင်းလက်ဆက်ပွဲတစ်ခု ပင် မဟုတ်ပါလား။

ပြိုင်ပွဲဝင်ရာကွက်လပ်တွင် ဆင်ကြီးနှစ်ကောင်က မျက်နှာချင်း ဆိုင်ရပ်သွားသည်။ ပြီးတော့ လိမ်မာစွာ ဝပ်တွားသွားကြ၏၊ တစ္ဆာဦး



www.burmeseclassic.com

www.burmeseclassic.com

ဝတ်စုံကိုယ်စီနှင့် ဆင်ပေါ်မှ အာဒံ၊ ဧဝ (ဝါ) ဇီနီနှင့်ဂျူဂျူး ဆင်းလာသည်။ ထိုသို့ဆင်းလာပုံက နောက်ခံတီးလုံး၏သက်ဝင်မှုနှင့် လိုက်ဖက်လှပါ၏။

သူတို့အောက်ရောက်တော့ နံဘေးမှာရှိနေသော ခြင်္သေ့ကြီးနှစ်ကောင်က လက်ကမ်းပေးသည်။ ခြင်္သေ့ကြီးနှစ်ကောင်၏လက်ထဲမှာ ဇီနီနှင့်ဂျူဂျူး . . .

သူတို့ ဘာဆက်လုပ်ကြမလဲ။ ထိုစဉ် . . .

ဘယ်ကမှန်းမသိသော ငှက်ကလေးနှစ်ကောင်က ခပ်သော့သော့ ပျံသန်းလာကာ ခြင်္သေ့ကြီးနှစ်ကောင်၏ပခုံးပေါ် လာနားပါ၏။ ရှင်းလင်းစွာထိုးပြထားသော မီးမောင်းကြီးနှစ်လုံး၏အောက်မှာ ကြည့်ရှုသူပရိသတ်တွေအကုန်လုံး မြင်တွေ့လိုက်ရသည်ကား . . .

ငှက်ကလေးတွေ၏နှုတ်သီးဆီမှ လက်စွပ်နှစ်ကွင်း . . .

သာမန်လက်စွပ်မျိုးမဟုတ်ပါ။ ယုန်မွေးဖြင့်ထိုးကျစ်ထားသော တောတွင်းလက်စွပ်လေးနှစ်ကွင်း ဖြစ်ပါသည်။ ထိုလက်စွပ်နှစ်ကွင်းကို ငှက်လေးနှစ်ကောင်၏ နှုတ်သီးဆီမှ ခြင်္သေ့အရည်ခြုံလူနှစ်ယောက်က ယူ၍ ဇီနီနှင့်ဂျူဂျူးဆီ စွပ်ပေးသည်။

ထိုအခိုက် မီးမောင်းနှစ်ခုက ပေါင်းစုံသွားသည်။ အာဖရိကဗုံသံက ကြည်နူးဖွယ်ငြိမ့်ညောင်းသွားသည်။ ပါလာသော တောတွင်းတိရစ္ဆာန်တွေက ဇီနီနှင့်ဂျူဂျူးကိုပတ်ခြာဝိုင်းကာ ခုန်ပေါက်မြူးတူးကုန်ကြ၏။

"ဟာ . . . တောဘုရင် ခြင်္သေ့မောင်နှံကိုယ်တိုင် ထိမ်းမြားပေးတဲ့ လက်ထပ်ပွဲပဲ"

"အသက်ပါလိုက်တာဟယ်။ တကယ့်တောတွင်းက လက်ထပ်ပွဲကိုကြည့်ရတဲ့အတိုင်းပဲ"

"ရုပ်ရှင်ကြည့်နေရသလိုကို အသက်ပါနေတာ"

"ဒီလိုမင်္ဂလာပွဲမျိုးသာ တကယ်ဆောင်ခွင့်ရရင် ဘယ်လောက်



ကောင်းလိုက်မလဲ"

"တော်လိုက်ကြတာ"

ပရိသတ်၏ချီးကျူးသံ၊ အားကျသံတွေ ညံသွားစဉ်၌ [illegible] ကလို 'ကျိ' ခနဲ အသံတစ်ခု ဆွဲဆွဲငင်ငင်အော်သွားသည်။

အသံတွေအကုန်ငြိမ်ကျသွားကာ ဇီနီနှင့်ဂျူဂျူးတို့ဆီ ကြည့်မိတော့ . . .

အာဒံက ဧဝ၏နဖူးပြင်နုနုကို တခုတ်တရနမ်းနေပေပြီ။ ဒါသည်ပင် ဒေင်၏ ပထမအနမ်းလား . . .

ပရိသတ်တွေအကုန်လုံး စီးမျောလွင့်ပါ ထပ်ထူခံစားသွားစဉ်မှာပဲ . . .

"ဟာ . . . "

"အမယ်လေး . . . "

"ဟော့တော့ . . . "

"ပြန်လင်းသွားပြီ"

နေရောင်က လမင်း၏နှောင့်ယှက်မှုမှအလွတ်၊

အာဒံက ဧဝကို နမ်းအပြီး၊

မီးမောင်းအပိတ်၊

အာဖရိကဗုံသံအရပ်၊

အားလုံးကွက်တိ။

အပိုအလိုမရှိ။ လုံးဝကို ငြိသွားသည်။

ပထမတော့ ယှဉ်ပြိုင်ကွင်းအတွင်းမှ ဇီနီ၊ ဂျူဂျူးနှင့် အပေါင်းအပါများအား ကြောင်ကာကြည့်နေကြသေးသည်။ ဒါပေမဲ့ မကြာလိုက်ပါ။

ခဏလေးမှ တကယ့်ခဏလေး။

"ဟေး . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း . . . ဖြောင်း"

" ........................ "



www.burmeseclassic.com

www.burmeseclassic.com

" ........................."

ပရိတ်သတ်၏အားပေးမှု လက်ခုပ်သံကြီးမှာ ပန်းခြံတစ်ခုလုံး၊ ဝင်ခွင့်မရမြို့တစ်မြို့လုံးကို ဖုံးလွှမ်းအုပ်မိုးသွားပါတော့သည်။

လက်ခုပ်သံ၊ အားပေးအော်ဟစ်သံများအောက်မှ ဇီနိုနှင့်ဂျူဂျူး သည်ကား ကြည်နူးပျော်ရွှင်ပြုံးပန်းဆင်လျက် . . .

ထိုစဉ်မှာပင် ပရိသတ်ထဲမှလူတစ်ယောက်က ဇီနိုအား ဝမ်းပန်း တသာ ပြေးယူထွေးပွေ့လိုက်၏။

ထိုသူက ဇီနို၏အစ်ကို 'ခရုစ်'။



ကမ္ဘာသစ် နှင့် ကမ္ဘာဦး
ဦးနှောက် နှင့် နှလုံးသား
လှုပ်ရှားမှု နှင့် ကြည်နူးမှု
အပူ နှင့် အအေး

ဤနှစ်ပွဲမှာ သင် ဘယ်သူ့ကို အနိုင်ပေးချင်လဲ?



www.burmeseclassic.com

www.burmeseclassic.com

# XXIII

လက်တွေ့ပဓာနဝါဒဆိုတာ နှစ်ဆယ်ရာစုအတွင်း အမေရိကန်နိုင်ငံမှာ ထွန်းကားခဲ့တဲ့ ဝါဒတစ်ရပ်ပေါ့။ အဲဒီဝါဒကို စတင်မျိုးစေ့ချပေးခဲ့သူက အမေရိကန်တွေးခေါ်ရှင် ချားလ်ဆန္ဒာပဲ (ဆ)မ္မ ဆိုတာပဲ"

အချိန်ကာလက အမေရိကန်တွေ တစ်ကမ္ဘာလုံးကို သူတို့ဝါဒလွှမ်းမိုးဖို့ကြိုးစားနေတဲ့အချိန်ပေါ့။ လက်တွေ့ပဓာနဝါဒကို လက်ခံတဲ့သူတွေက ဝါဒပြန့်ပွားအောင် နိုင်ငံအနှံ့၊ မြို့အနှံ့ကို လာရောက်ဟောပြောကြတယ်။ အဲဒီထဲမှာ ကော့လုခ်ဆိုတာလည်း တစ်ယောက်အပါအဝင်ပေါ့။

ကော့လုခ်ဘယ်နိုင်ငံသားလဲဆိုတာတော့ မသိဘူး။ ဒါပေမဲ့ ကော့လုခ်က အတွေးအခေါ်နဲ့ နက္ခတ်ဗေဒပညာရှင်။ ၁၉၂၄ ခုနှစ်မှာ ကော့လုခ်နဲ့ ဝိုဒင်ဆိုတဲ့ကောင်လေးတစ်ယောက် တို့မြို့ကိုရောက်လာခဲ့တယ်။



သူတို့ရောက်လာပြီးနောက်ပိုင်းမှာပဲ တို့ မြို့သူ၊ မြို့သားတွေရဲ့ အတွေးအခေါ်တွေ လမ်းမှန်ရောက်သွားတယ်လို့ ဆိုရမှာပေါ့။ အဲဒီအချိန်က တို့မြို့မှာ ထာဝရဘုရားသခင် တကယ်ရှိမရှိ အငြင်းပွားနေတဲ့ အချိန်လေ။

ကော့လုခ်က လမ်းဘေးဟောပြောပွဲတစ်ခုမှာ ဟောပြောသွားခဲ့တယ်။

"ဘုရားသခင်ကို ယုံကြည်တယ်။ ဘုရားသခင်ရှိခဲ့တယ်၊ ရှိနေတယ်လို့ မှတ်ယူထားတဲ့အတွက် ငါတို့စိတ်တွေ အေးချမ်းသွားလား၊ သာယာသွားလား၊ စိတ်ချမ်းသာမှုရသွားလား၊ အဲဒီအတိုင်းဖြစ်တာမှန်ရင် ဘုရားသခင် တကယ်ရှိခဲ့တယ်ဆိုတဲ့ ယုံကြည်ချက်မှန်တယ်တဲ့။

ငါတို့ကမ္ဘာကြီးထဲမှာ နေကြတယ်ဆိုတဲ့ အဆိုဆိုပါစို့။ အဲဒီယုံကြည်ချက် . . . မှန်မမှန် လက်တွေ့စစ်ကြည့်လိုက်၊ ကမ္ဘာကြီးတကယ်ရှိလား . . . ရှိတယ်။ ငါတို့ အခုမတ်တပ်ရပ်နေတာရော ကမ္ဘာကြီးထဲမှာလား၊ ဟုတ်တယ်ဆိုရင် အဲဒီအဆိုမှန်ပြီတဲ့"

ကော့လုခ်ရဲ့မူဝါဒအရ "ဘယ်အတွေးအမြင် အယူအဆပဲဖြစ်ဖြစ် ငါတို့လက်ရှိဘဝမှာ အကျိုးစီးပွား တစ်စုံတစ်ရာပေးနိုင်မယ်။ စိတ်ချမ်းသာမှု တစ်စုံတစ်ရာပေးနိုင်မယ်၊ အချိန်ကုန်လူပန်း သက်သာစေတယ်ဆိုရင် ထိုအယူအဆက ထိုအခြေအနေမှာမှန်တယ်" လို့ ဟောပြောသွားခဲ့တယ်။

အဲဒီတော့ လက်တွေ့ပဓာနဝါဒဆိုတာ အဆိုတစ်ခုရဲ့ အမှန်အမှားကို လက်တွေ့ဘဝမှာ ကိုယ့်ရဲ့အကျိုးစီးပွား စိတ်ချမ်းသာမှုသုခ ပေးနိုင်မပေးနိုင် ဆုံးဖြတ်တဲ့ဝါဒပဲ။

ကော့လုခ်ရဲ့ဟောပြောချက်ကို တို့တစ်မြို့လုံးက သဘောကျကြတယ်ကွ။ လက်ခံကြတယ်။ ကော့လုခ်ကိုလည်း လေးစားသွားတယ်။ ငါ့ရဲ့ဘိုးတော် ဒလိုင်းလာမာကိုယ်တိုင် ကော့လုခ်ကိုလေးစားလွန်းလို့ နန်းတော်ထဲခေါ်ပြီး တရိုတသေထားတယ်။ ငါ့ခမည်းတော်ကတော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ စတုတ္ထ ဒလိုင်းလာမာလောင်းပေါ့ကွာ။ သူလည်း ကော့လုခ်ကို တော်တော်လေး လေးစားတယ်။ ငါကတော့ ကလေးပဲရှိသေးတာပေါ့။ ၁၀ နှစ်လောက်ပဲရှိဦးမယ်။ သူနဲ့ပါလာတဲ့ကောင်လေးထက်တောင်ငယ်သေးတယ်ကွ။ တို့ဆီရောက်တော့ ဝိုဒင်ဆိုတဲ့ကောင်လေးက (၁၇) နှစ်တဲ့။ ဒါပေမဲ့ လူကောင်မထွားဘူး ညှပ်တယ်။ နောက်ပြီး ထူးဆန်းတာက သူ့ခန္ဓာကိုယ်ကို ခြင်ကိုက်ခံတာပဲ။ အကောင်ပေါင်းမရေနိုင်တဲ့ခြင်တွေ သူ့ခန္ဓာကိုယ်ပေါ်ကိုက်နေတာကိုပဲ ကြီးမားတဲ့ဆုလာဘ်ကြီးတစ်ခုလို ခံစားနေတာ။ အဲဒါကြောင့်ပဲနေမှာပေါ့။ တို့မြို့ကိုရောက်လာတော့ အဲဒီကောင်လေးက ဝေဒနာတစ်ခုကို ပြင်းပြင်းထန်ထန်ခံစားနေရပြီ။ ဒါပေမဲ့ ကဗျာစပ်တာကို ဝါသနာပါပုံရတယ်ကွ။ သူ့ကြည့်လိုက်ရင် ဝေဒနာခံစားနေရတဲ့ကြားက ကဗျာစပ်နေတာပဲ။

နောက်ပြီး ကော့လုခ်က နက္ခတ်ဗေဒပညာရှင်။ တို့ရဲ့ နက္ခတ်ဗေဒဌာနကို သီအိုရီတစ်ခုပေးဘူးတယ်။ ဒါပေမဲ့ ဘာကိုရည်ရွယ်ပြီး ပေးမှန်းမသိဘူး။ နှစ်တော်တော်ကြာတော့ နေကြတ်တာကို ကြိုတင်တွက်ချက်လို့ရတဲ့ ကိရိယာ ('ဆင်ဒီနာ' အော်ရဲရီ)ဆိုတဲ့ ပစ္စည်းပေါ်လာတယ်။ အဲဒီတော့မှ ကော့လုခ်ပေးသွားတဲ့ သီအိုရီက အော်ရဲရီဖန်တီးဖို့ အခြေခံသီအိုရီဆိုတာ သိလိုက်ရတာ။

ဒီမြို့မှာ တစ်လလောက်နေပြီး ကော့လုခ်အသက် (၇၀) ပြည့်တဲ့နေ့မှာ ပြန်သွားတယ်ကွ။ သူ့ရဲ့ မူလရည်ရွယ်ချက်အတိုင်း လက်တွေ့ပဓာနဝါဒကို ဝါဒဖြန့်ဖို့အတွက်ပေါ့ကွာ။

ပြန်ခါနီးမှာ ငါ့ရဲ့ဘိုးတော်က သူ့ရဲ့လည်ပင်းမှာဆွဲထားတဲ့ ဆွဲကြိုးကိုချွတ်ပြီးတော့ ကော့လုခ်လည်ပင်းမှာ ဆွဲပေးလိုက်တယ်။ နက္ခတ်ဗေဒဌာနကလည်း တို့မြို့ကို သူတို့ရောက်လာတဲ့ သက္ကရာဇ် (၁၉၂၄) လို့ ရေးထိုးထားတဲ့ လက်စွပ်တစ်ကွင်းကို အမှတ်တရလက်ဆောင်အဖြစ်ပေးခဲ့တယ်။

သူတို့ကလည်း အမှတ်တရကဗျာတစ်ပုဒ် ရေးပေးတယ်ကွ။



ကော့လုခ်စပ်တဲ့ကဗျာတော့ မဟုတ်ဘူး။ သူနဲ့ပါလာတဲ့ ဝိုဒင်ဆိုတဲ့ကောင်လေးစပ်တဲ့ကဗျာ။ အဲဒီကဗျာကို ကော့လုခ်လည်း တော်တော်ကြိုက်ပုံရတယ်။ ဝိုဒင်ရေးမပေးနိုင်တော့လို့ ကော့လုခ်ကိုယ်တိုင် ရေးပြီးသားစာရွက်ထဲကနေ ကူးပေးတာ။ ကဗျာခေါင်းစဉ်က 'စိတ်ကြိုက်ဈာပန'တဲ့ ကဗျာလေးက တော်တော်ဝမ်းနည်းဖို့ကောင်းတယ်။ ဘဝမှာ ဘာတစ်ခုမျှ ပြည့်စုံမှုမရခဲ့သူတစ်ယောက်က သူ့ရဲ့နောက်ဆုံးဈာပနကို ဘဝရဲ့ တစ်ခုတည်းသော ပြည့်စုံမှုအဖြစ် မျှော်မှန်းပြီးရေးဖွဲ့ထားတာ။ သူအသေချင်ဆုံးပုံစံကို လွမ်းလွမ်းလေးရေးထားတာ။ သနားစရာပါကွာ။

ဝိုဒင်ဆိုတဲ့ကောင်လေး သူ့ဘဝသူနာကျည်းပြီး သူ့ရဲ့အဖြစ်ချင်ဆုံးဆန္ဒ၊ ရည်ရွယ်ချက်တစ်ခုအနေနဲ့ ရေးထားတယ်ထင်တာပဲ။

အဲဒီကဗျာကတော့ ဟောဒီအိမ်နံရံမှာ ရေးထားတဲ့ကဗျာပေါ့။ ကော့လုခ်လွှတ်လိုက်တယ်ဆိုတဲ့ ထူးထူးခြားခြား မိတ်ဆွေတွေမို့လို့ အမှတ်တရအနေနဲ့ ရေးပေးထားတာ။

ဘယ်လိုလဲ ကြိုက်ရဲ့လား . . . ။

• • •

"ဟုတ်တယ်တော့ . . . ဒီသစ်ပင်မှာလည်း ဖဲကြိုးချည်ထားတယ်"

အပြန်လမ်းတစ်လျှောက် ဒလိုင်းလာမာ (၀၁) ပဥ္စမမြောက် ဒလိုင်းလာမာပြောလိုက်သောစကားတို့ကို ပြန်လည်ကြားယောင်နေရာမှ ဂျူဂျူးစကားကြောင့် သစ်ပင်ကိုလှမ်းကြည့်လိုက်သည်။ ဟုတ်ပါ၏။ လမ်းနှင့်မနီးမဝေး ကိုင်းမှာချည်ထားသော ဖဲကြိုးအဝါရောင်လေး။

ဒီဖဲကြိုးလေးတွေသည် သူတို့လာတုန်းက ကော့လုခ်တို့ပိုနေရာဇရပ်မှာကျန်ခဲ့သော ဖဲကြိုးရောင်စုံလေးတွေဖြစ်ပါ၏။ ယခု ဒီဖဲကြိုးလေးတွေက အဘယ်ကြောင့် သစ်ပင်တွေပေါ်ချည်လျက်သား ရောက်နေရ



www.burmeseclassic.com

www.burmeseclassic.com

သနည်း။

မနေ့က သူ့အစ်ကို ခရစ်ပြောသည်ကို သိပ်မယုံချင်။ သူနှင့် ဂျူဂျူး ဘယ်ကိုထွက်ပြေးသွားမှန်မသိပဲနှင့် ဝင်ခွင့်မရမြို့ကို တန်းလိုက်လာသော အစ်ကိုဖြစ်သူအား တအံ့တသြမေးမိတော့ . . .

"လမ်းက သစ်ပင်တွေပေါ်ချည်ထားတဲ့ ဖဲကြိုးလေးတွေကိုကြည့်ပြီးလိုက်လာတာ"

ဟုပြောသည်။ အဲဒီတုံးက မယုံခဲ့။ ဒါပေမဲ့ အခုလက်တွေ့ဖြစ်နေပါပြီ။ ဒီဖဲကြိုးတွေကို ဘယ်သူလာချည်သွားတာလဲ။

အဖြေမရပေမဲ့ စိတ်ထဲက ဒီအဖြေကို သိနေသလိုရှိသည်။ ဓိနိ အိမ်နံ့ရုံမှကူးလာသော ကဗျာစာရွက်လေးအား စမ်းကြည့်လိုက်၏။ အိတ်ထဲတွင် ပုံမပျက်ရှိနေပါသေးသည်။

"အစ်ကို . . . ကျွန်တော်တို့နှစ်ယောက်ကို ခွဲဖို့လာခေါ်တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူးကွာ။ မင်းတို့နှစ်ယောက်ကို ပေးစားမလို့လာခေါ်တာပါ။ အခုဆို ဂျူဂျူးမိဘတွေဘက်ကလည်း နားလည်သွားကြပါပြီ"

ထိုစဉ် . . .

"ဟယ် . . . ဒီမှာလည်း ဖဲကြိုးလေး"

ဂျူဂျူးက လမ်းဘေးသစ်ပင်ပုပုလေးဆီသို့ ဝမ်းပန်းတသာပြေးသွားကာ ဖဲကြိုးလေးကိုဖြုတ်ယူသည်။ ရင်ထဲ၌ ခုနမေးခွန်းက ဒုတိယအကြိမ်မြောက်ပေါ်လာပါ၏။

"ဒီဖဲကြိုးလေးတွေကို ဘယ်သူချည်ထားတာလဲ"

ဘာပဲပြောပြော ရှေ့မှာ အဖြေတစ်ခုကိုတော့ ရေးရေးမြင်နေရသည်။ အဲဒါ လွန်ခဲ့သော ရက်အနည်းငယ်က သူတို့ဖြတ်ကျော်လာခဲ့သော လမ်းညွှန်ဆိုင်းဘုတ်လေးခု။ မကြာခင် ဇရပ်ရောက်တော့ပေမည်။

ဇရပ်အိုယိုင်နဲ့နဲ့က ခပ်လှမ်းလှမ်းကပင် လွမ်းဆွတ်သတိရဖွယ်ခြောက်ကပ်နေ၏။ တွယ်ကပ်နွယ်ပင်များနှင့် အရုပ်ဆိုးလှသည်။ လာ



တုန်းက မှောင်ကြီးထဲမို့ သတိမထားမိခဲ့ခြင်း ဖြစ်ရပေမည်။

ဒါပေမဲ့ သူတို့သတိထားမိခဲ့သော လူနှစ်ယောက်ကိုမတွေ့။

ကော့လုခ်နဲ့ ဝိုဒင်။ တွေ့လည်းတွေ့နိုင်တော့မည် မဟုတ်တော့ပါ။ ကြက်သီးမထပေမဲ့ ကျောထဲတော့စိမ့်သွားသည်။သူတို့ ချောက်ချားနေတာလား၊ မဟုတ်။ သတိရနေခြင်းပင်။

၁၉၂၄ ခုနှစ်မှာ ရောက်ခဲ့တယ်။

ယခုလက်ရှိ နှစ်ကာလက . . .

တော်တော်ဝေးသွားပါပြီ။

ပြီးတော့ အသက် (၇၀) ပြည့်တဲ့နေ့မှာ ပြန်သွားတယ်။

အပြင်းထန်ဆုံး ရောဂါခံစားနေရတဲ့ ဝိုဒင်။

ပြီးတော့ ဓိနိနှင့်ဂျူဂျူးဆုံတွေ့ခဲ့သည့် မိုးရွာသောညတစ်ည၏ ပြယုဂ်များက မျက်လုံးအိမ်ထဲတွင် ဓာတ်ပုံရိုက်ထားသလို တစ်ပြတ်ချင်းပေါ်လာသည်။

ချစ်တဲ့လူကို ချစ်လို့ခိုးပြေးလာတာ လက်တွေ့ကျပါတယ်ဆိုတဲ့ကော့လုခ်၊

ကရုဏာပြည့်ဝသော မျက်လုံးအိမ်တွေနှင့် အားတက်သရောကူညီခဲ့သော ကော့လုခ်၊

သူတို့အား ခွဲခွာခါနီးအချိန်မှာပင် ဆုံးမစကားတွေပြောကြားပေးခဲ့သည့် ကော့လုခ်၊

ပြီးတော့ ကျွန်တော်တို့ဇရပ်ပေါ်ကို မကြာခင် နောက်ထပ်ဧည့်သည်တွေ ရောက်လာတော့မယ်ဆိုတဲ့ ဝိုဒင်၊

ချစ်ခြင်းကိုခွဲမည့်လူများလက်မှ လွတ်စေခဲ့သော ဝိုဒင်၊

ဓိနိ မျက်ရည်ပင်ဝဲမိပါသည်။ ဂျူဂျူးကတော့ ရှိုက်သံမထွက်ပေမဲ့ တိုးတိတ်စွာငိုနေပါ၏။ သူတို့နှစ်ယောက်အပေါ် ဘာလို့ အဲသလောက်ကောင်းခဲ့ရတာလဲ။

ကော့လုခ်နှင့်ဝိုဒင်ကြောင့် သူတို့ ဝင်ခွင့်မရမြို့သို့ ရောက်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

ခွဲသူတွေလက်မှ လွတ်ခဲ့သည်။

လက်ဆက်ပွဲတော် ဝင်ပြိုင်ခွင့်ရခဲ့သည်။

ပြီးတော့ . . .

ဘာပဲပြောပြော ကော့လုခ်နှင့်ဗိုဒင်မှာ သူတို့နှစ်ဦး၏ကျေးဇူးရှင်။ မီနီ့အိတ်ထဲမှ ဗိုဒင်ရေးပေးခဲ့သည်ဟူသော ကဗျာစာရွက်လေးအား သတိတရထုတ်ကြည့်ရင်း မျက်ရည်တစ်စက်က မထိန်းနိုင်စွာကျလာသည်။

ခနော်ခနဲ့ မှတ်တိုင်အစား

ဝှါနလုံးသားတည့်တည့်ပေါ်

သစ်ရာတစ်ပင်လောက်စိုက်ပေးလျှင်ဖြင့်

သင့်တို့တာဝန်ကျေပါပြီ။

. . . တာဝန်ကျေပါပြီ။

ဇရပ်ညာဘက်ဘေးရှိ သစ်ရာပင်ကြီးကိုမော့ကြည့်ရင်း မီနီ့ရင်ထဲမှာ ငိုကြွေးမိသည်။ ဤသစ်ရာပင်ကြီးသည် ကော့လုခ်နှလုံးသားမှ ပေါက်သော အပင်လား၊ ဗိုဒင့်နှလုံးသားမှပေါက်သော အပင်လား။

ထိုစဉ်မှာပင် လေတစ်ချက် သွဲ့သွဲ့လေးတိုက်သွားသည်။ သစ်ရာရွက်ချင်းခတ်သံက မတိုးမကျယ် အော်မြည်သွားစဉ် . . .

"ဟင် . . . "

ဖဲကြိုးစလေးတစ်စ၊

ဘယ်ကလွင့်ပါလာမှန်းမသိသော ဖဲကြိုးစလေးတစ်စက . . .

သူတို့ရှေ့မှဖြတ်သန်းရင်း အဝေးတစ်နေရာဆီသို့ လွင့်သွားပါ၏။

လေဟုန်စီးရင်းပါသွားသော ဖဲကြိုးလေးက တစ်နေရာတွင် ရပ်သွားသည်။ ရေတွင်းပျက်ကြီးတစ်ခု။



တစ်စုံတစ်ခုသော ညှို့ယူမှုကြောင့် သူတို့တွေအားလုံး ထိုဖဲကြိုးလေးဆီသို့ လိုက်သွားမိစဉ်မှာပင် ဖဲကြိုးလေးက ရေတွင်းထဲသို့ကျသွားသည်။

အကုန်လုံး ရေတွင်းပျက်ကြီး၏ နှုတ်ခမ်းဝတွင်ရပ်ရင်း အောက်သို့ငုံ့ကြည့်မိလိုက်ကြတော့ . . .

"ဟာ . . . "

"ဟင် . . . "

"အို . . . "

ပြုတ်ကျသွားသော ဖဲကြိုးလေးအားတွေ့လိုက်ရလို့ အံ့ဩဒီလောက်အံ့ဩမသွားနိုင်ပါ။ ဒါဆို ဘာကိုတွေ့လိုက်သနည်း။

လက်တစ်ဖက်။

မြေကြီးထဲမှထိုးထွက်နေသော လက်တစ်ဖက်။ ဖဲကြိုးလေးက ထိုလက်ချောင်းပေါ်သို့ တင်နေပါ၏။

အရေ၊ အကြော၊ အသွေးအသားတွေနှင့် ပြည့်စုံနေသည်တော့ မဟုတ်ပါ။ ရာသီဥတု၏တိုက်စားမှုနှင့် ရှည်ကြာသော သက္ကရာဇ်တွေကြောင့် အရိုးဖြူဖြူမှာ ရေညှိခြောက်တွေနှင့်ရော၍ မြေကြီးရောင်ပေါက်နေပေပြီ။

နောက် ထိုလက်မှာ တံတောင်ဆစ်နေရာလောက်ဆီမှ မြေကြီးပေါ်သို့ လက်ဖျံနှင့်လက်ချောင်းတွေ ပေါ်နေခြင်းဖြစ်သည်။ အတိအကျပြောရလျှင် ညာဘက်လက်။

ရေတွင်းမှာ သိပ်မနက်လှသည့်အတွက် မီနီချက်ချင်းပင် ခုန်ဆင်းလိုက်ပါ၏။ ပြီးတော့ လက်ချောင်းတွေပေါ်မှာအုပ်နေသော ဖဲကြိုးစလေးကို ဖယ်လိုက်သည်တွင် . . .

"ဟင် . . . "

ဒိန်းခနဲခုန်သွားသော ရင်ခုန်သံတစ်ချက်၏ နောက်မှာ [illegible] တစ်ဖက်က အရိုးပြိုင်းနေသော လက်ချောင်းတစ်ခုပေါ် [illegible]



www.burmeseclassic.com

www.burmeseclassic.com

သည်။

သိပ်တော့မပီပြင်တော့ပါ။ ဒါပေမဲ့ တိကျသော အက္ခရာဂဏန်းကတော့ ထင်းနေပါ၏။

အဲဒါက . . .

'၁၉၂၄' ဟုရေးထိုးထားသော ပြုလုပ်ရာခုနှစ်စင်အမည်မဖော်နိုင်သည့် လက်စွပ်လေးတစ်ကွင်း။

ဇီနီ ဘယ်လိုမှမဖြေဆည်နိုင်အောင်ပင် ငိုချလိုက်ပါတော့သည်။ အောင်မြင်သူတစ်ယောက်၊ အရှိန်အဝါကြီးမားသူတစ်ယောက်၏ ဈာပနက ဤမျှ နံချာစုတ်ပဲ့စွာ ပြီးဆုံးခဲ့ရသည်လား။

ဤမျှ ဆိုးဝါးစွာ အဆုံးသတ်ခဲ့ရသည်လား၊

ရာစုနှစ်တစ်ခုနီးပါးလောက်ကို ကြာခဲ့ပြီဖြစ်သော သူတို့ကျေးရွာရှင်၏ နောက်ဆုံးခရီးမှာ . . .

ကယ်သူမဲ့ . . . အားကိုးသူမဲ့နှင့် ဤလို ရေတွင်းဟောင်းကြီးတစ်လုံးအတွင်း၌သာ . . .

ဖြည့်ဆည်းမနိုင်သော မျက်ရည်တွေအောက်မှာ ဇီနီ သွေးရူးသွေးတန်းဖြင့်ပြောရင်း မြေကြီးတွေကို ကုတ်ဆွမိတော့သည်။

"ရက်စက်လိုက်ကြတာဗျာ . . . ရက်စက်လိုက်ကြတာ"



အရယ်အပြုံးတွေကင်း
ဝမ်းနည်းမှုနဲ့ ငိုကြွေးမှုတို့ မရှင်သန်တဲ့နေရာ
ထာဝရဖြစ်တည်တဲ့နေရာမှာပဲ
ငါ့ခန္ဓာတစ်ကိုယ်လုံးကို တူးဆွယက်ဖော်ပေးပါ။

ငါ့ခေါင်းတည့်တည့်ကို နေမင်းဖုံးတဲ့အချိန်
လေအေးတစ်ချက် တို့ဝိုက်တဲ့အချိန်
အဲဒီအချိန်မှာ အားလုံးပြုံးရယ်ရင်း
ငါ့ကို မြေမြှုပ်ပေးကြပါတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

နေလုံးက သူတို့အားလုံး၏ ခေါင်းတည့်တည့်ပေါ်သို့ ရောက်နေပါပြီ။ ဒါပေမဲ့ သူတို့ခန္ဓာဆီသို့ နေမင်း၏အရောင်အဝါတွေ ရောက်မလာ။

သူတို့တွေအားလုံး သစ်ရာပင်ကြီးအောက်သို့ ရောက်နေကြသည်။ ရှေ့တွင် တစ်ကိုယ်စာယက်ဖော်ထားသော ဌာနတစ်ခုထဲမှ ကော့လုခ်။

ဝိုဒင်၏နှလုံးသားမှပေါက်သော သစ်ရာပင်၏ အောက်တွင်ဖြစ်သည်။ ဇီနို၏လက်တွင်း၌ မြေတစ်ဆုပ်ကိုင်ထားသည်။ ဂျူဂျူး၏လက်တွင်း၌ သစ်ရာပင်ပေါက်တစ်ပင် ကိုင်ထားသည်။

ထိုစဉ် လေအေးတစ်ချက်က လွမ်းလွမ်းဆွေးဆွေး တိုက်ခတ်လိုက်ပါ၏။ ဇီနို မျက်နှာပြုံးသွားသည်။ ကျန်သူအားလုံးတို့၏မျက်နှာများလည်း ပြုံးသွားမည်ထင်သည်။

ထိုအပြုံးတွေက သတိရခြင်းမှပွင့်ဝေသည့် အမှတ်တရအပြုံး။

လွမ်းဆွေးခြင်းမှပွင့်သည့် နှစ်သိမ့်ကျေနပ်ပြုံး။

ဇီနို လက်ထဲမှမြေတစ်ဆုပ်အား အဘိုးအိုကော့လုခ်ပေါ်သို့ ကျဲချပေးလိုက်ပါတော့သည်။

"ငွတ်ဘိုင် ကော့လုခ် . . . နောက်ကမ္ဘာသစ်မှာပဲ ပြန်ဆုံကြရအောင်"



# XXIV

"ဘာတွေတွေးနေတာလဲ ဘကြီး"

"ဪ . . . ဘာမှမဟုတ်ပါဘူးကွာ။ မင်းနဲ့ငါတွေ့ခဲ့တဲ့အချိန်တွေကို ပြန်တွေးကြည့်နေတာ။ အဲဒီတုန်းက ၁၉၂၀ ခုနှစ်ပဲ ရှိသေးတယ်နော်။ မင်းက (၁၃) နှစ်။ အခုဆိုရင်တော့ ရာစုနှစ်တစ်ခုစာလောက်တို ကြာသွားခဲ့ပြီပေါ့ကွာ"

ထိုသို့ပြော၍ လုခ်အဘိုးအိုက တစ်နေရာကိုငေးသွားသည်။ သူလည်း ငြိမ်သွားပါ၏။ တအောင့်ကြာမှ လုခ်အဘိုးအိုကို မော့ကြည့်ရင်း . . .

"ကျွန်တော် တာဝန်ကျေပါတယ်နော် . . . ဘကြီး"

လုခ်အဘိုးအိုက သူ့စကား၏အဓိပ္ပာယ်ကို သဘောပေါက်စွာ နှစ်နှစ်ခြိုက်ခြိုက်ပြုံးပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"တာဝန်ကျေပါတယ်ကွာ။ အခုဆိုရင် မင်းနဲ့ငါ ဘဝတူဖြစ်သွားပါပြီ။ မင်းရဲ့ကျေးဇူးကြောင့် အမြဲတမ်းအေးနေတဲ့ ငါ့လက်တစ်ဖက်လည်း မအေးတော့ပါဘူး။ မြေငွေ့နဲ့ နွေးသွားပါပြီ"

လုခ်အဘိုးအို၏စကားကြောင့် ဇိနို အားရပါးရပြုံးဖြစ်သည်။ တစ်ဘဝတာကျေးဇူးရှင်အတွက် တစ်ခုတည်းသော သူ၏ကျေးဇူးပြုမှုပင် မဟုတ်ပါလား။

နောက်တော့ လေတိုးသံတရှဲရှဲကိုနားထောင်ရင်း သူတို့တွေ ကိုယ်စီကိုယ်စီ ငြိမ်သွားမိကြပါ၏။ ဒါပေမဲ့ သိပ်မကြာလိုက်ပါ။

တစ်ခုသောကြက်တွန်သံ၏နောက်မှာ လုခ်အဘိုးအိုက သူ့ဘက်သို့လှည့်ရင်း . . .

"အချိန်ကျပြီ။ ဝိုဒင် သွားရအောင်"

"ဘယ်ကိုလဲ"

"ဟိုမှာ ရောင်နီလာပြီလေ"

"ဩော် . . . "

⁂



# THE LAST CUT

**(or)**

**XXV**



www.burmeseclassic.com

www.burmeseclassic.com

ကြီးမားခန့်ထည်သော တံခါးကြီးနှစ်ချပ်က 'ဂုန်း'ခနဲပွင့်သွားလေသည်။

"ဝင်ခွင့်မရမြို့မှ ကြိုဆိုပါတယ် ခင်ဗျာ"

သံပြိုင်ထွက်လာသော ဖိတ်ခေါ်သံများ။

ယခုတော့ ခီနီနှင့်ဂျူဂျူးမှာ အရင်တုန်းကလို ဧည့်သည်တွေ မဟုတ်တော့ပါ။

ဝင်ခွင့်မရမြို့၏ မြို့သူမြို့သားတွေ ဖြစ်သွားကြပါပြီ။

အကြောင်းကား . . .

"ကို . . . တို့တွေ မြန်မြန်သွားရအောင်။ ဟိုမှာ အိမ်လေးက တို့နှစ်ယောက်ကို မျှော်နေတယ်"

သိုးဆောင်း

မြန်မာစံတော်ချိန် မှန်းတည့်
ဆယ့်နှစ်နာရီတိတိ ရှိပါပြီခင်ဗျာ။



တောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေး မသာယာသဖြင့် နိုင်ငံခြားသားများ အရောက်နည်းပါးကာ ပြင်ပနိုင်ငံများနှင့်ဆက်သွယ်မှု ကင်းကွာခဲ့သည်။ တိဗက်ပြည်၏ မြို့တော်ဖြစ်ပြီးလျှင်များမကြာလှသေးသည့်အချိန်အထိ မြို့တွင်းသို့ နိုင်ငံခြားသားလူဖြူများ အလွယ်တကူဝင်ရောက်နိုင်ခြင်းမရှိသောကြောင့် 'လာဆာမြို့' ကို 'ဝင်ခွင့်မရမြို့'ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

(မြန်မာစွယ်စုံကျမ်း အတွဲ-၁၂ ၊ စာ -

www.burmeseclassic.com